# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၈) ရက် ၊ သောကြာနေ့ ၊ (12-5-2023) ၊ အတွဲ (၃၂)၊ အမှတ် (၀၁၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ကျိုင်းတုံလေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့် ကျိုင်းတုံဟော်နန်း ပုံစံတူတည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတုံလေဆိပ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့် ကျိုင်းတုံဟော်နန်းပုံစံတူတည်ဆောက်နေမှုအခြေအနေများကို

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၁၉ ခုနှစ် မေ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# အခက်အခဲအကျပ်အတည်းများကြား၌ ရှင်သန်ခြင်း

လူ့အဖွဲ့အစည်းတစ်ရပ်လုံး အေးချမ်းသာယာနေချိန်တွင် မိမိတို့လူမှုဘဝများကို အလွယ်တကူ ကောင်းမွန်စွာတည်ဆောက်နိုင်ကြသည်ကို တွေ့နိုင်သည်။ လူမှုဘဝတစ်ခုကို ကောင်းမွန်အောင် တည်ဆောက်ခြင်းသည် မိမိ၏လက်ရှိဘဝကို တည်ဆောက်နေခြင်းဖြစ်သကဲ့သို့ မိမိ၏မိသားစုဘဝကို တည်ဆောက်ခြင်းလည်းဖြစ်ကြောင်း သတ်မှတ်ပြောဆိုနိုင်သည်။

မိသားစုဘဝကို တည်ဆောက်ကြရာတွင် တစ်ဦးအခက်အခဲကို တစ်ဦးကကူညီဖြေရှင်းခြင်း၊ တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ခြင်း၊ တစ်ဦးအကျိုးစီးပွားကို တစ်ဦးက ရှေးရှုခြင်းတို့ဖြင့် ဆောင်ရွက်ကြသည်။ ၎င်းသည် အောင်မြင်သောမိသားစုဘဝတစ်ခုကို တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်သဖွယ်ဖြစ်သည်။

ထိုသို့ မိသားစုဘဝများကို ရှင်သန်နိုင်ရန်တည်ဆောက်ကြရာတွင် လူ့အဖွဲ့အစည်းတစ်ရပ်လုံး တည်ငြိမ်အေးချမ်းနေသောအချိန်တွင် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်ကိုလည်း သိနိုင်သည်။ ထိုသို့မဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ရပ်လုံး တည်ငြိမ်အေးချမ်းမှုဆုတ်ယုတ်ကင်းမဲ့နေချိန်တွင် မိသားစုဘဝများသည် အခက်အခဲအကျပ်အတည်းများကြား၌ ရှင်သန်နေထိုင်နိုင်ရန် ကြိုးပမ်းကြရပြန်သည်ဖြစ်ရာ မည်မျှပင်ပန်းဆင်းရဲမည်ကို ခန့်မှန်းကြည့်နိုင်သည်။

လူမှုဘဝများ အခက်အခဲအကျပ်အတည်းများကြား၌ ရှင်သန်နေကြရချိန်များက မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်ရပ်များအသီးသီး၌ရှိနေကြောင်းကို လေ့လာကြည့်လျှင်သိရှိနိုင်ပေသည်။ "လူ၏အသက်ထက် အရေးကြီးတာဘာမျှမရှိ" ဟူသော စကားရပ်နှင့်အညီ မိမိတို့အသက်ရှင်ရပ်တည်နေနိုင်ရန်အတွက် မည်သည့်အခြေအနေမှာပင်ဖြစ်စေ ကြိုးပမ်းကြရပေသည်။ အခက်အခဲအကျပ်အတည်းများ၌ပင် ရပ်တည်ရှင်သန်နေနိုင်သူများသည် အဆိုပါအခက်အခဲအကျပ်အတည်းများ တဖြည်းဖြည်းကင်းစင်ပျောက်သွားသောအခါ မိမိတို့၏လုပ်ငန်းတာဝန်အသီးသီးကို ပိုမိုအားစိုက်လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သလို မျှော်လင့်ချက်အသီးသီးလည်း ပေါ်ပေါက်လာမည်ကို တွေ့နိုင်သည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံး တည်ငြိမ်အေးချမ်းနေချိန်ရောက်လာပြီဆိုလျှင် အခက်အခဲအကျပ်အတည်းများကြား၌ ရှင်သန်နေထိုင်ခဲ့သူများအဖို့ ပိုမိုလွယ်ကူအဆင်ပြေစွာဖြတ်သန်း၍ ရည်မှန်းချက်အသီးသီးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

ယခုလက်ရှိအချိန်ကို လူ့အဖွဲ့အစည်းတစ်ရပ်လုံး အခက်အခဲအကျပ်အတည်းများကြား၌ ရှင်သန်နေရချိန်ဖြစ်သည်ဟုဆိုနိုင်သလို အဆိုပါအခက်အခဲအကျပ်အတည်းများ တစ်စတစ်စပြေလျော့ကင်းစင်ပပျောက်သွားရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြချိန်လည်းဖြစ်သည်ဟု သတ်မှတ်ပြောဆိုနိုင်ပေသည်။

မိမိတို့လူ့အဖွဲ့အစည်းသည် ရင့်ကျက်သောအတွေ့အကြုံများစွာရှိခဲ့ပြီးဖြစ်သလို အဆိုပါအတွေ့အကြုံများမှ သင်ခန်းစာယူ၍ ပိုမိုကောင်းမွန်သောအလားအလာနှင့် မျှော်လင့်ချက်များကို ဖန်တီးနိုင်မည့်လမ်းစပေါ်သို့ ခြေချနိုင်ပြီဖြစ်သည်။

သို့ဖြစ်ပေရာ လူမှုဘဝများအသီးသီးအနေဖြင့် မိမိတို့လူ့အဖွဲ့အစည်းကို အခက်အခဲအကျပ်အတည်းများကြား ကျရောက်စေမည့်လုပ်ရပ်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊ အားပေးခြင်းမပြုဘဲ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်သည့် လက်ရှိဆောင်ရွက်ချက်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မြဝတီဈေးကွက်သို့ တင်ပို့ရောင်းချသည့်ငရုတ်သီးများ ဈေးကောင်းရရှိနေ



**မန္တလေး မေ ၁၁**

ယခုနှစ်ထွက်ရှိလာသည့် ငရုတ်သီးများ မြဝတီဈေးကွက်သို့တင်ပို့ရောင်းချရာတွင် ဈေးကောင်းရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြ၍ သိရသည်။

ယခုအခါ ကျောက်ဆည်နယ်ဘက်နှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ထွက်ရှိသည့် ငရုတ်သီးများကို မြဝတီဈေးကွက်သို့ တစ်ရက်လျှင် ၁၂ ဘီးကား ၁၅ စီးခန့် တင်ပို့ရောင်းချနေကြောင်း၊ ထိုသို့တင်ပို့ရောင်းချရာတွင် ရှစ်ကီလိုဂရမ်ခြင်းတစ်ခြင်းလျှင် ငွေကျပ် ၂၄၀၀၀ ဈေးဖြင့် ရောင်းချနေရကြောင်း သိရသည်။

"အခုချိန်မှာတော့ မြဝတီမြို့ ဈေးကွက်ကို ငရုတ်သီးတွေတင်ပို့ရောင်းချနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာ ကျောက်ဆည်နယ်ဒေသကထွက်တဲ့ ငရုတ်သီးတွေကို အဓိကထား တင်ပို့ရောင်းချနေပါတယ်။ ရောဝတီတိုင်းဒေသကြီးဘက်ကတော့ ငရုတ်အကြွင်းအကျန်တွေလောက်ပဲ တင်ပို့ပါတယ်။ မြဝတီမြို့အရောက်ကို ငရုတ် ရှစ်ကီလိုဂရမ်တစ်ခြင်းကို ငွေကျပ် ၂၄၀၀၀ ဈေးနဲ့ ရောင်းချရပါတယ်။ ဈေးကောင်းတွေ ရရှိနေကြပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာ တစ်ရက်ကို ၁၂ ဘီးကား ၁၅ စီးလောက်ရှိပါတယ်။ ကျန်နယ်တွေကပါ ငရုတ်သီးတွေ ထွက်ရှိလာပြီဆိုရင် တရုတ်နိုင်ငံဈေးကွက်ကိုလဲ တင်ပို့ရောင်းချသွားမှာပါ။ လက်ရှိမှာတော့ မြဝတီဈေးကွက်ကို တင်ပို့ရောင်းချနေတာပါ"ဟု ဒေါ်ဥမ္မာကျော်က ပြောပြသည်။

ငရုတ်ကို ရောဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။ (၁၈၅)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး မေ ၁၁**

ယခုတစ်ပတ်အတွင်း စလစ်ကပ်ကားများမှ တိုယိုတာဝှစ်ရှ်၊ ကလူဂါကားများ အရောင်းအဝယ်ရှိလာပြီး ဖရီးပါမစ် ဖွိုင့်သရီးကားလေးများဖြစ်သည့် နံပါတ်ထွက်ပြီးသား ကားဟောင်းများလည်း အရောင်းအဝယ်ရှိနေကြောင်း မန္တလေး ကားဈေးကွက်အတွင်းမှ သိရသည်။

နံပါတ်ထွက်ပြီးသား ကားဟောင်းများမှ ဟွန်ဒါဖစ်၊ ဆူဇူကီးဆွစ်၊ တိုယိုတာဗစ် စသည့်ကားများ အရောင်းအဝယ်ရှိနေပြီး ဈေးနှုန်းများလည်း မြင့်လာကြောင်း၊ စလစ်ကပ်ကားများ ဈေးမြင့်လာပြီး ဈေးကွက်အတွင်းရှိ မော်တော်ယာဉ်မျိုးစုံ ဈေးမြင့်တက်မှုရှိကြောင်း သိရသည်။

ကားဈေးကွက်အတွင်း အရောင်းအဝယ်ပိုင်းအနေဖြင့် ယခင်ကဲ့သို့ အရောင်းအဝယ်ဖြစ်နေမှုမျိုးမဟုတ်သော်လည်း ပုံမှန်အရောင်းအဝယ်ရှိလာပြီး ကားဈေးနှုန်းများတည်ငြိမ်စပြုလာကြောင်း၊ ငွေကျပ်သိန်း ၃၅၀ ခန့် ဈေးတန်းရှိ ကားလေးများလည်း အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ကားဈေးကွက်အတွင်း စလစ်ဖြစ်မည့်အပ်ကား ရှားပါးလာမှုကြောင့် စလစ်ဈေးနှုန်းများ မြင့်တက်လာကြောင်း၊ စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်း အမျိုးအစားများ ငွေကျပ် လေးသိန်းခန့်ဆိုင်ကယ်များ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထိုသို့ တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ် ပြန်ရှိလာသော်လည်း ရောင်းချလိုသူများနေကြောင်း၊ အသစ်ဘီးများမှာ အဝယ်နည်းပြီး အရောင်းအဝယ် အေးနေဆဲဖြစ်ကြောင်း၊ ဆိုင်ကယ်အရောင်းအဝယ်များ အေးနေမှုကြောင့် ဈေးတန်းမြင့် တစ်ပတ်ရစ်ဘီးများကိုဝယ်ယူထားသူများသည်လည်း ဈေးလျှော့ရောင်းချနေရကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ၃၃ သိန်းမှ ၄၅ သိန်း ၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့်၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၁ သိန်းမှ သိန်း ၄၀ ခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ်အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိနေကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှသိရသည်။ (၁၇၃)

# အိန္ဒိယနိုင်ငံက ပြန်လည်ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်အတွင်း မြေထောက်ပဲများ ဈေးကောင်းရရှိလာ

**မန္တလေး မေ ၁၁**

အိန္ဒိယနိုင်ငံက ပြန်လည်ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်အတွင်း မြေထောက်ပဲများ ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြေထောက်ပဲများကို ပြည်ပနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က အများဆုံးဝယ်ယူလျက်ရှိကြောင်း၊ မေလ ဒုတိယပတ်က မြေထောက်ပဲများကို ပြည်ပနိုင်ငံအပြင် ပြည်တွင်းကပါ အဝယ်နည်းပါးခဲ့ခြင်းကြောင့် ဈေးကောင်းမရရှိခဲ့ကြောင်း၊ ယခုအခါ မြေထောက်ပဲများကို ပြည်ပနိုင်ငံများအပြင် ပြည်တွင်းကပါ ဝယ်ယူမှုများလာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မြေထောက်ပဲတွေကို အခု အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ဝယ်ယူတာတွေ များလာပါတယ်။ ဒီလိုဝယ်ယူမှု များလာတာကြောင့် မန္တလေးဈေးကွက်အတွင်းမှာလဲ မြေထောက်ပဲတွေ ဈေးကောင်းပြန်ရလာပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း မေလ ပထမပတ်က မြေထောက်ပဲ ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ ပေါက်ဈေးအရ မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ ထိ ဈေးရှိပြီး ဈေးကောင်း ရရှိလာကြောင်း သိရသည်။

"မြေထောက်ပဲဈေးနှုန်းကတော့ ပုံမှန်အနေအထားမှာ မရှိဘူးလို့ ပြောလို့ရတယ်။ ပြည်ပကအဝယ်လိုက်ရင်လိုက်သလို ဈေးကောင်းရတယ်။ အခုမြေထောက်ပဲတွေကို ပြည်ပနိုင်ငံတွေက ကြိုက်နှစ်သက်မှုရှိတာကြောင့် အရောင်းအဝယ်ကောင်းနေပြီး ဈေးကလဲတော်တော်လေးကောင်းနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၄၅၇၃ ဧက စိုက်ပျိုးပြီးစီး

**ယင်းမာပင် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၄၅၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်းဧက ၃၀၀၀ ကျော် စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလကစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေနှမ်း ၄၅၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင်မှာ နွေနှမ်းဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိနွေနှမ်း ၄၅၇၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် နွေနှမ်းစိုက်ပျိုးမှုကတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းနစ်တွေနဲ့ စိုက်ပျိုးဖို့ အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် နွေနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၄၈၀၊ ဆားလင်းကြီးမြို့နယ်တွင် ၈၈၈ ဧက၊ ပုလဲမြို့နယ်တွင် ၁၂၀၅ ဧက စုစုပေါင်း ၄၅၇၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ယင်းမာပင် ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယာဉ်ပိုင်ရှင်များ ဖောင်းကြွနံပါတ်ပြားပုံစံသစ် လာရောက်ထုတ်ယူနိုင်

**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယာဉ်ပိုင်ရှင်များအနေဖြင့် ဖောင်းကြွနံပါတ်ပြားပုံစံသစ်ကို အမြန်ဆုံး လာရောက်ထုတ်ယူနိုင်ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါယာဉ်ပိုင်ရှင်များအနေဖြင့် ဝယ်ယူထားပြီးဖြစ်သည့်ဖောင်းကြွနံပါတ်ပြားပုံစံသစ်များ လာရောက်ထုတ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ ခရိုင်ရုံး(စစ်ကိုင်း)နှင့် ခရိုင်ရုံး(ရွှေဘို)တို့၌ ရုံးပိတ်ရက်များဖြစ်သည့် မေ ၁၃ ရက် စနေနေ့နှင့် မေ ၁၄ ရက် တနင်္ဂနွေနေ့တို့၌ ဝန်ထမ်းများက အချိန်ပိုဆင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြား ပုံစံအသစ်များကို ယာဉ်ပိုင်ရှင်များအနေဖြင့် မိမိတို့၏သက်ဆိုင်ရာခရိုင်ရုံးများတွင် အမြန်ဆုံးလာရောက် လဲလှယ်ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

(၁၈၅)

# ငပုတောမြို့နယ်ရှိ မဟာမကုဋရုံသီဆံတော်ရှင်မြတ်မော်တင်စေတီတော်သို့ ယခုနှစ် ဧပြီလအတွင်း ဘုရားဖူးညသည်ဦးရေ ၇၉၇၀၀ လာရောက်ဖူးမြော်



**ငပုတော မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီးပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်သို့ ယခုနှစ် ဧပြီလအတွင်း ဘုရားဖူးညသည်ဦးရေ ၇၉၇၀၀ ထိ လာရောက်ဖူးမြော်ခဲ့ကြောင်း မြတ်မော်တင်စေတီတော် ဂေါပကအဖွဲ့ဝင် ဦးကျော်စွာဝင်းက ပြောပြ၍ သိရသည်။

မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်သို့ ပြီးခဲ့သည့် မတ်လအတွင်းက ဘုရားဖူးညသည် ၄၁၁၅၅ ဦးထိသာ လာရောက်ဖူးမြော်ခဲ့ပြီး ယခုနှစ် ဧပြီ ၁ ရက်မှ ၃၀ ရက်ထိဘုရားဖူးညသည် ဦးရေ ၇၉၇၀၀ ထိ လာရောက်ဖူးမြော်ခဲ့ကြောင်းသိရသည်။

"မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်ကို ဘုရားဖူးတွေ အများအပြားလာရောက်ဖူးမြော်ခဲ့ပါတယ်။ ဧပြီလအတွင်းမှာ ဘုရားဖူးညသည် အယောက်ခုနစ်သောင်းကျော်ထိ လာရောက်ဖူးမြော်ခဲ့ပါတယ်။ စေတီတော်ကို လာရောက်ဖူးမြော်တဲ့ ဘုရားဖူးညသည်တွေထဲမှာ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းက အများဆုံးဖြစ်ပါတယ်။ ဘုရားဖူးတွေ အစစအရာရာ အဆင်ပြေစေဖို့အတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ ဘုရားဖူးတွေလဲအခက်အခဲ တစ်စုံတစ်ရာမရှိဘဲ လာရောက်ဖူးမြော်နေပါတယ်"ဟု မြတ်မော်တင်စေတီတော် ဂေါပကအဖွဲ့ဝင် ဦးကျော်စွာဝင်းက ပြောပြသည်။

မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်သို့ ဧပြီလအတွင်း လာရောက်ဖူးမြော်သည့် ဘုရားဖူးများသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အများဆုံးဖြစ်ကြောင်း၊ အဆိုပါ မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်သို့ လာရောက်ဖူးမြော်သည့် ဘုရားဖူးများအဆင်ပြေစေရန် ကမ်းရိုးတန်းရေယာဉ်များ၊ ခရီးသည်တင်မော်တော်ယာဉ်များ၊ ခေါက်တိုမော်တော်ယာဉ်များ၊ သုံးဘီးယာဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း မြတ်မော်တင်စေတီတော် ဂေါပကအဖွဲ့ဝင် ဦးကျော်စွာဝင်းကပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုးမိတ်ခရိုင်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဖွင့်

**မိုးမိတ် မေ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားတိုးတက်လာစေရန်ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဖွင့်ပွဲကို မေ ၁၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များ ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာများက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းနှင့် တာဝန်ရှိသူများက သင်ထောက်ကူ စာအုပ်များကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အခြေခံအင်္ဂလိပ်စကားပြောသင်တန်းသို့ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်ဆရာများက အင်္ဂလိပ်စာအခြေခံအဆင့် 4 Skills Reading၊ Writing၊ Listening၊ Speaking သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် မေ ၁၀ ရက်မှ ဇွန် ၈ ရက်ထိ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ပုဏ္ဏားကျွန်းမြို့နယ် ခြသေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှားအကြိမ်ထုတ်ချေး

**ပုဏ္ဏားကျွန်း မေ ၁၁**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ခြသေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ အငှားအကြိမ် ထုတ်ချေးခြင်းကို မေ ၁၀ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးပုချေက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများ ထားရှိရမည့်ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးဦးပုချေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ခြသေ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၂၃ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကိုငွေကျပ် ၁၂ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၅ ဒသမ ၈ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသန်း**



# စာမဖတ်သူပပျောက်ရေးနှင့် အားကျအတုယူဖွယ်ခေတ်မီတက်ကျမ်းများ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ . . . **"စာမတတ်လို့ စာကိုသင် စာကိုမြင်မှ မိုက်မှန်းသိ"**ဆိုတဲ့စကားဟာ တော်တော် မှန်နေတာပဲကွာ"

"နေစမ်းပါအုံး မင်းက ဘာကိုညွှန်းဆိုပြော ချင်တာလဲ"

"မင်း စဉ်းစားကြည့်လေ၊ ခေတ်ပညာတတ် အချို့လူငယ်လေးတွေ မူးယစ်ဆေးစွဲနေကြတာတွေ၊ သောက်စားမူးယစ်ရမ်းကားနေကြတာတွေ၊ မင်းတို့ စာပေအနုပညာရှင်နယ်ပယ်ထဲမှာလဲ တချို့ဟာ သူများတွေကိုသာ ပညာပေးနေကြတယ်။ ကိုယ်တိုင်က တော့ အပြောတစ်မျိုး အလုပ်တခြားနဲ့ အကျင့်စာရိတ္တ ခြစားနေကြတယ်မဟုတ်လား။ **"ဘုန်းကြီးတစ္ဆေ၊ ပရိတ်ရေ မကြောက်"**၊ **"ကျွဲပါးစောင်းတီး အချည်းနှီး"** ဆိုသူမျိုးတွေပေါ့ကွာ"

"မင်းက အခုမှလာပြီး ဒါမျိုးတွေကို အဆန်းလုပ်နေ လို့ကွာ။ ဟိုးရှေးခေတ်ပဝေသဏီကတည်းက လူကောင်း နဲ့လူမိုက်၊ လူရိုးနဲ့ လူဆိုးဆိုတာရှိနေခဲ့တာပဲကွာ"

"ငါက ငါ့ရှေ့မှာ အရွယ်မတိုင်ခင် ကြွေလွင့်သွားကြ ရတဲ့ လူငယ်လူရွယ်လေးတွေကိုကြည့်ပြီး စာနာစိတ် နဲ့ ရင်နင့်လွန်းလို့ ကရုဏာဒေါသောနဲ့ ပြောနေရတာ ပါကွာ။ အရက်သောက်လွန်းလို့ အိုတဲ့အရွယ်ထိ မနေ ကြရဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးသွားကြရသူတွေ အတွက် အရက်ဟာ **"မအိုဆေး"**၊ ဆိုင်ကယ်တွေကို မူးယစ်သောက်စားရမ်းကားပြီး အဆင်အခြင်မဲ့ စီးနေ ကြသူတွေ၊ နေ့မြင်ညပျောက်၊ ညမြင်နေ့ပျောက် သေဆုံးသွားကြရသူတွေအတွက် ဆိုင်ကယ်ဟာ **"မအို ယာဉ်"**လို့ မင်းတင်စားညွှန်းဆိုထားတာလေကွာ"

"မင်းတို့စာပေ အနုပညာနယ်ပယ်ထဲမှာပဲကြည့်ပါ အုံး၊ နှမြောစရာကောင်းတဲ့ စာပေပညာရှင်တချို့၊ ရုပ်ရှင်အနုပညာရှင်တချို့၊ ဂီတပညာရှင်တချို့ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့သေဆုံးသွားကြရတယ်။ ဘာကြောင့် လဲ။ ဒါတွေကို မင်းသိပါတယ်ကွာ၊ စာတတ်ပေတတ် သမားတွေဖြစ်ကြပေမဲ့ စွဲလမ်းမှုတဏှာကြောင့် သေ မင်းက အနိုင်ယူသွားတာကွ"

"အေးပါကွာ **"အလိမ္မာ စာမှာရှိ"**ဆိုတဲ့စကားက စာပေမျိုးစုံကို ဖတ်ရှုမှတ်သား ကြိုးစားပြုပြင်ကြမယ် ဆိုရင် ဘဝရဲ့တိုးတက်ကြီးပွားရာကြီးပွားကြောင်းတွေ ကို တတ်သိလိမ္မာ၊ ကျွမ်းကျင်လာမယ်လို့ အဆိုရှိပေမဲ့ မင်းပြောတဲ့လူတွေကတော့ အလိမ္မာဟာ သူတို့မှာမရှိ ဘဲ စာအုပ်စာပေထဲမှာပဲရှိနေတယ်လို့ ခံယူထားကြတဲ့ လူအန္ဓတွေပဲကွ။ အလိမ္မာဟာ သူတို့မှာမရှိဘဲ စာမှာပဲ ရှိနေကြလို့ အရွယ်မတိုင်ခင်မှာပဲ မေ့မှိန်ပျောက်ကွယ် သေဆုံးလွယ်နေကြတာပေါ့ကွာ"

"စာမဖတ်သူဟာ မျက်မမြင်နဲ့တူတယ်။ စာဖတ် တတ်ပါလျက်နဲ့ စာမဖတ်သူဟာ အသွားရှိပါလျက် နဲ့ မခုတ်ဘဲထားတဲ့ဓားနဲ့တူတယ်။ စာဖတ်ကြပေမဲ့ မှတ်သားနာယူခြင်းမရှိသူဟာ ရေပြင်မှာရေးထားတဲ့ အရုပ်နဲ့တူတယ်။ စာဖတ်ပြီး မှတ်သားထားပေမဲ့ ကျိုး ကြောင်း မှန်၊ မှား မစဉ်းစားသူဟာ အစာအာဟာရကို ညက်ညက်ဝါးမစားဘဲ မျိုချနေသူနဲ့တူတယ်။ ကျိုး ကြောင်းမှန်၊ မှားစဉ်းစားပြီး အမှန်ကိုသိနေပါလျက်နဲ့ လက်ခံကျင့်သုံးခြင်းမရှိသူဟာ ဟင်းလျာရဲ့အရသာကို မြည်းစမ်းကြည့်ပြီး ကောင်းမှန်းသိပါလျက်နဲ့ မစားသုံး သူနဲ့တူတယ်"လို့ **"ဗုဒ္ဓလောကစာစောင်"**ထဲမှာ ဖော်ပြ ထားသလိုပဲ မင်းပြောတဲ့လူတွေဟာ တူနေတယ်ကွ"

"စာပေရဲ့ ကျေးဇူးကြောင့် တိုးတက်ကြီးပွားခဲ့ကြ တဲ့ ကမ္ဘာကျော်သူဌေးကြီးတွေရှိခဲ့ကြသလို မြန်မာ သူဌေးကြီးတွေလဲ ရှိခဲ့တယ်ကွ။ **"ဒေါက်တာဆင်မြူရယ် စမိုင်း"**ရဲ့ **"ကိုယ့်ထူးကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုး"** စာအုပ်ကို **"လေ့လီးဗားဟုမ်း"**က ဖတ်ရှုမှတ်သား ကြိုးစားလိုက်တာ ကမ္ဘာကျော်ဆပ်ပြာသူဌေးကြီး လော့ လီးဗားဟုမ်းရယ်လို့ နာမည်တွင်သွားခဲ့တယ်။ ခြောက် ကုဋေရှစ်သန်းတန် လီဗားဆပ်ပြာကုမ္ပဏီကို ပိုင်ဆိုင် လိုက်လို့ အဲဒီစာအုပ်ကို ခြောက်ကုဋေတန်တယ်လို့ တန်ဖိုးထားဂုဏ်ပြုခဲ့တယ်"

"အဲဒီလိုပဲ **"ကမ္ဘာကျော် သံမဏိသူဌေးကြီး အင် ဒရူးကာနယ်ဂျီ"**ဟာ စာအုပ်စာပေရဲ့ကျေးဇူးကြောင့် သူ့ဘဝကြီးပွားမြင့်မားလာလို့ သူစည်းစိမ်တစ်ဝက်ကို စာကြည့်တိုက်ပေါင်း ၁၆၀၀ ကျော် တည်ထောင်လှူဒါန်း ကျေးဇူးတုံ့ပြန်ဂုဏ်ပြုခဲ့တယ်"

**"ကမ္ဘာကျော် မော်တော်ကားသူဌေးကြီး ဟင်နရီ ဖို့ဒ်"**ဟာ နာရီစက်တွေ တီထွင်လုပ်ကိုင်ဖို့ ကြံစည်နေ တုန်းမှာ ပြင်သစ်လူမျိုး ဆောင်းပါးရှင်တစ်ယောက် ရေးသားထားတဲ့ **"မြင်းမဲ့ရထား"**အကြောင်း ဆောင်းပါး ကိုဖတ်ရှုမိပြီး မော်တော်ကားဘက် စိတ်ပြောင်းသွား တယ်။ မော်တော်ကားထုတ်လုပ်ဖို့ ကြိုးစားလိုက်တာ ကမ္ဘာကျော် မော်တော်ကားသူဌေးကြီးဖြစ်သွားခဲ့တယ်"

"အဲဒါတွေက ကမ္ဘာ့နိုင်ငံတွေထဲက စာပေကြောင့် ကြီးပွားချမ်းသာသွားကြသူတချို့ပဲ။ အများကြီးရှိသေး တယ်။ တို့မြန်မာနိုင်ငံမှာတော့ သမိုင်းနဲ့ချီပြီးပြောရရင် **"ဒဂုန်ညို"**ဘဝကနေ **"ဝန်ခင်းမိုးရာဇာ"**ဖြစ်လာတဲ့ ပညာရှိအမတ်ကြီးပဲ။ တို့မျက်မှောက်ခေတ်ကာလမှာ တော့ လူမိုက်ဓားပြဘဝနဲ့ထောင်ကျ၊ ထောင်ထဲမှာ တွေ့မြင်သမျှ စာတိုပေစတွေဖတ်ရှုရင်းက နောင်တရ။ ထောင်ကလွတ်လာတော့ စာပေအသိကြောင့် စိတ်သစ် လူသစ်နဲ့ ကြိုးစားလိုက်တာ ဆေးပေါင်းဖိုပိုင်ရှင် သူဌေး ကြီးလည်းဖြစ်၊ စာရေးဆရာလဲဖြစ်လို့ စာပေကျေးဇူး ကို တုံ့ပြန်တဲ့အနေနဲ့ **"ပရဟိတ ဦးအုံးဖေစာပေဆု"**ကို စတင်တီထွင်ပေးအပ်ချီးမြှင့်ခဲ့တယ်။ စာပေကရတဲ့ အသိသတိကြောင့် အသုံးနဲ့အဖြုန်းကိုနားလည်ပြီး ကိုယ်ပိုင်ကားမစီးဘဲ စီးဘီးနဲ့ပဲ သွားလာရှာဖွေ စုဆောင်းခဲ့ပုံတွေနဲ့ အမှားကို အမှန်ပြင်ခဲ့ပုံတွေကို **"တွေ့ရကြုံရ ကျွန်တော့်ဘဝ"**လုံးချင်း သုံးတွဲထုတ်ဝေ ခဲ့တာ ဆရာဝန်တင်ရွှေစာပေဆုကို ထိုက်တန်စွာရခဲ့ တယ်။ ဘယ်တော့မှ မရိုးနိုင်တဲ့ တက်ကျမ်းစာအုပ်ပါပဲ။ ဒါကြောင့် လူသေပေမဲ့ နာမည်မသေဘဲ ကန်တော့ခံ သက်ကြီးစာပေပညာရှင်**"ပရဟိတ ဦးအုံးဖေ"**ရယ်လို့ ကမ္ပည်းတင်ကျန်ခဲ့တယ်"

"နောက်တစ်ယောက်ကတော့ ကွယ်လွန်သွားရှာ ပြီဖြစ်တဲ့ ကန်တော့ခံသက်ကြီး စာပေပညာရှင်လဲ ဖြစ်တဲ့ **"ကေသီပန် ဦးလှမြင့်"**ပဲကွ။ တကယ်တော့ ဦးလှမြင့်ဟာ ဘဝနာခဲ့သူပါကွာ။ ကလေးဘဝ၊ လူငယ် လူရွယ်ဘဝမှာ တော်တော့်ကို ရုန်းကန်လှုပ်ရှားခဲ့ရသူ ပါ။ လူငယ်ဘဝမှာ ဖိနပ်မပါ၊ ခြေဗလာနဲ့ ငှက်ပျော ခိုင်ထမ်းခဲ့ရတယ်။ မြက်ရိတ်နွားကျွေးအလုပ်ကို ပေး သမျှနဲ့ လုပ်ခဲ့ရတယ်။ စပါးဒိုင်မှာလဲ ပင်ပင်ပန်းပန်း လုပ်ခဲ့ရတယ်။ လူရွယ်ဘဝမှာတော့ သင်္ဘောပေါ်မှာ မရဲတရဲနဲ့ စာအုပ်မျိုးစုံကို အော်ဟစ်ရောင်းချခဲ့ရတယ်။ သတင်းစာပို့ခဲ့ရတယ်။ ခဲစာလုံးနဲ့စာစီခဲ့ရတယ်။ လမ်း ဘေးမှာ ကွမ်းယာဆိုင်လေးဖွင့်ခဲ့ရတဲ့အဆင့်၊ စက်ဘီး စုတ်ကလေးကို စီးတစ်လှည့်၊ တွန်းတစ်လှည့်နဲ့ သံဖြူ ဆရာလုပ်ပေးတဲ့ သွပ်ပြားအော်လန်လေးနဲ့ နာမည်မရ သေးတဲ့ဆေးကို နယ်တကာ၊ အရပ်တကာမှာ လှည့် လည်အော်ဟစ်ရောင်းချခဲ့ရတဲ့အဆင့်။ ဆေးဆိုင်တွေ မှာ သူ့ဆေးကို ဖြန့်ဖြူးပေးဖို့ မျက်နှာငယ်လေးနဲ့ လှည့်လည်ပို့ပေးနေရတဲ့အဆင့်ကနေ **နိုင်ငံကျော်၊ ကမ္ဘာကျော် ကေသီပန်ဆေးတိုက်ပိုင်ရှင်ကြီး သိရိ သုဓမ္မ မဏိဇောတဓရဘွဲ့ရ သဒ္ဓါကြည်လင်ကုသိုလ် ရှင်ကြီး၊ အမျိုးသားစာပေဆု၊ ဆရာဝန်တင်ရွှေစာပေ ဆုရ စာရေးဆရာကြီးအဆင့်ထိ** မြင့်မားကြီးပွား တိုးတက်လာတာပဲကွ"

"ကေသီပန် ဦးလှမြင့်ဟာ စမ်းချောင်းမြို့နယ်မှာ ကြီးမားတဲ့မြို့နယ်အဆင့်တာဝန်ကို ထမ်းဆောင်ခဲ့တုန်း ကလဲ အတိုက်အခိုက်မျိုးစုံကို ခံခဲ့ရပြီး တာဝန်က ရုပ်သိမ်းခံခဲ့ရသေးတယ်ကွ"

"ဒါပေမဲ့ ဦးလှမြင့်ဟာ ဘဝနာတာကို အကျမနာ အောင် လုံ့လဝီရိယအပြည့်နဲ့ ကြိုးစားရုန်းကန်ခဲ့တယ်။ အဲဒီလိုပဲ ကြိုးစားရုန်းကန်နိုင်အောင် လှုံ့ဆော်ပေးတဲ့ အရာက စာပေတွေပဲကွ။ လမ်းဘေးဈေးသည်ဘဝမှာ ဆရာကြီးပီမိုးနင်းရဲ့ တက်ကျမ်းတွေကိုဖတ်ရှုပြီး သူ့ ဘဝတက်လမ်းကို စတင်ခဲ့တယ်။ **"ဆရာကြီးမင်းသုဝဏ်"**က **"ရတနာ့မွန် ဘာသာရေးမဂ္ဂဇင်း"**မှာ **"ကြွက် သေတစ်ခုအရင်းပြု"**စကားပုံကို အကြောင်းပြုပြီး **"မိုး ပွားမှုတ်သို့ သေးနပ်ဥစ္စာ ရင်းနီးကာလျှင် ပညာ ဉာဏ်အား ရှိသူများသည် ကြီးပွားနိုင်ပါသည်တကား"** ရယ်လို့ ကဗျာစပ် လှုံ့ဆော်ရေးသားထားတာကို နှစ် သက်သဘောကျပြီး နေ့စဉ်အခေါက်ရေ ၁၀၀ ရွတ်ဆို နေခဲ့တယ်။ အဲဒီကဗျာကိုအခြေခံပြီး **"အောင်စိတ်ဓာတ်"** အဖြစ် သတ်မှတ်သန္နိဋ္ဌာန်ချခဲ့တယ်"

**"ဤဘဝတွင် မကြီးပွားမချမ်းသာဘဲ ငါမသေ ကြီးကိုကြီးပွားရမည်"**

**"ကြီးပွားချမ်းသာအောင် ပျင်းရိစိတ်၊ တွေဝေ စိတ်၊ ကြောက်စိတ်တို့ကို ဖြိုဖွင်း၍ အကြံအား၊ ဉာဏ် အား၊ ဝီရိယဖွမ်းအားနှင့် ရဲဖွမ်းသတ္တိတို့ကို အဖွမ်း ကုန်ဖြည့်ဆည်းကာ အလုပ်ကိုကြိုးပမ်းလုပ်ဆောင် သွားပါမည်"**၊ **"ငါ၏ပဏာမရည်မှန်းချက်"**၊ **"ငါသည် ၁၉၉၀ ပြည့်နှစ် မတ် ၃၁ ရက်တွင် ငွေကျပ် ၅၀၀၀၀၀ ကိုရအောင်ရှာဆောင်းမည်"**

**၁၉၈၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက်(ရဲဘော်လှမြင့်)**

"ဦးလှမြင့်ဟာ ကြွက်သေတစ်ခုအရင်းပြုပြီး ကြီး ပွားချမ်းသာအောင် ကြိုးစားခဲ့တဲ့သာဓက လှုံ့ဆော်မှု (စာပေရဲ့ လှုံ့ဆော်မှု)ကို ပမာပြုပြီး သုညကစခဲ့၊ ကြိုး စားခဲ့လိုက်တာ တစ်ဂဏန်းကနေ သိန်းဂဏန်းထိ၊ သိန်းဂဏန်းကနေ ကြွယ်ဝချမ်းသာတဲ့ အခြေအနေထိ ကြီးပွားတိုးတက်လာခဲ့တာပဲကွ"

ဦးလှမြင့်ဟာ ငွေကြေးဝတ္ထုပစ္စည်းအစုစုနဲ့ ကျေးဇူး တုံ့ပြန်နေရတာကို အားမရသေးဘဲ လူငယ်လူရွယ်တွေ သူ့ကိုအားကျအတုယူစေချင်တဲ့ စေတနာဆန္ဒနဲ့ သူ ရုန်းကန်လှုပ်ရှားကြိုးစားခဲ့ပုံအဖုံဖုံကို သူတတ်သမျှ၊ မှတ်သမျှနည်းလမ်းနဲ့ စာတိုပေစလေးတွေ ရေးသား တင်ပြခဲ့တယ်"

"၂၀၀၆ ခုနှစ်မှာ **"ဖခင်နို့တိုက်ခဲ့သည့် ကျွန်တော့် အဖေ"**လုံးချင်းစာအုပ်ကို ထုတ်ဝေခဲ့သည်။ ပထမဆုံး ထုတ်ဝေခဲ့တဲ့ အဲဒီစာအုပ်ဟာ **"ဆရာဝန်တင်ရွှေစာပေ ဆု"**ရခဲ့တယ်။ ၂၀၀၈ ခုနှစ်မှာ **"ငှက်ပျောထမ်း၍ စရိုးကြမ်းနင်း"**စာအုပ်နဲ့ ၂၀၀၉ ခုနှစ်မှာ **"လောကဓံကို ခိုန်ခေါ်၍ ရင်ဆိုင်ခဲ့သည့်ကျွန်တော်"**စာအုပ်ကို ဆက်လက်ထုတ်ဝေခဲ့တယ်။ ၂၀၁၁ ခုနှစ်မှာ အဲဒီ စာအုပ် သုံးအုပ်ကို တစ်စုတစ်စည်းတည်း ဖတ်ရှုနိုင် အောင် တစ်အုပ်တည်းစုစည်းပြီး **"ဖခင်နို့တိုက်ခဲ့ သည့် ကျွန်တော့်အဖေနှင့် လောကဓံကိုခိုန်ခေါ်၍ ရင်ဆိုင်ခဲ့သည့်ကျွန်တော်"**ဆိုတဲ့စာအုပ်ကို ထုတ်ဝေ ခဲ့တယ်။ အဲဒီစာအုပ်မိတ်ဆက်ပွဲမှာ ဆရာ လယ်တွင်း သားစောချစ်က ရှေးဦးဆုံးအမှာစကားပြောကြားခဲ့ပြီး ငါက **"ကျွန်တော်နဲ့ ကေသီပန်ဦးလှမြင့်"**ဆိုတဲ့ ခေါင်းစီးနဲ့ အမှာစကားပြောကြားခဲ့တယ်ကွ"

"အဲဒီစာအုပ်ဟာ ကတ်ထူဖုံးစာမျက်နှာ ၆၂၂ မျက်နှာ၊ အခန့်ချုပ်၊ ကွာလတီတန်းဝင်၊ တစ်အုပ်ကို အဲဒီအချိန်က ငွေကျပ် ၈၀၀၀ လောက်တန်ဖိုးရှိပေမဲ့ စာချစ်သူအများစု ဝယ်ယူဖတ်ရှုနိုင်ဖို့နဲ့ လူငယ်လူရွယ် တွေကြားမှာ ပျံ့နှံ့ပွားများစေဖို့အတွက် တစ်အုပ်ကို ငွေကျပ် ၄၀၀၀ နှုန်းနဲ့ပဲဖြန့်ချိခဲ့တယ်။ တကယ်လဲ လူထုကြားမှာ ပျံ့နှံ့သွားခဲ့သလို လူကြိုက်လဲများခဲ့တယ်။ ဦးလှမြင့်ရဲ့ **"ကိုယ်ရေးအတ္ထုပ္ပတ္တိ"**စာအုပ်ဖြစ်ပေမဲ့ ကြီးပွားရာကြီးပွားကြောင်း **"ခေတ်မီတက်ကျမ်းစာအုပ်"** အဖြစ် ထင်ရှားကျော်ကြားခဲ့တယ်"

"မှန်ကန်တဲ့လုပ်ရပ်အပေါ်မှာ ထိုက်တန်တဲ့ တုံ့ပြန် မှုဟာ ရှိစမြဲဆိုသလိုပဲ **၂၀၁၁ ခုနှစ် အမျိုးသားစာပေဆု (စာပဒေသာ)**ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြန် တယ်။ ဦးလှမြင့်အနေနဲ့ ရွှေမလို၊ ငွေမလို၊ ဂုဏ်ပကာ သနမလိုတဲ့ဘဝမှာ သူ့ရဲ့ကျေးဇူးရှင်အများပြည်သူတွေ ကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ အမျိုးသားစာပေဆုရခဲ့ တဲ့ အဲဒီစာအုပ်ကို ပလတ်စတစ်တစ်ထပ်ဖုံးပြီး ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေလိုက်တယ်ကွ"

"တကယ်တော့ သူ့စာအုပ်ဟာ လူငယ်လူရွယ်တွေ သာမက လူကြီးတွေပါ လက်ကိုင်ထားပြီး အားကျအတု ယူသင့်တဲ့စာအုပ်ကွ။ ဘာကြောင့်လဲဆိုရင် တိုးတက် ကြီးပွားကြောင်း တရားတွေထဲမှာ ၃၈ ဖြာ မင်္ဂလာပါ သလို ကျေးဇူးတရားကိုသိတတ်ဖို့လိုအပ်တဲ့အကြောင်း အဲဒီစာအုပ်က မီးမောင်းထိုးပြထားလို့ပဲကွ"

"ငါ အလေးအနက်ထားပြီး ပြောချင်တာက **"အလိမ္မာစာမှာရှိ"**ဆိုတဲ့ဆောင်ပုဒ်ကို လက်တွေ့အလုပ် နဲ့ သက်သေပြနိုင်ခဲ့တဲ့ ကေသီပန်ဦးလှမြင့်ကို စံနမူနာ ယူ၊ အားကျအတုယူကြိုးစားကြမယ်ဆိုရင် ကြီးငယ်မဟူ ဘယ်သူပဲဖြစ်ဖြစ် ကြီးပွားတိုးတက်မယ်ဆိုတာပဲကွ"

"လူ့လောကမှာ ကြီးပွားတိုးတက်ချင်ရင် ထိုင်နေ၊ ငိုင်နေ၊ မှိုင်နေလို့ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ စိတ် ဓာတ်ကျနေရင်လဲ ဘဝဟာနိမ့်ကျသည်ထက် နိမ့်ကျ နေမှာပဲ။ ထိုင်နေ၊ ငိုင်နေ၊ မှိုင်နေသူတွေကို စေ့ဆော် သမှုပြုနိုင်တာက စာပေပဲ။ တပ်လှန့်ပေးနိုင်တာက စာပေပဲကွ။ ဒါကြောင့် **"စာရေးဆရာကြီး မန်းတင်က စာအုပ်စာပေသည် ငြီးငွေ့နေလျှင် ပျော်ရွှင်စေ၏။ ဗဟုသုတပေးဝေ၏။ စိတ်အားငယ်က တက်ကြွစေ၏။ လောကုတ်၊ လောကီ၊ အဆီအနှစ်၊ အသစ်ကောင်း၊ နပေါင်းပညာ၊ ဝေဖြာရောင်လင်း၊ အမှောင်ခွင်း၏"**လို့

◆ "စာမဖတ်သူဟာ မျက်မမြင်နဲ့တူတယ်။ စာဖတ်တတ်ပါလျက်နဲ့ စာမဖတ်သူဟာ အသွားရှိပါလျက်နဲ့ မခုတ်ဘဲထားတဲ့ဓားနဲ့တူတယ်။ စာဖတ်ကြပေမဲ့ မှတ်သားနာယူခြင်းမရှိသူဟာ ရေပြင်မှာရေးထားတဲ့ အရုပ်နဲ့တူတယ်။ စာဖတ်ပြီး မှတ်သားထားပေမဲ့ ကျိုးကြောင်း မှန်၊ မှား မစဉ်းစားသူဟာ အစာအာဟာရကို ညက်ညက်ဝါးမစားဘဲ မျိုချနေသူနဲ့တူတယ်။ ကျိုးကြောင်း မှန်၊ မှားစဉ်းစားပြီး အမှန်ကိုသိနေပါလျက်နဲ့ လက်ခံကျင့်သုံးခြင်းမရှိသူဟာ ဟင်းလျာရဲ့ အရသာကိုမြည်းစမ်းကြည့်ပြီး ကောင်းမှန်းသိပါလျက်နဲ့ မစားသုံးသူနဲ့တူတယ်"လို့ "ဗုဒ္ဓလောကစာစောင်" ထဲမှာဖော်ပြထားသလိုပဲ မင်းပြောတဲ့လူတွေဟာ တူနေတယ်ကွ" ◆

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ယခုနှစ် ဝက်လက်မြို့နယ်တွင် နွေနှမ်း ၆၆၄၀၂ ဧက စိုက်ပျိုးပြီးစီး

**ဝက်လက် မေ ၁၁**

ယခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်၌ နွေနှမ်း ၆၆၄၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် နွေနှမ်း ၅၅၆၄၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၆၄၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မနှစ်က ဝက်လက်မြို့နယ်မှာ နွေနှမ်းဧက ၆၀၀၀၀ ကျော်လောက် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် နွေနှမ်းဧက ၄၀၀၀၀ ကျော်လောက်စိုက်ပျိုးသွားဖို့ လျာထားတယ်။ အခုနွေနှမ်းဧက ၆၀၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် နွေနှမ်းစိုက်ပျိုးမှုက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေနှမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးစိုက်နိုင်တဲ့ အနေအထားမှာရှိပါတယ်။ ဒီနှစ်လဲ နွေနှမ်းစိုက်ပျိုးမှုလျာထားချက်ထက် ပိုစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေတယ်။ ဒါ့ပြင် အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေတယ်။ နှမ်းစိုက်ပျိုးရာမှာ တစ်ဧကကို ငွေကျပ် တစ်သိန်းကျော်ကုန်ကျတယ်။ တစ်ဧကကို ၁၆ တင်းကျော်ထွက်ရှိတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ် နွေသီးနှံစိုက်ပျိုးရာသီက ဝက်လက်မြို့နယ်တွင် နွေနှမ်း ၆၆၇၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်အတွင်း နွေနှမ်းစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဆောင်းနှမ်း ၆၁၅၅၂ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာလထိ ၆၁၅၅၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နွေနှမ်းစိုက်ခင်းကိုတွေ့ရစဉ်။

➤ စာမျက်နှာ ၄ မှအဆက်

ညွှန်းဆိုခဲ့တယ်ကွ။ အဲဒီလိုပဲ "**စာပေပညာရှင် ဦးပဂျိုက** "**စာဖတ်ခြင်းသည် အိမ်တံခါးများကိုဖွင့်သည်မည်၏။ စာမဖတ်ဘဲနေခြင်းသည် အိမ်တံခါးများကို ပိတ်ထားသည်နှင့်တူ၏။ အနားမှာ စာအုပ်မထားခဲ့သော် ဘဝတံခါးကြီးပိတ်နေပေလိမ့်မည်**"လို့ မိန့်မောင်းထိုးပြခဲ့တယ်ကွ"

"သတင်းစာဆရာကြီး လူထုဦးလှကတော့ "**စာမဖတ်သူသည် တိုးတက်မှုရပ်တန့်နေ၏။ စာဖတ်သူသည် တိုးတက်မြဲတိုးတက်နေ၏**"လို့ သတိပေးခဲ့တယ်ကွ။ စာရေးဆရာကြီးပီမိုးနင်းကလဲ "**လူကိုစိတ်က အုပ်ချုပ်၏။ စိတ်ကိုဉာဏ်ပညာက အုပ်ချုပ်၏။ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်၏။ သို့ဖြစ်၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်းအမျိုးမျိုးတို့ကို ဖတ်ကြကုန်လော့**"လို့ လမ်းညွှန်ခဲ့တယ်ကွ။ ဒါကြောင့် အခုဆိုရင် "**စာမဖတ်သူ ပပျောက်ရေး**"လှုပ်ရှားမှုတွေကို ဆောင်ရွက်နေကြတာကွ"

"စာမဖတ်သူတွေ စာဖတ်ကြပါပြီတဲ့ကွာ စာတွေကိုဖတ်ပြီး မှတ်သားနာယူကျင့်ကြံမှုမရှိကြသူတွေ ရှိနေကြလေတော့ သဲထဲရေသွန်ဖြစ်ကြရတာတွေ။ ပိုးသာကုန် မောင်ပုံစောင်းတီးမတတ်တာတွေကို ကြုံတွေ့နေရအုံးမှာပဲကွ။ ဒါထက်ဆိုးတာက "**အလိမ္မာစာမှာရှိ**"အစား "**အလိမ္မာ ဖုန်းမှာရှိ**" ဆိုသလို စာပေကိုပစ်ပယ် မျက်ကွယ်ပြုလျစ်လျူရှုနေကြပြီး လက်ကိုင်ဖုန်းကိုပဲ သဲသဲမဲမဲ မခွဲမခွာကြည့်နေကြလေတော့ သူတို့ရှေ့ရေးအတွက် ရင်လေးစရာ ကောင်းလှပါတယ်ကွာ"

"ဒါကတော့ ကာယကံရှင်တွေရဲ့ ခံယူချက်နဲ့ ပေါ့ပျက်ပျက် လူနေမှု စရိုက်တွေအရ ဘဝအဆင့်အတန်းတွေလဲ ခြားနားသွားကြမှာပဲကွ။ "**ပဏ္ဍိတဦးအုံးဖေနဲ့ ကေသီပန်ဦးလှမြင့်**"တို့လို စာပေဗဟုသုတအသိဉာဏ်ကြောင့် ကြီးပွားချမ်းသာလာသူတွေကတော့ ဆရာကြီး လူထုဦးလှပြောခဲ့သလိုပဲ ပြောရရင် "**စာမဖတ်သူဟာ ကြီးပွားတိုးတက်ရေးလမ်း တစ်နေရာမှာ ရပ်သွားပေမဲ့ စာဖတ်သူကတော့ သူ့ရဲ့ကြီးပွားတိုးတက်မှုဟာ ဘယ်တော့မှမရပ်ဘဲ သေဆုံးသွားမှသာ ရပ်သွားလိမ့်မယ်**"တဲ့ကွာ"

"တော်တော် အတုယူသင့်တဲ့ စကားပဲကွာ"

"စာပေပညာရှင်ကြီးတွေရဲ့ အတွေးဟာ ပြေးကြည့်တာထက်မှန်တယ်ဆိုတာ လက်တွေ့လူလောကမှာ မင်းအမြင်ပဲမဟုတ်လား"

"ဟုတ်ပါ့ သူငယ်ချင်းရာ"

# လာခဲ့ပါအဆွေ အညာမြေ

- ရွာအဝင် တမာတန်းမှာလ
စိတ်အပန်း ဖြေလို့နေ၊
ပင်ကုက္ကို ညောင်ညိုရိပ်
ချွေးသိပ်ခဲ့ပေ၊
ရွာဘေးက စမ်းချောင်းရေ
အခါနွေဆို တကယ်အေး၊
ကျေးတောရွာ အလှများရယ်က
ဝင့်ကြွားနေသေး။

- ပင်ညောင်ညို ရိပ်နံဘေး
တည်ဆောက်ပေး ရေအိုးစင်၊
အမောပြေ တစ်ထောက်နားပါလို့
သောက်သွားကာပင်၊
ပူပြင်းတဲ့ ရာသီခွင်
အိမ်အောက်တွင် ကွပ်ပျစ်ထိုး၊
တည်ခင်းဖွယ် မေလေးကမ်းလာတဲ့
ရေနွေးကြမ်းအိုး။

- အညာမြေ အသွင်တိုးပါလို့
အမြင်မရိုး ကြည်ကြည်လင်၊
အညာသူ အညာသားတို့
စိတ်ထားဖြူစင်၊
နွေထနောင်း အရိပ်တွင်
ခိုလှုံဝင် အပူကင်း၊
မန်ကျည်းရယ် တမာတန်းက
စိမ်းလန်းသန့်ရှင်း။

- လာခဲ့နော် ဆွေတစ်သင်းတို့
ဖိတ်ခေါ်ရင်း ကြိုနေမှာ၊
စိမ်းစိုစို မန်ကျည်းတောနဲ့
လွမ်းမောဖွယ်ရာ၊
ရိုးရိုးပဲ ဝတ်ဆင်ကာ
ခင်ကညာ ယဉ်ယဉ်ကျေး၊
ညော်ဝတ်တွေ ကျေပုံဆန်းတယ်
(အညာမြေကိုလေ)
လှမ်းခဲ့မနေး။ ။

အရှင်ဝါယမ

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# အီမရန်ခန်း ဖမ်းဆီးခံရပြီးနောက် ပါကစ္စတန်၌ အဓိကရုဏ်းများဖြစ်ပွား

**အစ္စလာမ်မာဘတ် မေ ၁၁**

ဝန်ကြီးချုပ်ဟောင်းအီမရန်ခန်း ဖမ်းဆီးခံခဲ့ရပြီးနောက် ပါကစ္စတန် နိုင်ငံတစ်ဝန်း ပေါ်ပေါက်နေသော အဓိကရုဏ်းများကို ထိန်းချုပ်ရန် ပါကစ္စတန်အစိုးရက စစ်ဘက်၏ အကူအညီရယူထားကြောင်း အေပီ သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပါကစ္စတန် ရဲတပ်ဖွဲ့သည် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို မေ ၉ ရက်တွင် အစ္စလာမ်မာဘတ်မြို့ တရားရုံးတစ်ရုံးအတွင်းမှာပင် အဂတိလိုက်စားမှုစွဲချက်ဖြင့် ဖမ်းဆီးခဲ့သည်။

အီမရန်ခန်း ဖမ်းဆီးခံခဲ့ရပြီးနောက် ၎င်းကိုထောက်ခံသူများသည် အစ္စလာမ်မာဘတ်မြို့နှင့် အခြားမြို့ကြီးများ၏ လမ်းများကို ပိတ်ဆို့ဆန္ဒပြခဲ့ကြပြီး ရဲတပ်ဖွဲ့ဝင်များနှင့်လည်း ပဋိပက္ခများဖြစ်ပွားခဲ့ရသည်။

လက်ရှိအချိန်တွင် အီမရန်ခန်းထောက်ခံသူများကြောင့်ပေါ်ပေါက်နေသည့် မငြိမ်သက်မှုများကို ထိန်းချုပ်ရေးအတွက် အစ္စလာမ်မာဘတ်မြို့၊ ပန်ဂျပ်ပြည်နယ်နှင့် အနောက်မြောက်ဒေသများ၌ ပါကစ္စတန်စစ်ဘက်လက်နက်ကိုင်တပ်ဖွဲ့များကို ဖြန့်ကြက်ထားရကြောင်း လက်ရှိပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ်ဖ်က ယနေ့တွင် ကြေညာခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် လွှတ်တော်၏ အယုံအကြည်မရှိအဆိုကြောင့် ၂၀၂၂ ခုနှစ် ဧပြီလအတွင်း ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခံခဲ့ရသူဖြစ်သည်။

ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက်ပိုင်း အီမရန်ခန်းသည် အဂတိလိုက်စားမှုစွဲချက်အပါအဝင် စွဲချက်အများအပြားနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

KKO

# ဖရီးဂိတ်စစ်သင်္ဘောနှစ်စီး ပါကစ္စတန်ရေတပ်သို့ တရုတ်လွှဲပြောင်းပေးအပ်



**ပေကျင်း မေ ၁၁**

တရုတ်နိုင်ငံသည် ပါကစ္စတန်ရေတပ်အတွက် ဖရီးဂိတ်စစ်သင်္ဘောနှစ်စီးကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း တရုတ်မီဒီယာများ၏ အဆိုကိုကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ဖရီးဂိတ်စစ်သင်္ဘောနှစ်စီးကို လွှဲပြောင်းပေးအပ်နိုင်ခဲ့မှုကြောင့် တရုတ်နှင့်ပါကစ္စတန်ကြား ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် စစ်သင်္ဘောအရောင်းအဝယ်သဘောတူညီချက် အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်သည်။

၂၀၁၈ ခုနှစ် စစ်သင်္ဘောဝယ်ယူရေးသဘောတူညီချက်အရ တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံအတွက် စစ်သင်္ဘောသစ်လေးစီးတည်ဆောက်ပေးရမည်ဖြစ်သည်။

အဆိုပါသဘောတူညီချက်အရ တရုတ်နိုင်ငံသည် နောက်ဆုံးအသုတ်အဖြစ် လွှဲပြောင်းပေးအပ်ရမည့် ပုံစံ-၀၅၄ အေ အမျိုးအစား ဖရီးဂိတ် စစ်သင်္ဘောနှစ်စီးကို ပါကစ္စတန်ရေတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း တရုတ်အစိုးရ၏ ဂလိုဘယ်လ်တိုင်းမ်သတင်းစာက မေ ၁၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံက လွှဲပြောင်းပေးအပ်သည့် ဖရီးဂိတ်စစ်သင်္ဘောများကို တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ၏ ပင်လယ်ရေလမ်းကြောင်းများ လုံခြုံရေးအတွက် ပါကစ္စတန်နိုင်ငံက အသုံးပြုမည်ဖြစ်သည်။

ပြီးခဲ့သည့် နှစ်များအတွင်း တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ စစ်ရေးပူးပေါင်းဆောင်ရွက်မှုများမှာ ပိုမိုခိုင်မာလာခဲ့ကြောင်း သိရသည်။

KKO

# ဖင်လန်၌ ယာယီလူကူးတံတားပြိုကျ ကလေးများအပါအဝင် ၂၄ ဦး ဒဏ်ရာရရှိ

**ဟယ်လ်ဆင်ကီး မေ ၁၁**

ဖင်လန်နိုင်ငံ အက်စ်ပိုးမြို့၌ ယနေ့တွင် ယာယီလူကူးတံတားတစ်စင်းပြိုကျခဲ့ရာ လူပေါင်း ၂၄ ဦး ဒဏ်ရာများရခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လူကူးတံတားပြိုကျမှုကြောင့် ဒဏ်ရာရရှိခဲ့သူအများစုမှာ ကလေးများဖြစ်ကြပြီး ဒဏ်ရာများကြောင့် အသက်အန္တရာယ်မစိုးရိမ်ရကြောင်း ဖင်လန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒဏ်ရာရရှိခဲ့သော ကလေးများသည် ကွင်းဆင်းခရီးစဉ်တစ်ခုမှ ပြန်ရောက်လာသည့် ရှစ်တန်းကျောင်းသားများ ဖြစ်ကြကြောင်း ဖင်လန် ပြည်တွင်းမီဒီယာများ၏ အဆိုအရ သိရသည်။

ပြိုကျခဲ့သည့် တံတားသည် တံတား တည်ဆောက်နေစဉ်အတွင်း ယာယီအသုံးပြုနိုင်ရေးအတွက် သစ်သား၊ အထပ်သားပြားများဖြင့် တည်ဆောက်ထားသည့် တံတားဖြစ်သည်။

လက်ရှိအချိန်တွင် ဖင်လန်ရဲတပ်ဖွဲ့ဝင်များသည် ယာယီလူကူးတံတားပြိုကျမှုနောက်ခံအကြောင်းရင်းကိုဖော်ထုတ်ရေးအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

တံတားပြိုကျနေစဉ်လူအချို့မှာ မြေပြင်ပေါ်သို့ ပြုတ်ကျခဲ့သည်ဟု ဖင်လန်တာဝန်ရှိသူများကပြောကြားခဲ့ကြောင်း သိရသည်။

KKO



# အာရပ်အဖွဲ့ချုပ်ထိပ်သီးညီလာခံတက်ရောက်ရန် ဆီးရီးယားသမ္မတကို ဆော်ဒီအာရေဗျဘုရင် ဖိတ်ကြား

**ဒမတ်စကတ် မေ ၁၁**

အာရပ်အဖွဲ့ချုပ် ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် ဆီးရီးယားသမ္မတ အာဆတ်ကို ဆော်ဒီအာရေဗျဘုရင် ဆယ်လ်မန်ဘင်အက်ဘ်ဒူလာဇစ်က ဖိတ်ကြားထားကြောင်း ရိုက်တာသတင်းဌာနက မေ ၁၀ ရက်တွင် ဖော်ပြခဲ့သည်။



ဆော်ဒီဘုရင် အက်ဘ်ဒူလာဇစ်က ဆီးရီးယားသမ္မတအာဆတ်အား အာရပ်အဖွဲ့ချုပ် ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် ဖိတ်ကြားထားမှုကို ဆီးရီးယားအစိုးရမီဒီယာများက မေ ၁၀ ရက်တွင် အတည်ပြုထားသည်။

အာရပ်အဖွဲ့ချုပ် ထိပ်သီးညီလာခံသို့ တက်ရောက်ရေးအတွက် သမ္မတ အာဆတ်ကို ဆော်ဒီဘုရင်ကဖိတ်ကြားခဲ့မှုသည် ဒေသတွင်း သင်းကွဲနိုင်ငံအဖြစ်မှ ဆီးရီးယား လွတ်မြောက်လာမှုကို ပြသလျက်ရှိသည်။

အာရပ် နိုင်ငံခြားရေးဝန်ကြီးများသည် ဆီးရီးယားနိုင်ငံကို အာရပ်အဖွဲ့ချုပ်၌ အဖွဲ့ဝင်အဖြစ် ပြန်လည်ပါဝင်ခွင့်ပေးရန် မေ ၇ ရက်တွင် ဆုံးဖြတ်ခဲ့ကြသည်။

၂၀၁၁ ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သည့် အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများအား ကိုင်တွယ်ပုံကို အကြောင်းပြု၍ အာရပ်အဖွဲ့ချုပ်သည် ဆီးရီးယားနိုင်ငံကို အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်း တူရကီနှင့် ဆီးရီးယားနိုင်ငံတို့၌ အင်အားပြင်း မြေငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဆီးရီးယားနိုင်ငံနှင့် အာရပ်နိုင်ငံများကြားဆက်ဆံရေး ပြန်လည်တိုးတက် လာခဲ့ကြောင်း သိရသည်။

KKO

# နိုင်ငံတကာကုန်သွယ်ရေး ငွေပေးချေမှုများအတွက် တရုတ်ယွမ်ငွေကိုအသုံးပြုရန် ဘိုလီးဗီးယားနိုင်ငံက စဉ်းစားနေဟုဆို

**လာပတ်ဇ် မေ ၁၁**

နိုင်ငံတကာ ကုန်သွယ်ရေးလုပ်ငန်း ငွေပေးချေမှုများအတွက် တရုတ်ယွမ်ငွေကို အသုံးပြုရန် ဘိုလီးဗီးယားနိုင်ငံက စဉ်းစားနေကြောင်း ရိုက်တာသတင်းဌာနက မေ ၁၀ ရက်တွင် ဖော်ပြခဲ့သည်။

တောင်အမေရိက၏ စီးပွားရေးအင်အားကြီးနိုင်ငံများသည် တရုတ်နှင့်ကုန်သွယ်မှု ပြုလုပ်ရာတွင် အမေရိကန်ဒေါ်လာအစား ယွမ်ငွေကို အသုံးပြုရန် စီစဉ်ထားသည်ဖြစ်ရာ ဘိုလီးဗီးယားနိုင်ငံအနေဖြင့်လည်း အဆိုပါလမ်းစဉ်ကို လိုက်ရနိုင်ကြောင်း ဘိုလီးဗီးယားသမ္မတ လူးဝစ်အာဆီက မေ ၁၀ ရက် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

နိုင်ငံတကာ ကုန်သွယ်ရေးငွေပေးချေမှု လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာအစား ယွမ်ငွေကိုအသုံးပြုမှုသည် တောင်အမေရိကတိုက်၌ ကျယ်ပြန့်လာလိမ့်မည်ဖြစ်ရာ ဘိုလီးဗီးယားအနေဖြင့်လည်း ယွမ်ငွေကိုသုံးစွဲရမည့်အနေအထား ရောက်သွားနိုင်ကြောင်း သမ္မတလူးဝစ်အာဆီက သုံးသပ်ခဲ့သည်။

တောင်အမေရိကတိုက်၏ စီးပွားရေးအင်အားအကြီးဆုံး နိုင်ငံများဖြစ်ကြသည့် အာဂျင်တီးနားနှင့် ဘရာဇီးတို့သည် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် ယွမ်ငွေဖြင့် ပေးချေရန်စီစဉ်ထားသည်။

ပြီးခဲ့သည့် နှစ်ပေါင်းများစွာကပင် နိုင်ငံတကာကုန်သွယ်ရေးလုပ်ငန်းများ အထူးသဖြင့် စွမ်းအင်နှင့် ကောက်ပဲသီးနှံဈေးကွက်များအတွက် ကုန်သွယ်ရေးငွေပေးချေမှုပြုလုပ်ရာတွင် အမေရိကန်ဒေါ်လာဖြင့် ဈေးသတ်မှတ်လေ့ရှိသည်။

သို့သော် လက်တင်အမေရိကဒေသနိုင်ငံများ၌ အမေရိကန်နိုင်ငံ၏ ဩဇာအားကောင်းခဲ့သော်လည်း ယနေ့အချိန်ထိ ဒေသတွင်းနိုင်ငံများအနေဖြင့် တရုတ်နှင့် ကုန်သွယ်မှု ပိုလုပ်လာနိုင်သည်ဖြစ်ရာ အခြေအနေများပြောင်းလဲနေပြီဖြစ်သည်ဟု ဘိုလီးဗီးယားသမ္မတက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံက တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်ကို တီယန်ကောင်းအာကာသစခန်းသို့ အောင်မြင်စွာလွှတ်တင်ခဲ့



**ပေကျင်း မေ ၁၁**

တရုတ်နိုင်ငံသည် တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်ကို တီယန်ကောင်း အာကာသစခန်းသို့ မေ ၁၀ ရက်က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသား တင်ပြထားသည်။

တီယန်ကျိုး-၆ အာကာသ ကုန်တင်ယာဉ်ကို လောင်းမတ်ချ်-၇ ဒုံးပျံဖြင့် ဟိုင်နန်ပြည်နယ် ဝန်ချန်း အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

တီယန်ကျိုး-၆ အာကာသ ကုန်တင်ယာဉ်သည် တီယန်ကောင်း အာကာသစခန်းပေါ်ရှိ ရှန်ကျိုး-၁၅ အာကာသယာဉ်မှူး သုံးဦးနှင့်နောင် လွှတ်တင်မည့် ရှန်ကျိုး-၁၆ ယာဉ်မှူး သုံးဦးတို့အတွက်ပါ စားနပ်ရိက္ခာနှင့်အသုံးအဆောင်ပစ္စည်းများ သယ်ဆောင်သွားကြောင်း သိရသည်။

ထို့ပြင် တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်သည် တီယန်ကောင်း အာကာသစခန်းအတွက် လောင်စာရည် ၁ ဒသမ ၇ တန်ကိုလည်း သယ်ဆောင်သွားသည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

တီယန်ကျိုး-၆ မစ်ရှင်သည် တရုတ်နိုင်ငံက ၂၀၂၃ ခုနှစ်အတွင်း တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်မည့်မစ်ရှင်သုံးခုအနက် ပထမဆုံးမစ်ရှင်ဖြစ်သည်။

တရုတ်နိုင်ငံသည် ရှန်ကျိုး-၁၆ နှင့် ရှန်ကျိုး-၁၇ မစ်ရှင်တို့ကို ယခုနှစ်အတွင်း လွှတ်တင်ဦးမည်ဖြစ်ကြောင်း သိရသည်။

KKO

## Space-X ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၅၁ စင်းကို မေ ၁၀ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် မေ ၁၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ၅၁ စင်းကို မေ ၁၀ ရက်က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသား တင်ပြထားသည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ် ဂြိုဟ်တု ၅၁ စင်းသယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့်ဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။



ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့် ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၁၇ ဒသမ ၅ မိနစ်အကြာတွင် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

Space-X ကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တု အစင်း ၄၃၀၀ ကျော်လွှတ်တင်ထားပြီးဖြစ်သည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၁၂၀၀၀ ထိ လွှတ်တင်ခွင့်ရထားကြောင်း သိရသည်။

KKO

## လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်များအတွက် တရုတ်သိပ္ပံပညာရှင်များက လကမ္ဘာမျက်နှာပြင်နှင့် ပုံစံတူဖန်တီးထားသော လေလုံခန်းတစ်ခန်း တည်ဆောက်ထား

**ပေကျင်း မေ ၁၁**

လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်များအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်သိပ္ပံပညာရှင်များသည် လကမ္ဘာမျက်နှာပြင်နှင့် ပုံစံတူဖန်တီးထားသော လေလုံခန်းတစ်ခန်းကို တည်ဆောက်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

အထူးတည်ဆောက်ထားသည့် လမျက်နှာပြင်ပုံစံတူ လေလုံခန်းသည် အားပျော့သည့်လျှပ်စီးကြောင်းများထုတ်ပေးနိုင်သော ခရမ်းလွန်ရောင်ခြည်များကိုထုတ်ပေးနိုင်သည်။

အဆိုပါအထူးလေလုံခန်းသည် လမျက်နှာပြင်အခြေအနေခြောက်ရပ်ကို တုပဖန်တီးပေးနိုင်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းလမျက်နှာပြင်ပုံစံတူ လေလုံခန်းကို ဟေလုံကျန်းပြည်နယ် အခြေစိုက် ဟာဆင်းနယ်မဟာအင်စတီကျူးရှင်းက တည်ဆောက်ထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ လကမ္ဘာပေါ်သို့ လူသားများစေလွှတ်နိုင်ရန် ရက်တွက်ထားသည်။

အဆိုပါ လလေ့လာရေးမစ်ရှင်များအတွက် ဒုံးပျံယာဉ်၊ မျိုးဆက်သစ်အာကာသလူသယ်ယာဉ်နှင့် လဆင်းယာဉ်အပါအဝင် လိုအပ်သည့်ယာဉ်များကို တရုတ်နိုင်ငံက စတင် တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## မော်တော်ယာဉ်မှထွက်သော အခိုးအငွေ့များကြောင့် သွေးလေးဖက်နာရောဂါဖြစ်ပွားနိုင်

**ဝါရှင်တန် မေ ၁၁**

အသားကင်ခြင်း၊ ထင်းမီးသုံးစွဲခြင်းနှင့် မော်တော်ယာဉ်များမှ ထွက်လာသော အခိုးအငွေ့များကြောင့် သွေးလေးဖက်နာ (Rheumotoid Arthritis) ရောဂါဖြစ်ပွားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မေ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ မေရီလန်းတက္ကသိုလ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Polycyclic Aromatic Hydrocarbous (PAH) ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးပါဝင်မှု မြင့်မားသူများတွင် သွေးလေးဖက်နာရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်ပိုမြင့်မားကြောင်း သိရသည်။

PAH ဓာတုဒြပ်ပေါင်းများသည် စီးကရက်မီးခိုးများနှင့် ဓာတ်ငွေ့မီးဖိုအခိုးအငွေ့များတွင်လည်း ပါဝင်တတ်သည်။

PAH ဓာတုဒြပ်ပေါင်း အဆင့်သည် ဆေးလိပ်သောက်သူများ၌ ပုံမှန်ထက်များပြားတတ်သော်လည်း မော်တော်ယာဉ် အိတ်ဇောငွေ့များ၊ သဘာဝဓာတ်ငွေ့၊ ထင်းမီးခိုး၊ ကျောက်မီးသွေးမီးခိုးနှင့် ဖုတ်ကင်ထားသည့်အသားများ စားသုံးမှုတို့ကြောင့်လည်း PAH အဆင့် မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သွေးလေးဖက်နာရောဂါသည် လိင်၊ မျိုးဗီဇ၊ အသက်နှင့် သဘာဝပတ်ဝန်းကျင်နောက်ခံအကြောင်းတရားများ အပြန်အလှန်ဆက်နွယ်မှုကြောင့် ဖြစ်ပွားတတ်သည့် ခုခံအားစနစ်ဖောက်ပြန်မှုရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

KKO

## ပါကင်ဆန်ရောဂါက အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားပိုးတစ်မျိုးကြောင့်လည်း ဖြစ်ပွားနိုင်

**ဟယ်လ်ဆင်ကီး မေ ၁၁**

ပါကင်ဆန်ရောဂါသည် လူသိနည်းသည့် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားပိုးတစ်မျိုးကြောင့်လည်း ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ The Daily Mail သတင်းစာက မေ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

ဖင်လန်သုတေသနပညာရှင်များ၏ အဆိုအရ Desulfovibrio (DSV) ခေါ် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားပိုးတစ်မျိုးကြောင့်လည်း ပါကင်ဆန်ရောဂါတစ်မျိုးဖြစ်နိုင်ကြောင်း သိရသည်။


DSV ဗက်တီးရီးယားများသည် အရေးကြီးသည့် ဦးနှောက်ဆဲလ်များကို ဖျက်ဆီးနိုင်သော အဆိပ်အတောက်ရှိ ပရိုတင်းများစုစည်းမှုကို အားပေးစေ့ဆော်တတ်ကြောင်း ဟယ်လ်ဆင်ကီးတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဖင်လန်သုတေသနပညာရှင်များသည် ပါကင်ဆန်လူနာများ၏ ကျင်ကြီးနမူနာများကို စစ်ဆေးခဲ့ရာ လူနာတိုင်းတွင် DSV ဗက်တီးရီးယားများစုစည်းမှု ပုံမှန်ထက်မြင့်မားနေတတ်သည်ကို ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

မိမိတို့၏ တွေ့ရှိချက်အရ DSV ဗက်တီးရီးယားစုစည်းမှုကို ကျန်းမာရေးကောင်းသူများတွင်လည်း တွေ့နိုင်သည့်တိုင် ပါကင်ဆန်လူနာများတွင်မူ ၎င်းဗက်တီးရီးယားစုစည်းမှုမှာ ပုံမှန်ထက်မြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ယခုလေ့လာတွေ့ရှိချက်သည် DSV ဗက်တီးရီးယားများစုစည်းမှု ပုံမှန်ထက်မြင့်မားရမှု၏ နောက်ခံအကြောင်းတရားကို ရှာဖွေရေးအတွက် အထောက်အကူပြုနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

KKO



နိုင်ငံတကာ

# အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၃၆) ပွဲကြိုသုံးသပ်ချက်များ

ML

**ပဲလေ့စ် Vs ဘုန်းမောက်**

**ကစားမည့်ရက်/အချိန် ၁၃-၅-၂၀၂၃ (ည ၀၈:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘုန်းမောက် ၀ – ၂ ပဲလေ့စ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| ပဲလေ့စ် – | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဘုန်းမောက် – | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(ရှုံး) |

အခုပွဲစဉ်မှာ နှစ်သင်းစလုံးတန်းဆင်းဇုန်က လွတ်မြောက်နေသလို ဖိအားမရှိတော့ပေမဲ့ ပဲလေ့စ်က အိမ်ကွင်းကစားပုံတည်ငြိမ်ပြီး တိုက်စစ်ထက်မြက်နေပါတယ်။ ဘုန်းမောက်အသင်းကတော့ တိုက်စစ်ကစားအားကောင်းလာပေမဲ့ အဝေးကွင်းခံစစ်ပိုင်းစိတ်မချရလို့ အခုပွဲမှာ ရှုန်းကန်ရမှာပါ။ ဒါကြောင့် ပဲလေ့စ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ပဲလေ့စ် ၂ – ၁ ဘုန်းမောက်**

---

**ချဲလ်ဆီး Vs နော်တင်ဟမ်**

**ကစားမည့်ရက်/အချိန် ၁၃-၅-၂၀၂၃ (ည ၀၈:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နော်တင်ဟမ် ၁ – ၁ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| ချဲလ်ဆီး – | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(နိုင်) |
| နော်တင်ဟမ် – | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

ချဲလ်ဆီးအသင်းဟာ ကစားသမားစုဖွဲ့မှုကောင်းပေမဲ့ နည်းစနစ်ပိုင်းလိုအပ်ချက်ရှိနေတာကြောင့် ခြေစွမ်းပိုင်းကျဆင်းနေပြီး ရလဒ်ဆိုးရွားနေတာဖြစ်ပါတယ်။ နော်တင်ဟမ်ကတော့ တန်းဆင်းဇုန်ကလွတ်ဖို့အတွက် အခုပွဲစဉ်ကို မဖြစ်မနေရမှတ်ရှာဖွေရမှာဖြစ်ပြီး ရမှတ်ခွဲယူဖို့ ကြိုးစားလာမှာပါ။ ဒါကြောင့် အနိမ့်ဆုံးသရေရလဒ်ရရှိအောင် ကစားလာမဲ့ ညီသည်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – ချဲလ်ဆီး ၁ – ၁ နော်တင်ဟမ်**

## အီတလီစီးရီးအေ ပွဲစဉ် (၃၅) ပွဲကြိုသုံးသပ်ချက်

ML

**အင်တာမီလန် Vs ဆက်ဆူအိုလို**

**ကစားမည့်ရက်/အချိန် ၁၄-၅-၂၀၂၃ (နံနက် ၀၁:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆက်ဆူအိုလို ၀ – ၁ အင်တာမီလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| အင်တာမီလန် – | ဝေး(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| ဆက်ဆူအိုလို – | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

အင်တာမီလန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက် နိုင်ပွဲရခဲ့ပြီး တိုက်စစ်ပိုင်းက ၁၄ ဂိုးထိ သွင်းယူနိုင်ခဲ့တာကြောင့် အခုပွဲစဉ်ကိုလဲ နိုင်ပွဲရဖို့ ကြိုးစားလာမှာပါ။ ရမှတ်လိုအပ်ချက်မရှိတဲ့ ဆက်ဆူအိုလိုကတော့ ကစားသမားစုဖွဲ့မှုအားနည်းသလို အဝေးကွင်းခံစစ်ပိုင်းစိတ်မချရတာကြောင့် အခုပွဲစဉ်မှာ ရှုန်းကန်ရမှာပါ။ ဒါကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုနေတဲ့ အင်တာမီလန်နဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – အင်တာမီလန် ၂ – ၀ ဆက်ဆူအိုလို**

## အားကစားသတင်း အတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက လာမည့်နွေရာသီတွင် တိုက်စစ်မှူး အမ်ဘက်ပီနှင့် ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်တို့ နှစ်ဦးစလုံးကို ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ဗီလာရီးရဲလ်အသင်းက အသက် ၃၇ နှစ်ရှိ ခံစစ်ကစားသမား အယ်ဘီယိုကို ၂၀၂၄ ခုနှစ်ထိ တစ်နှစ်သက်တမ်းတိုးခဲ့ကြောင်း သိရသည်။

ML

## တိုက်စစ်မှူးနယ်လ်ဆင် အာဆင်နယ်အသင်း၏ စာချုပ်သစ်ကိုငြင်းပယ်၍ အသင်းပြောင်းရွှေ့ရန်ပြင်ဆင်



**လန်ဒန် မေ ၁၁**

တိုက်စစ်မှူး နယ်လ်ဆင်သည် ယခုနှစ် ဘောလုံးရာသီကုန်တွင် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်း၏စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းပယ်ကာ အသင်းပြောင်းရွှေ့ရန် ပြင်ဆင်လျက်ရှိကြောင်း Dailycannon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ပံတိုက်စစ်မှူး နယ်လ်ဆင်သည် ယခုနှစ် ဘောလုံးရာသီ ပြိုင်ပွဲစုံ ၁၆ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုးသုံးဂိုးနှင့် ဂိုးဖန်တီးမှုသုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သော်လည်း ဆာကာနှင့် မာတင်နယ်လီတို့၏ နောက်တွင်သာ ဒုတိယဦးစားပေးကစားသမားအဖြစ် ပါဝင်နေရသဖြင့် ပွဲကစားခွင့် ပိုမိုရရှိမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေပြီး အာဆင်နယ်အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းဆိုခဲ့ကြောင်း သိရသည်။

၎င်းသည် အာဆင်နယ်လူငယ်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၈ ခုနှစ်က အသင်းကြီးသို့ ငါးနှစ်စာချုပ်ဖြင့် ရောက်ရှိခဲ့ပြီးနောက် ဟော်ဖန်ဟိမ်း၊ ဗီရင်နှ အသင်းတို့သို့ အငှားစာချုပ်ဖြင့် သွားရောက်ခဲ့ချိန်တွင်လည်း ခြေစွမ်းပြသွင်းဂိုးများ သွင်းယူနိုင်ခဲ့သောကြောင့် ယခုရာသီတွင် အသင်းနှင့် ပြန်လည်ပူးပေါင်းခွင့်ရရှိခဲ့ပြီး နည်းပြအာတီတာ လက်အောက်တွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသဖြင့် အသင်းမှထွက်ခွာရန် စီစဉ်နေကာ ပုံမှန်ပွဲကစားခွင့်ရရှိမည့် ပရီးမီးယားလိဂ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့မည်ဖြစ်သည်။

အသက် ၂၃ နှစ်ရှိ နယ်လ်ဆင်သည် အလားအလာကောင်းသည့် ကစားသမားတစ်ဦး ဖြစ်သည့်အတွက် ဘရိုက်တန်အသင်းအပါအဝင် ပရီးမီးယားလိဂ် ကလပ်အသင်းအများစုက အပြိုင်ကမ်းလှမ်းနေသောကြောင့် အသင်း၏စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းဆိုခဲ့ပြီး အာဆင်နယ် အသင်းအနေဖြင့်လည်း ၎င်းကိုပွဲကစားခွင့်အာမခံချက်မပေးနိုင်သဖြင့် စာချုပ်သက်တမ်းကုန်ဆုံးပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွတ်ရဖွယ်ရှိကြောင်း သိရသည်။

ML

## စပါးဂိုးသမား လိုရစ်ကို ဆော်ဒီကလပ်အသင်းတစ်သင်းက မြင့်မားသည့်လုပ်ခလစာဖြင့် ကမ်းလှမ်းခဲ့

**လန်ဒန် မေ ၁၁**

စပါးအသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်သာ ကျန်ရှိတော့သည့် ဂိုးသမားလိုရစ်ကို ဆော်ဒီအာရေဗျကလပ် အသင်းတစ်သင်းက လာမည့်နွေရာသီအပြောင်းအရွှေ့တွင် မြင့်မားသည့် လုပ်ခလစာဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂိုးသမားလိုရစ်သည် လက်ရှိ စပါးအသင်းတွင် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၁၀၀၀၀၀ ရရှိနေသော်လည်း ဆော်ဒီကလပ်အသင်းတစ်သင်းက ယခု လုပ်ခလစာထက် သုံးဆတိုးမြှင့်ကာ ကမ်းလှမ်းထားပြီး ကစားသမားအနေဖြင့်လည်း ပုံစံကောင်းပျောက်ဆုံးနေသဖြင့် စပါးအသင်းနှင့် အနာဂတ်မသေချာတော့ဘဲ ထွက်ခွာရန် နီးစပ်နေကြောင်း သိရသည်။

လိုရစ်သည် စပါးအသင်းနှင့် ၁၁ နှစ်ကျော် လက်တွဲခဲ့ရာတွင် ပြိုင်ပွဲစုံ ၄၄၇ ပွဲပါဝင်ကစားပေးခဲ့ပြီး အဓိက ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ယခုရာသီတွင် ပုံမှန်လက်စွမ်းအောက်ကျဆင်းခဲ့သဖြင့် အသင်းတာဝန်ရှိသူများက လာမည့် အပြောင်းအရွှေ့တွင် ပထမဦးစားပေး ဂိုးသမားတစ်ဦး ထပ်မံခေါ်ယူရန် ပြင်ဆင်လျက်ရှိနေပြီး လီတာပူးအသင်းမှ ကီလာဟာကို ချိတ်ဆက်နေသောကြောင့် စပါးအသင်းနှင့် လိုရစ်တို့၏အနာဂတ်မှာ အဆုံးသတ်ရန် သေချာလျက်ရှိသည်။

လက်ရှိတွင် ဆော်ဒီအာရေဗျကလပ်အသင်းများ အနေဖြင့် ဥရောပ ထိပ်သီးကလပ်များက ကစားသမားများကို မြင့်မားသည့်လုပ်ခလစာဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေပြီး အယ်နာဆာအသင်းက စီရော်နယ်ဒိုကို ခေါ်ယူခဲ့ပြီးနောက် အခြားကလပ် အသင်းများက ဗီအက်စ်ဂျီအသင်း တိုက်စစ်မှူး မက်ဆီ၊ ဘာစီလိုနာအသင်းကစားသမား ဘက်စ်ကွက်တို့ကိုခေါ်ယူရန် ချိတ်ဆက်နေသည့်အပြင် စပါးအသင်း ကစားသမား လိုရစ်ကိုလည်း တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၃၀၀၀၀၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားပြီး ကစားသမား၏ဆုံးဖြတ်ချက်အပေါ် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။ ML

## အက်စ်ပန်ညိုနှင့်ပွဲစဉ်တွင် ဘာစီလိုနာအသင်းပရိသတ်များ အသင်းဂျာစီဝတ်ဆင်ပြီး အားပေးခွင့်ရရှိမည်မဟုတ်ဟုဆို

**ကတ်တလန် မေ ၁၁**

စပိန်လာလီဂါ ပွဲစဉ်အဖြစ် ကစားခဲ့သည့် ကတ်တလန်ဒေသအခြေစိုက် အသင်းနှစ်သင်းဖြစ်သည့် အက်စ်ပန်ညိုအသင်းနှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်တွင် ဘာစီလိုနာအသင်း ပရိသတ်များအနေဖြင့် ၎င်းတို့ အသင်းဂျာစီများကိုဝတ်ဆင်ပြီး ကွင်းအတွင်းဝင်ရောက်အားပေးခွင့်ကို အက်စ်ပန်ညိုအသင်းက ပိတ်ပင်ထားသည့်အတွက် ဝတ်ဆင်ခွင့်ရရှိမည်မဟုတ်ကြောင်း မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကတ်တလန်ဒါဘီ ပွဲစဉ်အဖြစ် အက်စ်ပန်ညိုအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် မေ ၁၅ရက်တွင် အက်စ်ပန်ညိုအသင်းအိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အက်စ်ပန်ညိုအသင်းက အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းပရိသတ်များကို ကွင်းအတွင်းဝင်ရောက် အားပေးမည်ဆိုပါက ဘာစီလိုနာအသင်း ဂျာစီဝတ်ဆင်ခွင့်ပြုမည်မဟုတ်သည့်အပြင် ဘာစီလိုနာအသင်း နဖူးစီးများနှင့် လည်စည်းများကိုလည်းဝတ်ဆင်ခွင့် တားမြစ်သွားမည်ဖြစ်သည်။



စပိန်လာလီဂါပွဲစဉ် ပထမအကျော့ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်း အိမ်ကွင်းတွင် ကစားခဲ့စဉ်က ဘာစီလိုနာအသင်းက အက်စ်ပန်ညိုအသင်း ပရိသတ်များကို လက်မှတ်အား အနည်းငယ်သာ ရောင်းချခဲ့ပြီး လာရောက်အားပေးသည့် အက်စ်ပန်ညိုအသင်းပရိသတ်များကိုလည်း ၎င်းတို့အသင်းဂျာစီဝတ်ဆင်ခွင့် တားမြစ်ခဲ့သကဲ့သို့ အသုံးအဆောင်များယူဆောင်ခွင့်ကိုလည်း တားမြစ်ခဲ့သည့်အတွက် ယခုအခါ အက်စ်ပန်ညိုအသင်းကလည်း ဘာစီလိုနာအသင်းပရိသတ်များကို ဘာစီလိုနာအသင်းဂျာစီ ဝတ်ဆင် အားပေးခွင့်ပိတ်ပင်ခဲ့သကဲ့သို့ အသုံးအဆောင်ပစ္စည်းများ ယူဆောင်ခွင့်ကိုလည်း ပြန်လည်ပိတ်ပင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA

# ယခုကျင်းပနေသည့် ၂၀၂၃ ဆီးဂိမ်းတွင် ရွှေတံဆိပ် ၁၄ ခု ရယူထားသော မြန်မာအားကစားအဖွဲ့အနေဖြင့် ၂၀၁၃ ခုနှစ်နောက်ပိုင်း ရွှေတံဆိပ်ရရှိမှုအများဆုံးအဖြစ် ရပ်တည်




**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံမှ အားကစားအဖွဲ့အနေဖြင့် ဆီးဂိမ်းပြိုင်ပွဲတွင် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲနောက်ပိုင်း လက်ရှိ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲ၌ ရွှေတံဆိပ် ၁၄ ခုရရှိခဲ့သဖြင့် ရွှေတံဆိပ်ရရှိမှုအများဆုံးပြိုင်ပွဲ ဖြစ်လာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားအဖွဲ့က စုစုပေါင်း ရွှေတံဆိပ် ၈၆ ခုရရှိခဲ့ပြီး ရွှေတံဆိပ်ရရှိမှု အများဆုံးပြိုင်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ငွေတံဆိပ် ၆၂ခု၊ ကြေးတံဆိပ် ၈၅ ခုထိ ရရှိခဲ့သည်။

၂၀၁၃ဆီးဂိမ်းပြိုင်ပွဲနောက်ပိုင်း မြန်မာအားကစားအဖွဲ့ အနေဖြင့် ပြီးခဲ့သည့် ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၂ ခု၊ ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ခုနစ်ခု၊ ၂၀၁၉ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခုသာရရှိခဲ့ပြီး ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ကိုးခု ရရှိခဲ့သော်လည်း လက်ရှိ ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲမပြီးဆုံးမီကတည်းက ရွှေတံဆိပ် ၁၄ ခုရရှိထားပြီး နောက်ထပ် ရွှေတံဆိပ်ဆုများကိုလည်း ဆက်လက်မျှော်လင့်ခွင့်ရှိနေသည်။

၂၀၂၃ဆီးဂိမ်းပြိုင်ပွဲ ယနေ့ကျင်းပခဲ့သည့် ပြိုင်ပွဲများအပြီး၌ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုများကို ဗိုဗီနမ်အားကစားနည်းမှ ရွှေလေးခု၊ခြင်းလုံးအားကစားနည်းမှ ရွှေလေးခု၊ ဘီလိယက်အားကစားနည်းမှ ရွှေ နှစ်ခု၊ ပိုက်ကျော်ခြင်းအားကစားနည်းမှရွှေနှစ်ခု၊ ခွန်ဘိုကာတာအားကစားနည်းမှ ရွှေတစ်ခုနှင့်ပီတန်းအားကစားနည်းမှ ရွှေတစ်ခုအသီးသီးဆွတ်ခူးထားခြင်း ဖြစ်ကြောင်း သိရသည်။ STA

# Italian Open တင်းနစ်ပြိုင်ပွဲပထမအဆင့်တွင် အင်ဒီမာရေးက ဖော့နီနီကို ရှုံးနိမ့်



**ရိုးမား မေ ၁၁**

အီတလီနိုင်ငံ ရိုးမားမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်ကစားသမားအင်ဒီမာရေးနှင့် အီတလီတင်းနစ်ကစားသမား ဖော့နီနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဖော့နီနီက အင်ဒီမာရေးကို (၆-၄၊ ၄-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဒီမာရေးသည် အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ပြန်လည်တက်ရောက် နိုင်ရေးအတွက် အကောင်းဆုံးကြိုးစားပြင်ဆင်နေသော်လည်း ယခင်ပုံစံမျိုးပြန်လည်ရရှိရန် ရုန်းကန်နေရသည်။

အင်ဒီမာရေးနှင့် ဖော့နီနီသည် တင်းနစ်လောကအတွင်းသို့ တစ်နှစ်တည်းအတူ ဝင်ရောက်လာခဲ့ကြသည့် ပြိုင်ဘက်ဟောင်းများဖြစ်ကြသလိုတစ်ဦးနှင့်တစ်ဦး ကစားပုံကိုလည်း ကောင်းစွာသိရှိထားသည့်အတွက် အကြိတ်အနယ်ရှိသည့်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သော်လည်း နှစ်ဦးစလုံးမှာ အသက် ၃၅ နှစ်အရွယ်ရှိနေပြီဖြစ်သည့်အတွက် ကြံ့ခိုင်မှုပိုင်းက အကောင်းဆုံးပုံစံတွင် ရှိမနေတော့သည့် အခြေအနေဖြစ်နေသည်။

အင်ဒီမာရေးအနေဖြင့် ၂၀၁၇ ခုနှစ်နောက်ပိုင်းတွင် မြေစေးကွင်းတွင် ယှဉ်ပြိုင်ရသည့် Italian Open တင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပြန်လည်ပါဝင်ယှဉ်ပြိုင်လာခြင်းလည်းဖြစ်သည်။

အင်ဒီမာရေးအနေဖြင့် Italian Open တင်းနစ်ပြိုင်ပွဲတွင် အကောင်းဆုံးကြိုးစားခဲ့သော်လည်း ပွဲကစားချိန်အတွင်း အငြင်းပွားဖွယ်ရာပြဿနာများ ဖြစ်ပေါ်ခဲ့သည့်အတွက် အီတလီပရိသတ်များ၏ လှောင်ပြောင်မှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ AZL

# US PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တိုက်ဂါးဝုဒ် ပါဝင်နိုင်မည်မဟုတ်ကြောင်း PGA Tour အဖွဲ့ချုပ်ပြောကြား

**နယူးယောက် မေ ၁၁**

ဂေါက်သီးရိုက် လောက၏ အအောင်မြင်ဆုံးသောကစားသမားစာရင်းတွင် ပါဝင်နေသည့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား တိုက်ဂါးဝုဒ်သည် မေ ၁၈ ရက်တွင် နယူးယောက်၌ ကျင်းပသွားမည့် US PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည် မဟုတ်ကြောင်း PGA Tour အဖွဲ့ချုပ်က အတည်ပြုခဲ့သည်ဟု Stuff သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

PGA Tour က ပြိုင်ပွဲဝင်မည့် အတည်ပြုကစားသမားများ ၁၅၅ဦး စာရင်းကို ထုတ်ပြန်ခဲ့ရာတွင် ဒဏ်ရာကြောင့် အနားယူနေရသည့် ဂျော်ဒန်စပိုက် ပါဝင်လာခဲ့ပြီး တိုက်ဂါးဝုဒ်သည် ခြေချင်းဝတ်ဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူထားသည့်အတွက် ပြိုင်ပွဲဝင်နိုင်ခြင်းမရှိတော့ကြောင်းလည်း PGA Tour က အတည်ပြုသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အသက် ၅၀ ရှိနေပြီဖြစ်သည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား မစ်ကီဆန်သည်လည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သလို လက်ရှိချန်ပီယံ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သောမတ်စ်သည်လည်း ပါဝင်မည်ဖြစ်သည်။

လက်ကောက်ဝတ်ဒဏ်ရာ ရရှိထားသည့် ဂျော်ဒန်စပိုက်သည် ကာလရှည် အနားယူရမည်ဟု ထုတ်ပြန်ထားသော်လည်း US PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့သည်။

တိုက်ဂါးဝုဒ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက လော့အိန်ဂျလိစ်တွင်ဖြစ်ပွားခဲ့သော ယာဉ်တိမ်းမှောက်မှုကြောင့် ရရှိထားသည့် ဒဏ်ရာများအား မကြာခဏ ဆေးကုသမှု ပြန်လည်ပြုလုပ်နေရသည့်အတွက် ယာဉ်တိမ်းမှောက်ပြီးနောက်ပိုင်းတွင် တိုက်ဂါးဝုဒ်အနေဖြင့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ရုန်းကန်ခဲ့ရသည်။

လက်ရှိ ခွဲစိတ်ကုသမှုခံယူထားရသည့် အခြေအနေကြောင့်လည်း တိုက်ဂါးဝုဒ်အနေဖြင့် မည်သည့်ကာလထိ အနားယူရမည်ကိုမသိရသေးကြောင်း ထုတ်ပြန်ခဲ့သည်။

AZL

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃၂) ပွဲကြိုသုံးသပ်ချက်များ

S T A

**ဘိုင်ယန်မြူးနစ် Vs ရော်လ်ကေး**

**ကစားမည့်ရက်/အချိန် ၁၃-၅-၂၀၂၃ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရော်လ်ကေး ၀ - ၂ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |
| ရော်လ်ကေး | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |

ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံဆုအတွက် ဒေါ့မွန်အသင်းနဲ့ အားပြိုင်နေရလို့ အခုပွဲစဉ်မှာသရေရလဒ်တောင်ထွက်ပေါ်လို့မရပါဘူး။ ရော်လ်ကေးအသင်းကလဲ တန်းဆင်းဇုန်ဖိအားရှိနေလို့ ရုန်းကန်နေရတယ်ဆိုပေမဲ့ ဘိုင်ယန်မြူးနစ်အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဘိုင်ယန်မြူးနစ် ၃ - ၁ ရော်လ်ကေး**

**ယူနီယံဘာလင် Vs ဖရိုင်းဘတ်**

**ကစားမည့်ရက်/အချိန် ၁၃-၅-၂၀၂၃ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရိုင်းဘတ် ၄ - ၁ ယူနီယံဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | - | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(ရှုံး) |
| ဖရိုင်းဘတ် | - | ဝေး(နိုင်) | အိမ်(ရှုံး) | အိမ်(ရှုံး) |

နှစ်သင်းစလုံးရမှတ်တူညီနေပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက်လဲ အားပြိုင်နေရလို့ အမှားခံမှာမဟုတ်ပါဘူး။ ယူနီယံဘာလင်အသင်းကတော့ အိမ်ကွင်းဆိုရင်အသင်းလိုက် ကစားပုံတည်ငြိမ်မှုရှိပါတယ်။ ဖရိုင်းဘတ်အသင်းကတော့ နှစ်ပွဲဆက်ရှုံးပွဲကြုံထားပြီး ရုန်းကန်နေရပါတယ်။ ဒါကြောင့် ယူနီယံဘာလင်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ယူနီယံဘာလင် ၃ - ၂ ဖရိုင်းဘတ်**

# ပြင်သစ်လီဂူး ပွဲစဉ် (၃၅) ပွဲကြိုသုံးသပ်ချက်များ

S T A

**စထရာဘော့ Vs နိုက်**

**ကစားမည့်ရက်/အချိန် ၁၃-၅-၂၀၂၃ (ည ၀၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နိုက် ၁ - ၁ စထရာဘော့**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| စထရာဘော့ | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |
| နိုက် | - | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

နိုက်အသင်းအတွက် ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေသေးသလို စထရာဘော့အသင်းကလဲ တန်းဆင်းဇုန်ဖိအားရှိနေပါတယ်။ နောက်ပိုင်းပွဲစဉ်တွေမှာ နှစ်သင်းစလုံး ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတယ်ဆိုပေမဲ့ စထရာဘော့အသင်းရဲ့ ခံစစ်ပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဒီပွဲမှာ တိုက်စစ်ပိုင်းပိုမိုအားကောင်းတဲ့ နိုက်အသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - စထရာဘော့ ၁ - ၂ နိုက်**

**ပီအက်စ်ဂျီ Vs အေဂျက်စီယို**

**ကစားမည့်ရက်/အချိန် ၁၄-၅-၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေဂျက်စီယို ၀ - ၃ ပီအက်စ်ဂျီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |
| အေဂျက်စီယို | - | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(သရေ) |

လက်ရှိခြေစွမ်းပိုင်းအရ အေဂျက်စီယိုအသင်းအတွက် အဝေးကွင်းမှာသရေရလဒ်တောင် မျှော်လင့်လို့မရပါဘူး။ ပီအက်စ်ဂျီအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ အေဂျက်စီယိုအသင်းကို အိမ်ကွင်းမှာနိုင်ပွဲရယူဖို့ ခက်ခဲမှာမဟုတ်ဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းရဲ့ အနိုင်ရလဒ်က သေချာနေပါတယ်။

**အင်တာနက်ခန့်မှန်း - ပီအက်စ်ဂျီ ၄ - ၀ အေဂျက်စီယို**

ခရီးသွားဆောင်းပါး

# ကျောက်ဆည်မြို့နှင့် ရွှေသာလျောင်းတောင်

သက်နိုင်(မြင်ဦးလွင်)

ဒီတစ်ခေါက်ခရီးစဉ်မှာ ရွှေသာလျောင်းတောင်ကို တက်ရောက်ကြဖို့အတွက် ကျောက်ဆည်မြို့ကို ရောက်ရှိနေကြပါပြီ။ ကျောက်ဆည်မြို့လို့ဆိုလိုက်ရင် ဆင်ရုပ်ကြီးတွေ၊ ဆင်အကတွေနဲ့ တွဲဖက်မြင်ကြသူ များပြားသလို ဆင်တွေ၊ ဆင်ရုပ်တွေက ကျောက်ဆည်မြို့ရဲ့ အမှတ်သင်္ကေတလဲဖြစ်နေကြပါတယ်။ ပုဂံခေတ်အခါကတည်းက ကျောက်နဲ့တည်ဆောက်ထားတဲ့ ဆည်ကြီးတွေရှိနေတာကြောင့် ကျောက်ဆည်လို့ခေါ် ဆိုခဲ့ကြခြင်းဖြစ်ကြောင်း သိထားရတယ်။ ဆင်နဲ့ပတ်သက်လို့လဲ ပုဂံခေတ်အခါကတည်းကလို့ဆိုကြပြီး ပုဂံပြည်ကနေ ဗုဒ္ဓစွယ်တော်တွေ တင်ဆောင်ပင့်ယူလာတဲ့ဆင်က ကျောက်ဆည်အရပ်မှာ ခေတ္တဝပ်တွားနားနေခဲ့တယ်ဆိုပြီး ယူဆထားကြတယ်။

ရွှေသာလျောင်းတောင်ပေါ်ကို တက်ရောက်ကြဖို့အတွက် ကျောက်ဆည်မြို့တွင်းကနေ ဖြတ်သန်းမောင်းနှင်လာခဲ့ရပြီး တောင်တက်ကားလမ်းရှိရာတောင်ခြေကို ရောက်လာကြတယ်။ တောင်တက်ကားလမ်းအစက ဝေဘူဆရာတော် သီတင်းသုံးနေထိုင်ခဲ့တဲ့ နာမည်ကျော်ဝေဘူချောင်အနားမှာပါ။ ဝေဘူချောင်လို့ပြောလိုက်တာနဲ့ ဝေဘူဆရာတော်ကြီး သီတင်းသုံးခဲ့တဲ့နေရာအရပ်ဆိုတာကို လူသိများကြတယ်။ ရွှေသာလျောင်းတောင်က မန္တလေးတောင်ထက် ၂၁ ပေ ပိုမြင့်ပါတယ်။ တောင်တက်ကားလမ်း မရှိခင်တုန်းက စောင်းတန်းလှေကားထစ်တွေအတိုင်း ပင်ပင်ပန်းပန်း တက်ရောက်ခဲ့ကြရတယ်။

ကွန်ကရစ်ခင်းကားလမ်းက တောင်ပေါ်ကိုစတက်တာနဲ့ မတ်စောက်ပြီး အကွေ့အကောက်တွေများနေတယ်။ တချို့အတက်ကွေ့တွေမှာ နောက်ဆုံးဂီယာနံပါတ်ဝမ်းကိုထိုးပြီး ငယ်သံပါအောင် အော်တက်နေရလို့ ကားလေးကို သနားလာတယ်။ တက်ရင်းမောင်းရင်းနဲ့ ကျောက်သင်္ဘောကျောင်းတိုက်ကိုရောက်တော့ ကားကိုခဏရပ်ပြီး ဒါက ကျောက်သင်္ဘောပါ။ အပြန်မှဝင်ကြရအောင်ဆိုပြီး ပြောပြရသေးတယ်။ အခုခရီးစဉ်မှာ ခရီးဖော်တွေအားလုံးက ရွှေသာလျောင်းတောင်ပေါ်ကို တစ်ခါမှမရောက်ဖူးကြသေးပါဘူး။ ကားလေးကို ဝမ်းဂီယာချိန်းလိုက်၊ တူးဂီယာချိန်းလိုက်နဲ့တက်လာရင်း ဓာတ်လှေကားနေရာကို မွန်းလွဲ ၁ နာရီကျော်မှ ရောက်လာကြတယ်။ ဓာတ်လှေကားရှိတဲ့နေရာက တောင်ထိပ်မဟုတ်သေးဘဲ မန္တလေးတောင်လို ဓာတ်လှေကားနဲ့တက်တက်၊ စောင်းတန်းလှေကားတွေအတိုင်းတက်တက် တက်လို့ရတဲ့နေရာတစ်ခုပါ။ ကားတွေကိုလဲ ဓာတ်လှေကားအနီးက ကားရပ်နားကွင်းမှာ ရပ်ထားခဲ့ရတယ်။

ကားရပ်ပြီး အောက်ကိုဆင်းလိုက်ကြတာနဲ့ မီးမလာသေးလို့ ဓာတ်လှေကားနဲ့ တက်လို့မရဘူး။ စောင်းတန်းလှေကားအတိုင်း တက်ရမယ်ဆိုပြီး ဆိုင်တစ်ဆိုင်ထဲကနေ အမျိုးသမီးတစ်ယောက် အော်ပြောသံကို ကြားလိုက်ရတယ်။ ဒါပေမဲ့ စောင်းတန်းလှေကားတွေအတိုင်း တက်ရောက်ကြဖို့ ပြင်ဆင်နေတဲ့အချိန်မှာပဲ "မီးလာပြီ၊ မီးလာပြီ"ဆိုသံတွေကြောင့် ဓာတ်လှေကားနဲ့တက်လို့ ရ၊ မရ စုံစမ်းကြည့်တော့ ရပြီဖြစ်ကြောင်း သိလိုက်ရတယ်။ တောင်ထိပ်စေတီတော်ကြီးရှိရာကို ဓာတ်လှေကားနဲ့ တက်ရောက်ခဲ့ကြပါပြီ။ တရွေ့ရွေ့မြင့်တက်လာတဲ့ ဓာတ်လှေကား မှန်ပြတင်းအကာအရံတွေကတစ်ဆင့် တောင်အောက်မှာရှိနေတဲ့ ရှုမျှော်ခင်းမြင်ကွင်းတွေကို တရိပ်ရိပ်နဲ့ပီပီပြင်ပြင် မြင်တွေ့လာရတယ်။ ဒါပေမဲ့ ရှုခင်းတွေကိုကြည့်လို့မဆုံးခင်မှာ ဓာတ်လှေကားက တောင်ထိပ်ကိုရောက်ရှိလာပြီး ရပ်တန့်သွားတော့တယ်။

အချိန်ရာသီက နွေဦးကာလရောက်ရှိနေပြီဖြစ်တာကြောင့် မန္တလေး၊ စစ်ကိုင်း၊ ကျောက်ဆည်ဒေသတွေမှာ စတင်ပူပြင်းစပြုနေပါပြီ။ ရွှေသာလျောင်းတောင်ပေါ်ကိုရောက်လာပြီး ကားရပ်လိုက်တဲ့ထိလဲ အပူဒဏ်ကို ခံစားနေရဆဲပါ။ ဒီလိုပူပြင်းခြောက်သွေ့နေတဲ့အချိန်မှာ ဓာတ်လှေကားထဲကနေ အပြင်ကိုထွက်လိုက်တာနဲ့တစ်ပြိုင်နက် တဟူးဟူးတိုက်ခတ်နေတဲ့ လေအေးအေးလေးတွေကို အရသာရှိရှိ ထိတွေ့ခံစားလိုက်ရတယ်။ လေတွေက အေးအေးမြမြနဲ့ အဆက်မပြတ်တိုက်ခတ်နေတာပါ။ ဓာတ်လှေကားတံခါးအပေါက်ဝနဲ့ စေတီတော်ကြီးက ပေ ၁၀၀ လောက် ကွာဝေးနေသေးတာကြောင့် ဓာတ်လှေကားစင်္ကြံလမ်းမှာ အေးမြတဲ့သဘာဝလေတွေရဲ့အရသာကို ထိတွေ့ခံစားကြရင်း ဓာတ်ပုံတွေရိုက်လိုက်၊ လမ်းလျှောက်လိုက်နဲ့ အေးအေးဆေးဆေး အချိန်ဖြုန်းမိလိုက်ကြတယ်။

ရွှေသာလျောင်းစေတီတော်နဲ့ ရင်ပြင်ကိုရောက်တဲ့အခါမှာလဲ ဘုရားရှိခိုးကန်တော့တဲ့အချိန်နဲ့ ရင်ပြင်ပေါ်ကနေ ရှုခင်းတွေကိုကြည့်ရှုကြတဲ့အချိန် နှိုင်းစာလိုက်ရင် ရှုခင်းကြည့်တဲ့အချိန်တွေက ပိုမိုကြာမြင့်နေခဲ့တယ်။ တောင်ထိပ်ပေါ်ကနေ တောင်ကြောတစ်လျှောက် အလျားလိုက်မြင်ကွင်း၊ ကျောက်ဆည်မြို့ အနီးကပ်မြင်ကွင်း၊ မြို့ရှောင်လမ်းမကြီးနဲ့ မြင်စိုင်းမြို့ဟောင်းမြင်ကွင်း စတာတွေက တောင်ပေါ်ကိုတစ်ခါမှမရောက်ဖူးသေးတဲ့ ခရီးဖော်တွေအားလုံးရဲ့ စိတ်ဝင်စားမှုကို ညို့ယူဖမ်းစားနိုင်ကြပါတယ်။ တောင်ကြောတစ်လျှောက် တစ်ဆူပြီးတစ်ဆူ အစီအရီရှိနေတဲ့ စေတီတော်ကြီးတွေ၊ တောင်ထွတ်တောင်ဖျား၊ တောင်ကမ်းပါးယံတွေမှာ တည်ရှိနေကြတဲ့ စေတီတော်တွေ၊ ဗုဒ္ဓဆင်းတုတော်တွေရှိရာကို ခရီးဖော်တွေအားလုံးက သွားရောက်လိုကြတယ်။ ဒီနေရာတွေ၊ ဆင်းတုတော်တွေ စုံလင်အောင် သွားမယ်ဆိုရင် တောင်တစ်တောင်လုံးဖြစ်ပြီး တစ်နေကုန်ခရီးမှဖြစ်တော့မှာပါ။ ဒါကြောင့် တောင်ပေါ်မှာရှိတဲ့ စေတီတော်ကြီးကိုသာ ဖူးမြော်ခဲ့ရတယ်။

သာယာလှပတဲ့ ကျောက်ဆည်မြို့မြင်ကွင်းကို တောင်ပေါ်ကနေပဲ ကြည့်ရှုခဲ့ကြရတယ်။ လယ်ကွင်းစိမ်းစိမ်းတွေ ဝန်းရံထားပြီး မြစ်တွေ၊ ချောင်းတွေ၊ မြောင်းတွေ၊ အဝေးပြေးလမ်းမကြီးတွေ၊ လူနေအိမ်အဆောက်အအုံတွေ၊ တက္ကသိုလ်ကြီးတွေ၊ သစ်ပင်တောတန်းလေးတွေ စတာတွေကို အပေါ်စီးကနေ အနီးကပ်မြင်တွေ့နေရတယ်။ အသစ်ဖောက်လုပ်ထားတဲ့ အဆင့်မြင့်ခြောက်လမ်းသွား မြို့ရှောင်လမ်းမကြီးနဲ့ အတူ တွဲဖက်မြင်တွေ့နေရတာက မြင်စိုင်းမြို့ဟောင်းနဲ့ နန်းဦးစေတီတော်ကြီးပါ။ မြင်စိုင်းမြို့ဟောင်းကို မကြာခဏ ရောက်ရှိဖူးနေတဲ့ မိမိအနေနဲ့ အဲဒါက မြင်စိုင်းမြို့ဟောင်းပါဆိုပြီး လက်ညှိုးထိုးပြောဆိုပြသလိုက်တာနဲ့ ခရီးဖော်တွေအားလုံးက သွားချင်စိတ်တွေပေါက်သွားကြတာနဲ့အတူ ရွှေသာလျောင်းတောင်ပေါ်က ဆင်းရင် လိုက်လံပို့ဆောင်ဖို့ တောင်းဆိုကြတယ်။

စေတီတော်မှာ ဘုရားဖူး၊ ပတ်ဝန်းကျင်ကရှုခင်းတွေကို ကြည့်ရှုလေ့လာပြီးတာနဲ့ ကားရပ်ခဲ့တဲ့နေရာကို ပြန်ဆင်းကြဖို့ ပြင်ဆင်ကြတယ်။ ဒါပေမဲ့ အလာတုန်းကလို ဓာတ်လှေကားနဲ့မဟုတ်တော့ဘဲ စောင်းတန်းလှေကားထစ်တွေအတိုင်း ပြန်ဆင်းလာကြတယ်။ ကားရပ်နားစခန်း ဈေးဆိုင်တန်းကိုရောက်တော့ မွန်းလွဲ ၂ နာရီကျော်နေပါပြီ။ အမှတ်တရပစ္စည်းနဲ့ ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်တွေမှာ လိုက်လံကြည့်ရှုဝယ်ယူကြရင်း စားသောက်ဆိုင်တစ်ဆိုင်မှာ ဝင်ရောက်နားနေ စားသောက်ကြရတယ်။ တောင်တွေကို တစ်လုံးပြီးတစ်လုံး တက်လိုက်၊ ဆင်းလိုက်၊ ဘုရားဖူးလိုက်၊ လေ့လာကြည့်ရှုလိုက်နဲ့ အချို့ခရီးဖော်တွေ ဗိုက်ဆာနေကြပါပြီ။ ဝင်ရောက်နားနေ စားသောက်ကြတဲ့နေရာက စားသောက်ဆိုင်ဆိုပေမဲ့ အုတ်ခုံရှိုးကြီးတစ်ခုပေါ်မှာ ဖျာတွေခင်းထားပြီး ခြေတိုစားပွဲဝိုင်းတွေနဲ့ ထိုင်ကြရတာပါ။ အပေါ်မှာလဲ အရိပ်ကောင်းကောင်း သစ်ပင်ကြီးတွေက အုပ်မိုးပေးထားတာကြောင့် အေးမြလို့နေတယ်။



ရွှေသာလျောင်းတောင်တော်ကို မြင်တွေ့ရစဉ်။

စားသောက်ဆိုင်တွေမှာ ရရှိတဲ့အစားအသောက်တွေက ထမင်းဆီဆမ်း၊ ထမင်းသုပ်တွေနဲ့အတူ လက်ဖက်သုပ်၊ ချင်းသုပ်၊ ဒေသထွက်အပွင့်အရွက်တွေဖြစ်တဲ့ သခွတ်ပွင့်သုပ်၊ ထနောင်းရွက်သုပ် စတာတွေနဲ့ အခြား အပွင့်၊ အရွက်သုပ် မျိုးစုံပါ။ မန္တလေးဒေသခံ စာရေးဆရာ ခရီးဖော်တစ်ယောက်က ထနောင်းရွက်သုပ်က ဆေးဖက်ဝင်ပြီး စားလို့လဲကောင်းတယ်ဆိုတာနဲ့ ထနောင်းရွက်သုပ်တစ်ပွဲမှာပြီး ထမင်းဆီဆမ်း၊ ရေနွေးပူပူနဲ့ စားသောက်လိုက်ကြတယ်။ စားသောက်နေကြရင်းနဲ့ ဆေးဖက်ဝင်တယ်ဆိုတဲ့ ထနောင်းရွက်ကို မသိတော့ဘဲ စားလို့ကောင်းတဲ့ ထနောင်းရွက်ဆိုတာပဲ သိလိုက်ရတော့တယ်။ စားသောက်ပြီးတာနဲ့ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

ကျောက်ဆည်ရွှေသာလျောင်းတောင်က အတက်၊ အဆင်း မတ်စောက်တာကြောင့် အတက်ခရီးမှာ သတိထား တက်ရောက်မောင်းနှင်လာခဲ့ရသလို အဆင်းခရီးမှာလဲ အန္တရာယ်မဖြစ်အောင် ပိုမိုသတိထားနေရပါတယ်။ ဂီယာကြီးတွေကို အသုံးပြုပြီး ဖြည်းဖြည်းမှန်မှန် မောင်းနှင်လာရင်း ကျောက်သင်္ဘောကျောင်းတိုက်ကိုရောက်တော့ ကားရပ်ပြီး ခဏတဖြုတ်ဝင်ရောက်လေ့လာကြရတယ်။ ကျောက်သင်္ဘောကျောင်းတိုက်က နာမည်နဲ့လိုက်အောင် သင်္ဘောပုံစံကြီးပါ။ ပုံသဏ္ဌာန်ကလဲ လက်ရာမြောက်လှတာကြောင့် မသိရင် တကယ်သင်္ဘောအစစ်ကြီးလို့ ထင်မှတ်မှားနိုင်ပါတယ်။ ကျောက်သင်္ဘောကျောင်းတိုက်အတွင်း၊ အပြင်နဲ့ ပတ်ဝန်းကျင်နေရာအားလုံးကို ကြည့်ရှုလေ့လာမယ်ဆိုရင် အချိန်ကြာကြာ ပေးကြရမှာပါ။ အခုတစ်ခေါက်က မြင်စိုင်းမြို့ဟောင်းကိုလဲ သွားကြရအုံးမှာ၊ ရွှေသိမ်တော်တောင်ပေါ်ကိုလဲ တက်ကြရအုံးမှာဖြစ်လို့ ခဏလောက်ကြည့်ရှု ဓာတ်ပုံရိုက်ပြီးတာနဲ့ တောင်အောက်ကို ပြန်ဆင်းလာခဲ့ကြတယ်။

ခရီးစဉ်အရ မြင်စိုင်းမြို့ဟောင်းကို ဆက်လက်သွားရောက်ကြမှာပါ။ ဒါကြောင့် ရွှေသာလျောင်းတောင်ခြေကို ရောက်တာနဲ့ ကျောက်ဆည်မြို့တွင်းကို မသွားတော့ဘဲ မြို့ရှောင်လမ်းရှိရာကို ဖြတ်လမ်းကနေ မောင်းနှင်လာခဲ့လိုက်တယ်။ မြို့ရှောင်လမ်းပေါ်ကို ရောက်တော့ ကားပေါ်မှာ လိုက်ပါလာကြတဲ့ခရီးဖော်တွေက ကောင်းလိုက်တဲ့လမ်းကြီးဆိုပြီး တွေ့မြင်အံ့သြသွားကြတာကို သတိထားမိလိုက်တယ်။ ကားရှေ့ခန်းမှာ ထိုင်နေတဲ့ ဆရာတော်ကလဲ မြန်မာတစ်နိုင်ငံလုံးမှာ ဒီလိုလမ်းကြီးတွေဖြစ်သွားရင် ကောင်းမှာပဲလို့ မြွက်ကြားလိုက်တာကြောင့် လမ်းတွေကောင်းတိုင်း၊ ကားတွေကောင်းတိုင်း မဆင်မခြင်စည်းကမ်းမဲ့ မောင်းနေသူတွေအတွက် တွေးတောစိုးရိမ်လိုက်ရတယ်။ ကျောက်ဆည်မြို့ရှောင်လမ်းက အဆင့်မြင့်ခြောက်လမ်းသွားလမ်းမကြီးဖြစ်သလို ကောင်းလဲကောင်း၊ ကျယ်လဲ ကျယ်၊ ရှင်းလဲ ရှင်းနေတယ်။

မြို့ရှောင်လမ်းအတိုင်း မောင်းနှင်လာရင်း မကြာခင်မှာ မြင်စိုင်းနန်းဦးစေတီတော်ကြီးကို အဝေးကနေ လှမ်းမြင်နေရပါပြီ။ စေတီတော်အဝင်လမ်းခွဲကို ရောက်တော့လဲ မှတ်တမ်းဓာတ်ပုံတွေရိုက်ရအောင် ကားရပ်ပေးလိုက်ရသေးတယ်။ လမ်းခွဲကနေ စေတီတော်ကြီး တည်ရှိနေတဲ့နေရာထိ သိပ်ပြီးမဝေးတော့ပေမဲ့ ကြားထဲမှာ ကျုံးဟောင်းနဲ့ မြို့ရိုးဟောင်းတွေရှိနေကြတယ်။ ဒါကြောင့် စေတီတော်ကြီးကို အဝေးကနေ ဓာတ်ပုံမှတ်တမ်းတွေ ရိုက်ယူကြရင်း ကျုံးဟောင်း၊ မြို့ရိုးဟောင်းတွေကို လေ့လာကြရတယ်။ ကျုံးဟောင်းကို မကြာခင်ကာလတွေက ပြန်လည်မွမ်းမံပြုပြင်ထားပြီး ကျုံးထဲမှာ ရေအနည်းငယ်ရှိနေတယ်။ ဒါပေမဲ့ မြို့ရိုးပတ်လည်၊ ကျုံးပတ်လည် လေးဖက်လေးတန်လုံးကို ပြန်လည်မွမ်းမံထားခြင်းမျိုးမဟုတ်ဘဲ စေတီတော်အဝင်ဝ နေရာကွက်ကွက်အနည်းငယ်လောက်ကိုသာ ပြုပြင်မွမ်းမံထားတာပါ။ မြို့ရိုးတွေကတော့ ပြိုကျပျက်စီးနေကြပြီဖြစ်ပြီး ချုံနွယ်ပိတ်ပေါင်းတွေဖုံးအုပ်နေကြပါပြီ။ မြို့ပတ်လည် အပြည့်အစုံလဲ မရှိကြတော့ပါဘူး။

ကျုံးတွေ၊ မြို့ရိုးတွေကို ထပ်မံကြည့်ရှုလေ့လာရင်းနဲ့ ကားကိုတဖြည်းဖြည်းမောင်းနှင်လာခဲ့ပြီး စေတီတော်အရှေ့ဘက်မုခ်ဦးကို ရောက်လာကြတယ်။ အရှေ့ဘက်မုခ်ဦးအနီးမှာ မြင်စိုင်းမြို့ဟောင်းနဲ့ ပတ်သက်တဲ့ ကျောက်စာတစ်ချပ်လဲ ရှိနေတယ်။ ပုဂံပြည်ကြီး ပြိုကွဲပျက်သုဉ်းသွားပြီးနောက် ထပ်မံပေါ်ပေါက်လာတဲ့ တိုင်းငယ် ပြည်ငယ်သုံးခုထဲမှာ မြင်စိုင်းပြည်က တစ်ခုအပါအဝင်ပါ။ မြင်စိုင်းပြည်ကြီးရှိစဉ်အခါတုန်းက အလွန်သာယာလှပ ဖွံ့ဖြိုးစည်ကားခဲ့ကြောင်း ယနေ့ခေတ် ကျောင်းသင်ခန်းစာတွေထဲမှာ ထည့်သွင်းသင်ကြားကြရတယ်။ အဲဒီခေတ်အခါက "မြင်စိုင်းရွှေပြည်"ဆိုပြီး ဂုဏ်ယူဝံ့ကြွားခဲ့ကြရတယ်။

ဒါပေမဲ့ အခုအချိန်မှာ မြင်စိုင်းပြည်၊ မြင်စိုင်းမြို့ဟောင်းဆိုတဲ့နေရာကို လက်ညှိုးထိုးပြသစရာ ကျုံးဟောင်း၊ မြို့ရိုးဟောင်းတွေနဲ့ နန်းဦးစေတီတော်ကြီး၊ ကျောက်စာချပ် ဒါတွေပဲ ကျန်ရစ်နေပါတော့တယ်။ ပျူမြို့ဟောင်း၊ ပုဂံမြို့ဟောင်း၊ အင်းဝမြို့ဟောင်း စတဲ့နေရာတွေမှာ တွေ့ရှိခဲ့ကြတဲ့ ရှေးဟောင်းယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းတွေ၊ သုံးစွဲခဲ့ကြတဲ့ ဒင်္ဂါးငွေကြေးတွေ၊ အိုးတွေ၊ ခွက်တွေ၊ အရိုးစုတွေ၊ ရွှေတွေ၊ ငွေတွေ စတာတွေလုံးဝမတွေ့ရှိရသလို ထည့်သွင်းပြသထားတဲ့ ပြတိုက်ဆိုတာကိုလဲ မတွေ့မမြင်ရသေးပါဘူး။ ဒီအချက်တွေက မြင်စိုင်းပြည်ရဲ့ ထူးခြားမှုတစ်ခုဖြစ်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုအချိန်မှာ လေ့လာရေးခရီးအဖြစ် မြင်စိုင်းမြို့ နန်းဦးစေတီတော်ကြီးရှိရာကို ရောက်ရှိနေပြီဖြစ်တာကြောင့် တွေ့မြင်ရသလောက် လေ့လာလိုက်ကြပါအုံးမယ်။

# ကျောက်တံတားမြို့နယ် The Collector Art Gallery ပြခန်းတွင် The Flowers အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်



**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ The Collector Art Gallery ပန်းချီပြခန်းတွင် The Flowers အွန်လိုင်းပန်းချီပြပွဲကို မေ ၂၂ ရက်မှ မေ ၂၆ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်း တာဝန်ခံ ဒေါ်ကေဇာဦးက ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီဆရာမ ငါးဦး ရေးဆွဲထားသည် ပန်းချီကား ၅၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ပြီး ပန်းချီဆရာမ ဥမ္မာ၊ ပန်းချီဆရာမ ဝင်းသီတာ၊ ပန်းချီဆရာမ မမွေး၊ ပန်းချီဆရာမ ကေခိုင်၊ ဆရာမ သော်တာဝင်းတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်ထဲမှာ နာမည်ရပြီးသားဖြစ်တဲ့ ပန်းချီဆရာမ ငါးယောက်ရဲ့ ပန်းမျိုးစုံကို ရှုထောင့်အသီးသီးက ရေးခြစ်ထားတဲ့ လက်ရာစုံ ပန်းချီကား ၅၀ ကို ပြသမှာ ဖြစ်ပါတယ်။ အနုစိတ်လက်ရာတွေကို လေ့လာခွင့်ရမှာဖြစ်သလို ပန်းချီနဲ့ဓာတ်ပုံထင်မှားလောက်တဲ့ လက်ရာတွေကို မြင်ရမှာပါ"ဟု ဒေါ်ကေဇာဦးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည် ပန်းချီကားများ၏ အရွယ်အစားများမှာ (၂၄×၂၄) လက်မ၊ (၃၆×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ်ငါးသိန်းမှ အများဆုံးငွေကျပ် ၂၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# The Rivals of Amziah King ၌ မက်သရူးမက်ကိုနော့ဟေး ပါဝင်မည်

**နယူးယောက် မေ ၁၁**

The Rivals of Amziah King အမည်ရှိ လျှို့ဝှက်သည်းဖိုမှုခင်းဇာတ်ကား၌ မင်းသား မက်သရူးမက်ကိုနော့ဟေး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား မက်သရူးမက်ကိုနော့ဟေးသည် အဓိကဇာတ်ကောင်ဖြစ်သည့် Amziah King အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

The Rivals of Amziah King ဇာတ်ကားကို ဒါရိုက်တာ အင်ဒရူးပတ်တာဆန်က ကိုယ်တိုင် ဝတ္ထုဇာတ်ညွှန်းရေးသား၍ ကိုယ်တိုင် ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို အိုကလာဟိုးမားပြည်နယ် ကျေးလက်ဒေသများကို နောက်ခံထား၍ ရိုက်ကူးမည်ဖြစ်သည်။

မင်းသား မက်သရူးမက်ကိုနော့ဟေးသည် A Time to Kill၊ Contact စသည့်ဇာတ်ကားများဖြင့် ဟောလိဝုဒ်ရုပ်ရှင်လောက၌ ထင်ရှားလာသူဖြစ်သည်။

လက်ရှိအချိန်တွင် The Rivals of Amziah King ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# သီချင်းသစ်များပါဝင်မည့်တေးစီးရီးထွက်ရှိရန် အဆိုတော် ရဲသွင် စီစဉ်နေ

**ရန်ကုန် မေ ၁၁**

နှင်းဆီလှိုင်းများ တေးစီးရီးဖြင့် ဂီတမှတ်တိုင် စိုက်ထူထားခဲ့သည့် အဆိုတော် ရဲသွင်၏ တေးသီချင်းအသစ်များပါဝင်မည့် တေးစီးရီးသစ် ထွက်ရှိရန်စီစဉ်နေကြောင်း ၎င်းက ပြောပြ၍ သိရသည်။

၁၉၉၁ ခုနှစ်တွင် နှင်းဆီလှိုင်းများတေးစီးရီးဖြင့် အောင်မြင်မှုများ ရရှိထားသည့် အဆိုတော်ရဲသွင်သည် ၁၉၉၇ ခုနှစ်မှစတင်၍ အနုပညာအလုပ်များနားကာ စီးပွားရေးလောကသို့ ရောက်ရှိသွားခဲ့ပြီး ၂၀၂၄ ခုနှစ်ရောက်မှသာ တေးစီးရီးသစ်တစ်ခုထွက်ရှိရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

"အနုပညာအလုပ်က မလုပ်ဖြစ်တာတော့ နှစ်ပေါင်း ၂၅ နှစ်လောက်ရှိသွားပါပြီ။ သီချင်းတွေ ပြန်ဆိုတာတော့ ဒီနှစ်မှ ပြန်ဆိုဖြစ်တာပါ။ ၁၉၉၇ ခုနှစ်လောက်ကတည်းက စီးပွားရေးလောကထဲ




နစ်ထားတဲ့အတွက် အခုကျတော့ ဂီတလောကက လူဟောင်းတွေနဲ့ ပြန်တွေ့တော့ သီချင်းပြန်ဆိုချင်စိတ်ဖြစ်လာတယ်။ အဲဒါအခုသီချင်းသစ် ၁၀ ပုဒ်နဲ့ တေးစီးရီးသစ် ထွက်နိုင်ဖို့ စီစဉ်နေပါတယ်။ ကိုယ်ပိုင်သံစဉ်တွေပါပဲ။ ၂၀၂၄ ခုနှစ်လောက်မှာ ထွက်ရှိနိုင်မှာ ဖြစ်ပါတယ်"ဟု အဆိုတော်ရဲသွင်က ပြောပြသည်။

လက်ရှိ အသက် ၅၈ နှစ်ရှိပြီဖြစ်သည့် အဆိုတော်ရဲသွင်သည် လက်ရှိတွင် ရန်ကုန်မြို့၌ ခေတ္တနေထိုင်၍ တေးသီချင်းဖျော်ဖြေမှုများပြုလုပ်ကာ တေးစီးရီးအသစ်အတွက် ပြုလုပ်နေကြောင်း သိရသည်။

ASH

# Weapon ထိတ်လန့်သည်းဖိုဇာတ်ကားတွင် မင်းသား ပက်ဒရိုပက်စကယ် သရုပ်ဆောင်မည်

**နယူးယောက် မေ ၁၁**

Weapon အမည်ရှိထိတ်လန့်သည်းဖိုဇာတ်ကားတွင် မင်းသား ပက်ဒရိုပက်စကယ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က မေ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် Weapon ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်နှင့် မင်းသား ပက်ဒရိုပက်စကယ် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာတို့ကို မသိရသေးကြောင်း သိရသည်။

သို့ရာတွင် Weapon ဇာတ်ကားသည် Magnolia (1999) ဇာတ်ကားကဲ့သို့ ထိတ်လန့်သည်းဖိုဇာတ်ကားမျိုးဖြစ်ကြောင်း ထုတ်လုပ်သူများက ပြောကြားထားသည်။

Weapon ဇာတ်ကားကို Barbarian ဒါရိုက်တာ ဇက်ခရက်ဂျာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို ယခုနှစ်ဆောင်းဦးရာသီ၌ ရိုက်ကူးထုတ်လုပ်မှုစတင်ရန် ထုတ်လုပ်သူများက ရည်ရွယ်ထားသည်။

လက်ရှိတွင် Weapon ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO




# Beetlejuice-2 ဇာတ်ကားတွင် မင်းသား ဂျပ်စတင်းသီးရော့ ပါဝင်မည်

**နယူးယောက် မေ ၁၁**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Beetlejuice-2 ဇာတ်ကားတွင် မင်းသား ဂျပ်စတင်းသီးရော့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၁၀ ရက်တွင် ရေးသားတင်ပြထားသည်။




အဆိုပါဇာတ်ကားတွင် မင်းသား ဂျပ်စတင်းသီးရော့သည် မင်းသား မိုက်ကယ်ကီတန်၊ မင်းသမီး ဝီနိုနာရိုင်ဒါတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

Beetlejuice-2 ဇာတ်ကားသည် နာမည်ကျော် ဟာသဇာတ်ကားတစ်ကားဖြစ်ပြီး Beetlejuice (1988) ဟာသဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Beetlejuice-2 ဇာတ်ကား၌ မင်းသား ဂျပ်စတင်းသီးရော့ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း၊ အဆိုပါဇာတ်ကားကို မူလ Beetlejuice ဒါရိုက်တာ တင်ဘာတန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မင်းသား မိုက်ကယ်ကီတန်နှင့် မင်းသမီး ဝီနိုနာရိုင်ဒါတို့က မူလ Beetlejuice ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကောင်နေရာမှာပင် ပြန်လည်သရုပ်ဆောင်မည်ဖြစ်သည်။

Beetlejuice-2 ဇာတ်ကားကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။ KKO

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects Kengtung Airport upgrading programs and Kengtung Hawnan replica building project






Senior General Min Aung Hlaing hears report on Kengtung Airport upgrading.

**Nay Pyi Taw May 11**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by SAC Joint Secretary Lt-Gen Ye Win Oo, SAC members, union ministers, senior military officers from Office of Commander-in-Chief and officials, inspected Kengtung Airport upgrading programs and Kengtung Hawnan replica construction in Kengtung, Shan State (East) this evening.

On arrival in Kengtung, the Senior General and party were welcomed by Shan State Chief Minister U Aung Zaw Aye, Triangle Region Command Commander Maj-Gen Ni Lin Aung and officials.





Senior General Min Aung Hlaing inspects airport upgrading tasks.

At the airport briefing hall, Deputy Prime Minister Union Minister for Transport and Communications Admiral Tin Aung San, Quartermaster-General Lt-Gen Kyaw Swa Lin, and Director of Directorate of Military Engineers Brig-Gen Zaw Naing Oo reported on brief history of the airport and its functions, runway and airport upgrading programs. In response, the Senior General said Kentung in a faraway place is the principal city of Shan State (East). Kengtung has a pleasant natural environment formed with lakes, mountains and forests. It has many wonderful destinations like Pankwe Village Buddha Park and Loihwe hill resort. Domestic jet flights are now transporting passengers to faraway places of the country. Hence, the airport must be upgraded so that large jet planes used in domestic flights can touch down at it. Moreover, the airport should handle direct flights from neighbouring countries, Laos, China and Thailand. The aim of the project is to develop Kengtung's tourism industry and support local social-economic domestic.

Afterwards, the Senior General and party inspected the progress in implementing airport and runway extension works and looked into the requirements.

Afterwards, the Senior General and party inspected progress in erecting a replica of ancient Kengtung Hawnan on the plot adjacent to its compound and park near Nongtong Lake and facilitated the work through work coordination.

The Senior General then observed Nongtong Lake conservation project. The director of DME and an official of local field engineer unit reported on water inflow and outflow of the lake, used of environment friendly methods in pumping out silt, methodization of the dredging work by using Sonic water Level meter, and water purification programs that use modern equipment and machinery.

After giving guidance, the Senior General looked around the lake ring road. 100





Senior General Min Aung Hlaing hears report on Kengtung Hawnan replica building project.

# 36 local companies exported over 87,000 tons of rice and broken rice in April


Bags of rice being loaded onto a ship.

**Yangon May 11**

Thirteen six local companies exported over 87,000 tons of rice and broken rice in April, the first month of the current 2023-2024 fiscal year, according to Myanmar Rice Federation.

Myanmar exports rice and broken rice to its customer countries monthly. In April alone, 36 local rice companies exported 87,648 tons via maritime and border trade routes—47,888 tons of rice and 39,760 tons of broken rice.

Of the 36 customer countries, 25 purchased rice and 11 broken rice. Malaysia bought 8,050 tons of rice, the Philippines 7,545 tons, Spain 6,550 tons, Turkey 6,315 tons, and Italy 4,250 tons.

Likewise, Belgium bought 15,725 tons of broken rice, China 9,854 tons, France 2,000 tons, Italy 200 tons and the Czech Republic 75 tons.

Myanmar exported 2,164,681 tons of rice and broken rice in 2021-2022 FY, 2,261,203 tons in 2022-2023 FY and 2.5 million tons in April of 2023-2024 FY. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 12 road and bridge projects to be implemented in four township of Chin State

**Paletwa May 11**

Twelve road and bridge projects worth over K200 million will be implemented in four townships of Chin State in the current 2023-2024 fiscal year, according to sources released by the state government on 5 May.

The projects are to be implemented in Paletwa, Falam, Hakha and Kyikha townships by the Chin State Development Committee under the State Ministry of Natural Resources.

Paletwa Township will get two projects for one gravel road and one retaining wall construction, Falam Township five projects for one gravel road, two reinforced concrete ditches and one retain wall, Hakha Township four projects for three concrete roads and another, and Kyikha Township one project for concrete road.

Those all projects will cost K200 million funded by the State Development Committee in the current financial year. Open tenders will be invited to Myanmar local entrepreneurs. Tender proposal forms are available at the relevant township development committees. Tender form sale closing date is by 4pm on 18 May. Tendering opening date and venue will be announced later. For further information, dial 07021324 or 09-43010138. 336


A road construction project being undertaken.

# Saltwater barrier to build between Yway and Pyamalaw rivers in 2023-2024 FY

**Pathein May 11**

A saltwater barrier will be built between the Yway River and the Pyamalaw River in the 2023-2024 FY, according to reports of Ministry of Agriculture, Livestock and Irrigation released on May 4, 2023.

The tributaries of Ayeyawady River in the delta region are Yangon River, Pathein River, Thekkethaung River, Yway River, Pyamalaw River, Pyinsalu River, Pyapon River, Bogalay River, and Sam Deit River and they flow into the sea.

Therefore, these big rivers are the inlets of seawater for the coastal areas of the delta.

Due to the inflow of sea water from those inlets, the coastal areas of the delta are often flooded by sea tides.

The Department of Irrigation and Water Utilization Management under the ministry has implemented and constructed 221 saltwater barriers 2,466 miles in length in the areas where the salt water enters the sea in the delta.

The project will be implemented with state funds in 2023-2024 FY. 336


Yway River.

# Consumers invited to contact MRF, associate organizations, brokerages to buy rice if necessary

**Yangon May 11**

The Myanmar Rice Federation issued a press release on 7 May, saying that as reserve rice has been stored sufficiently, if anyone wishing to buy rice faces natural disasters, they may contact the head office of MRF and related associations and brokerages.

Currently, a low pressure area over the Bag of Bengal may become a cyclonic storm. So, it is necessary to make preparedness for the natural disasters, according to the weather forecasts of local and foreign metrorologists.

Hence, the MRF notified the people of storing the rice and paddy and making necessary arrangements against the disasters to mitigate the panic of the people.

The federation recommended those from the paddy and rice businesses should keep rice and paddy under shelter, to raise bottom of the warehouses to be free from flooding, use dunnage and pallet and provide assistance to local farmers who are harvesting summer paddy around the coastal lines.

Moreover, if natural disasters happen, it is necessary to conduct the emergency early response. If people need rice, they have to contact the head office of Myanmar Rice Federation and related associations as well as brokerages.

As rice and paddy have been stored sufficiently, people should not worry about shortages of rice and not buy rice with panic and but necessary volume. If they face some difficulties to buy right quality and prices, dial 09-400067250 and 09-400067260 of the MRF, related associations and brokerages. 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အာဖရိကတောင်ပိုင်းနိုင်ငံများက ကွန်ဂိုအရှေ့ပိုင်းရှိ အကြမ်းဖက်သောင်းကျန်းသူများကိုချေမှုန်းရန် တပ်ဖွဲ့ဝင်များတပ်ဖြန့်ချထား



အာဖရိကတောင်ပိုင်းနိုင်ငံများသည် လက်နက်ကိုင်အဖွဲ့များက အရပ်သားများအပေါ် ဆယ်စုနှစ်ပေါင်းများစွာ အကြမ်းဖက်လုပ်ဆောင်လျက်ရှိသော ကွန်ဂိုနိုင်ငံအရှေ့ပိုင်း၌ အကြမ်းဖက်သောင်းကျန်းသူများကိုချေမှုန်းစစ်ဆင်ရာတွင် ဝင်ရောက်ကူညီရန် ၎င်းတို့၏တပ်ဖွဲ့ဝင်များတပ်ဖြန့်ချထားသွားနိုင်ရေး မေ ၈ ရက်က သဘောတူခဲ့ကြသည်။

တောင်အာဖရိက၊ အန်ဂိုလာနှင့် တန်ဇန်းနီးယားတို့ပါဝင်သော တောင်ပိုင်းအာဖရိကဖွံ့ဖြိုးတိုးတက်ရေးအသိုက်အဝန်း (SADC) ၁၆ ဖွဲ့၏ အထူးထိပ်သီးအစည်းအဝေးမှ ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ပြန်လည်တည်ဆောက်ရန် တပ်ဖြန့်ချထားမှုကိုထောက်ခံကြောင်း SADC က နမီးဘီးယားနိုင်ငံ မြို့တော် Windhoek ၌ ပြုလုပ်ခဲ့သော ထိပ်သီးအစည်းအဝေးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကွန်ဂိုနိုင်ငံသမ္မတ Felix Tshisekedi၊ တောင်အာဖရိကသမ္မတ Cyril Ramaphosa၊ တန်ဇန်းနီးယားနိုင်ငံသမ္မတ SamiaSuluhu Hassan တို့နှင့် ဒေသတွင်းအဖွဲ့မှဝန်ကြီးများအပါအဝင် နိုင်ငံ့ခေါင်းဆောင်အများအပြားတက်ရောက်ခဲ့သည့်ဆွေးနွေးပွဲများတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်ပြီး အစည်းအဝေးတွင် တပ်စွဲမည့် တပ်ဖွဲ့ဝင်အရေအတွက်နှင့် တပ်ဖြန့်ရမည့်အချိန်ဇယားကို ဖော်ပြမထားပေ။

လက်နက်ကိုင်အဖွဲ့များသည် သတ္တုကြွယ်ဝသော ကွန်ဂိုသမ္မတနိုင်ငံအရှေ့ပိုင်းတွင် ဆယ်စုနှစ်သုံးစုကြာ နှောင့်ယှက်ခဲ့ကြပြီး ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၀ ပြည့်နှစ်များအတွင်း ဖြစ်ပွားခဲ့သောဒေသတွင်း ပဋိပက္ခများ၏ အမွေအနှစ်လက်ကျန်လည်းဖြစ်သည်။ အကြမ်းဖက်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် M23 သည် ၂၀၂၂ ခုနှစ်နှောင်းပိုင်းတွင် လက်နက်များဖြုတ်သိမ်းကာ နှစ်အတော်ကြာ ငြိမ်သက်နေခဲ့ပြီးနောက် မြောက်ကီဗာရှိ နယ်မြေအများအပြားကို သိမ်းပိုက်နိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ကိုင်တိုက်ပွဲများကြောင့် လူပေါင်းတစ်သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ သိရသည်။

SADC အဖွဲ့ဝင်နိုင်ငံ သုံးနိုင်ငံဖြစ်သည့် တောင်အာဖရိက၊ တန်ဇန်းနီးယားနှင့် မာလာဝီတို့သည် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့(MONUSCO)၏ ထီးရိပ်အောက်တွင် ၂၀၁၃ ခုနှစ်ကတည်းက ကွန်ဂိုအရှေ့ပိုင်းတွင် စစ်ဆင်ရေးလုပ်ဆောင်နေပြီဖြစ်သည်။ တောင်အာဖရိကသည် ကွန်ဂိုအရှေ့ပိုင်းတွင် လက်ရှိဖြစ်ပေါ်နေသော လုံခြုံရေးအခြေအနေကိုတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပံ့ပိုးကူညီရန်အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း သမ္မတ Ramaphosa က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါတပ်ဖြန့်မှုသည် ဒီဇင်ဘာလကတည်းက M23 အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသိမ်းပိုက်ထားသော အချို့နေရာများကို အရှေ့အာဖရိကဒေသတွင်းနိုင်ငံများမှတပ်ဖွဲ့များကို ပေါင်းထည့်သွားမည်ဖြစ်သည်။ သို့သော် ယခုအချိန်ထိ အကြမ်းဖက်သောင်းကျန်းမှုများကို ဟန့်တားနိုင်ခြင်းမရှိသေးပေ။ အရှေ့အာဖရိကအသိုက်အဝန်း(EAC)တပ်ဖွဲ့သည် ဘူရွန်ဒီ၊ ကင်ညာ၊ ယူဂန္ဒာနှင့် တောင်ဆူဒန်တို့မှ တပ်ဖွဲ့ဝင်များကို ခေါ်ယူထားသည်။

SADC သည် ကွန်ဂိုနိုင်ငံအစိုးရနှင့် ပြည်သူများကို ပံ့ပိုးကူညီရန်အတွက် ကျွန်ုပ်တို့၏ ကြိုးပမ်းအားထုတ်မှုများကို ပိုမိုကောင်းမွန်စွာညှိနှိုင်းဆောင်ရွက်နိုင်ရန် အရှေ့အာဖရိကအသိုက်အဝန်းနှင့် အခြားသောဒေသဆိုင်ရာအဖွဲ့များ အတူတကွပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း နမီးဘီးယားသမ္မတ Hage Geingob က ထိပ်သီးအစည်းအဝေး၌ ပြောကြားသည်။

"M23 အကြမ်းဖက်သောင်းကျန်းသူများရဲ့ ပုန်ကန်မှုနဲ့ တရားမဝင်လက်နက်ကိုင်အဖွဲ့တွေ ပြန်လည်ပေါ်ပေါက်လာတာကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေတွေ ယိုယွင်းလာတဲ့ ကွန်ဂိုအရှေ့ပိုင်းမှာ အလွန်စိတ်ပျက်စရာကောင်းတဲ့လုံခြုံရေးအခြေအနေကို ကျွန်တော်တို့ စိတ်မကောင်းဖြစ်မိပါတယ်"ဟု SADC အမှုဆောင်အတွင်းရေးမှူး Elias Magosi က ဆိုသည်။

နိုင်ငံအနေဖြင့် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲအတွက်ပြင်ဆင်နေသောကြောင့် ကွန်ဂိုနိုင်ငံ၏ အချုပ်အခြာအာဏာ၊ ဝုဏ်သိက္ခာနှင့် ဖွံ့ဖြိုးတိုးတက်ရေးအလားအလာများကို ထိခိုက်စေပြီး ပြီးခဲ့သောနှစ်အတွင်း အကြမ်းဖက်မှုများ ပိုမိုပြင်းထန်လာခဲ့ကြောင်း Magosi က ပြောကြားခဲ့သည်။

"ဒါက ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို ပြန်လည်ထူထောင်ဖို့ ကွန်ဂိုနိုင်ငံကို ထောက်ခံတဲ့အနေနဲ့ ချက်ချင်းဆိုသလို စုပေါင်းလုပ်ဆောင်သွားကြဖို့ တောင်းဆိုပါတယ်"ဟု Magosi က ထည့်သွင်းပြောကြားခဲ့သည်။

**Southern African Troops to Deploy Against Rebels in East DR Congo ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျပန်နိုင်ငံက မီယာကိုကျွန်းပေါ်တွင် အမေရိကန်ထုတ် MIM-104F(PAC-3)Patriot ဒုံးကျည်များ ဖြန့်ကြက်ချထားမည်

ဂျပန်နိုင်ငံသည် မီယာကိုကျွန်းပေါ်တွင် အမေရိကန်ထုတ် MIM-104F (PAC-3) Patriot ဒုံးကျည်များကို တပ်ဖြန့်ချထားသွားမည်ဖြစ်ကြောင်း မေ ၈ ရက်တွင် ကြေညာခဲ့သည်။

သတင်းစာရှင်းလင်းပွဲတစ်ခုအတွင်း ဂျပန်အစိုးရအဖွဲ့အတွင်းဝန် Matsuno Hirokazu က ဂျပန်လေတပ်၏ မြေပြင်မှ ဝေဟင်ပစ်ပဲ့ထိန်း PAC-3 ဒုံးကျည်များကို အိုကီနာဝါစီရင်စု မီယာကိုကျွန်းရှိ ၎င်း၏ အခြေစိုက်စခန်းတွင် တပ်စွဲထားကြောင်း Jiji Press သတင်းဌာနက မေ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြောက်ကိုရီးယားမှ ပစ်လွှတ်လာနိုင်မည့်တာဝေးပစ် ပဲ့ထိန်းဒုံးကျည်များ၏ ခြိမ်းခြောက်မှုကို ခုခံကာကွယ်ရန် ယခုကဲ့သို့ တပ်ဖြန့်မှုကို ရည်ရွယ်လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း Matsuno က ပြောကြားခဲ့သည်။

Matsuno က MIM-104F(PAC-3) Patriot ဒုံးကျည်များကို Ishigaki နှင့် Yonaguni ကျွန်းတို့ရှိ အစောင့်တပ်ဖွဲ့များတွင် တပ်ဖြန့်ချထားပြီးဖြစ်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။

သင့်လျော်သည့်အနေအထားကို တည်ဆောက်နေကြောင်း၊ ကျွန်ုပ်တို့၏တိုင်းပြည်ငြိမ်းချမ်းမှုနှင့် လုံခြုံရေးကိုအာမခံနိုင်စေရန် အတတ်နိုင်ဆုံး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း Matsuno က ပြောကြားခဲ့သည်။

သို့သော်လည်း အဆိုပါ ဂျပန်နိုင်ငံတောင်ပိုင်းရှိ ကျွန်းများသည် မြောက်ကိုရီးယားထက် တရုတ်(တိုင်ပေ)နှင့် ပိုနီးစပ်နေသည့်အနေအထားတစ်ရပ်ဖြစ်သည်။ ၎င်းက တရုတ်နိုင်ငံမှ ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်ရန်အတွက် ရည်ရွယ်၍ ဖြန့်ကြက်လာခြင်းလားဆိုသည့်အပေါ် မေးခွန်းများထွက်ပေါ်လာသည်။

မီယာကိုကျွန်းသည် မြောက်ကိုရီးယားနိုင်ငံ၏ တောင်ဘက်စွန်းရှိ Kaesong မြို့မှ ၁၄၅၉ ကီလိုမီတာကွာဝေးသော်လည်း တရုတ်(တိုင်ပေ)အရှေ့မြောက်ဘက် Yilan ဒေသမှ ၃၆၂ ကီလိုမီတာသာ ကွာဝေးသည်။ Ishigaki ကျွန်းသည် ထိုင်ဝမ်ကျွန်း Yilan ဒေသမှ ၂၄၉ ကီလိုမီတာနှင့် Yonaguni ခရိုင်မှ ကီလိုမီတာ ၁၃၀ သာကွာဝေးကြောင်း သိရသည်။

တရုတ်နိုင်ငံ၏အနောက်တောင်ဘက်ရှိ ကျွန်းစုများတွင် MIM-104F(PAC-3) Patriot ဒုံးကျည်များ ဖြန့်ကြက်ချထားခြင်းသည် ဝေးကွာသော ကိုရီးယားကျွန်းဆွယ်နှင့် မသက်ဆိုင်ကြောင်း တရုတ်နိုင်ငံရှိ စစ်ရေးကျွမ်းကျင်သူ Wei Dongxu က Global Times သတင်းဌာနသို့ ပြောကြားခဲ့သည်။



ဂျပန်နိုင်ငံ၏စစ်မှန်သောရည်မှန်းချက်မှာ ကျွန်းများကို ဝေဟင်နှင့်သင်္ဘောဖျက်ဒုံးကျည်များတပ်ဆင်ရန်နှင့် တရုတ်(တိုင်ပေ)အရေးတွင် စစ်ရေးအရဝင်ရောက်စွက်ဖက်ရန် အဆင်သင့်ဖြစ်နေခြင်းကြောင့် တရုတ်နိုင်ငံကိုဦးတည်သည့် အလွန်ပြင်းထန်သောလုပ်ရပ်ဖြစ်ကြောင်း ကျွမ်းကျင်သူက ပြောကြားသည်။

**Japan to deploy Patriot missiles on Miyako Island near Taiwan ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လက်နက်ဥပဒေပြဋ္ဌာန်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## လက်နက်ဥပဒေ
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၉ /၂၀၂၄
## ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်
## ( ၂၀၂၄ ခုနှစ်၊ မေလ ၁၁ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **လက်နက်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **လက်နက် ဆိုသည်မှာ ဓားများ၊ သေနတ်များ၊ ခဲယမ်းများ၊ ပေါက်ကွဲယမ်းများ၊ အမြောက်များ၊ ပစ်ခတ်ရန်၊ ထိုးသွင်းရန်၊ ခုတ်ဖြတ်ရန် သော်လည်းကောင်း၊ ရန်မူသော လက်နက်အဖြစ် သော်လည်းကောင်း သုံးစွဲလျှင် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်၊ ထိခိုက်နာကျင်စေနိုင်သည့် သို့မဟုတ် သေစေနိုင်သည့် အရာဝတ္ထုပစ္စည်းများ၊ ဇီဝလက်နက်၊ ဓာတုလက်နက်နှင့် နျူကလီးယား လက်နက်များနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ လက်နက်ဖြစ်သည်ဟု သတ်မှတ်ထုတ်ပြန်ကြေညာသည့် ကိရိယာ သို့မဟုတ် အရာဝတ္ထုပစ္စည်း တို့ကိုဆိုသည်။**

(ဂ) **ဓား** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) ဓားသွား သုံးလက်မထက်ပိုသော မောင်းချဓား (Clasp-knives)၊

(၂) ဓားရိုးပါ ငါးလက်မထက်ပိုသော ဓား၊

**မှတ်ချက်**။ အိမ်သုံး၊ လယ်ယာသုံး၊ စက်မှုလက်မှု လုပ်ငန်းသုံး သို့မဟုတ် အခြား လုပ်ငန်းသုံးအဖြစ် အသုံးပြုရန် ရည်ရွယ်သည့် ဓားများအား ဘေး အန္တရာယ်ပြုရန် လက်နက်အဖြစ် အသုံးပြုရန် ရည်ရွယ်၍ ကိုင်ဆောင်သွားလာပါက ယင်းဓား များသည်လည်း လက်နက်ဟူသောအဓိပ္ပာယ်တွင် အကျုံးဝင်သည်။

(ဃ) **ပစ်ခတ်ရန်၊ ထိုးသွင်းရန်၊ ခုတ်ဖြတ်ရန်သော်လည်းကောင်း၊ ရန်မူသော လက်နက်အဖြစ် သော်လည်းကောင်း သုံးစွဲလျှင် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်၊ ထိခိုက်နာကျင်စေနိုင်သည့် သို့မဟုတ် သေစေနိုင်သည့် အရာဝတ္ထုပစ္စည်း** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) ဓာတ်ခဲ (Battery) သို့မဟုတ် လျှပ်စစ်ဓာတ်အား ဖြင့် လျှပ်စစ်စီးစေပြီး ခန္ဓာကိုယ် လှုပ်ရှားမှုကို ရုတ်တရက်ရပ်တန့်စေသည့် ကျင်စက်ကဲ့သို့သော ကိရိယာ သို့မဟုတ် ယင်းကဲ့သို့ အမျိုးအစား တူသော ကိရိယာ၊

(၂) ဓာတ်ငွေ့တွန်းကန်အား၊ လေ၏ တွန်းကန်အား၊ ဓာတ်ခဲ (Battery) သို့မဟုတ် လျှပ်စစ်ဓာတ်အား ကို အသုံးပြု၍ သေနတ်ကဲ့သို့သော ပစ်ခတ်သည့် ကိရိယာ သို့မဟုတ် အရာဝတ္ထုပစ္စည်း၊

(၃) သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် ပြုလုပ်ထား သည့် သံချွန်၊ သုံးမြောင့်ချွန်၊ မိန်း၊ လှံ၊ လှံစွပ် သို့မဟုတ် လှံကဲ့သို့ ချွန်ထက်သည့်အရာ၊

(၄) ဒူးလေး၊ လေးမြားနှင့် ချွန်ထက်သည့် အရာဝတ္ထု များဖြင့် ပစ်ခတ်နိုင်သော ကိရိယာ၊

(င) **သေနတ် ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-**

(၁) ပစ္စတိုအုပ်စုဝင်သေနတ်များ၊

(၂) ရိုင်ဖယ်အုပ်စုဝင်သေနတ်များ၊

(၃) စက်သေနတ်ကလေးအုပ်စုဝင်သေနတ်များ၊

(၄) စက်ကလေးအုပ်စုဝင်သေနတ်များ၊

(၅) ပြောင်းချောသေနတ်များ၊

(၆) ဗုံးပစ် သေနတ်များ၊

(၇) လေယာဉ်ပစ် စက်သေနတ်ကြီး အုပ်စုဝင် သေနတ်များ၊

(၈) လောင်ချာများနှင့် ယင်းတို့၏ အစိတ်အပိုင်းများ၊

(၉) သေနတ်အစိတ်အပိုင်းများနှင့် သေနတ် ထုတ်လုပ် သော စက်ကိရိယာ သို့မဟုတ် အရာဝတ္ထု ပစ္စည်းများ။

(စ) **ခဲယမ်း ဆိုသည်မှာ** ယမ်းပြင်း၊ တွန်းကန်ယမ်း၊ ဓာတု ဇေဒပစ္စည်း၊ သတ္တုပစ္စည်းများဖြင့် ပေါင်းစပ်ပြီး လူကို သေစေရန်၊ ဒဏ်ရာရစေရန် သို့မဟုတ် အရာဝတ္ထုနှင့် အဆောက်အအုံများ ဖျက်ဆီးရန်ရည်ရွယ်၍ ထုတ်လုပ် ထားသော စစ်မက်ဆိုင်ရာပစ္စည်း၊ လက်နက်ငယ်ကျည် အမျိုးမျိုး၊ အမြောက်ဆံ၊ ဗုံးသီး၊ ပစ်ဗုံး၊ မီးကျည်၊ မီးခိုးဗုံး၊ မိုင်း၊ တာတိုပစ် ဒုံးကျည်၊ တာဝေးပစ်ဒုံးကျည်၊ တာလတ် ပစ်ဒုံးကျည်၊ ပဲ့ထိန်းဒုံး၊ မီးလောင်ဗုံး၊ ယင်းတို့တွင် တပ်ဆင်ထားသော စနက်တံနှင့်ဆက်စပ်သည့် ပစ္စည်း များကို ဆိုသည်။

(ဆ) **ပေါက်ကွဲယမ်း ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-**

(၁) စစ်ဘက်သုံးပေါက်ကွဲယမ်းနှင့် ဆက်စပ်ပစ္စည်း၊

(၂) နယ်ဘက်သုံးပေါက်ကွဲယမ်းနှင့် ဆက်စပ်ပစ္စည်း၊

(၃) ဖောက်ခွဲဖျက်ဆီးသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊

(၄) ဒေသန္တရ လက်လုပ်မိုင်း။

(ဇ) **အမြောက် ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-**

(၁) အမြောက်နှင့် စက်အမြောက်တို့တွင် အကျုံးဝင် သော ပစ္စည်းအမျိုးအစား အားလုံး၊

(၂) စိန်ပြောင်းများ၊

(၃) အမြောက်ကို သယ်ယူသော ယာဉ်၊ ပစ်စင်၊ တပ်ဆင်ရန် ကိရိယာတန်ဆာပလာနှင့် ယင်းတို့၏ အစိတ်အပိုင်းများ။

(ဈ) **နိုင်ငံတော်ပိုင်လက်နက်** ဆိုရာတွင် နိုင်ငံတော်ပိုင် လက်နက်စာရင်းဝင် လက်နက်များ၊ နိုင်ငံတော်ပိုင် လက်နက်စက်ရုံများမှ ထုတ်လုပ်သည့်လက်နက်၊ နိုင်ငံ တော် ဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူသည့်လက်နက်၊ နိုင်ငံ တော်ကာကွယ်ရေး အလို့ငှာ စီမံဆောင်ရွက်နေသည့် လက်နက်နှင့်ဥပဒေအရ နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်း မိန့် ချမှတ်ထားသည့် လက်နက်တို့ ပါဝင်သည်။

(ည) **လိုင်စင်**ဆိုသည်မှာ နယ်ဘက်သေနတ်နှင့် ခဲယမ်းများ ကို ကိုင်ဆောင်ခွင့်အတွက် ဤဥပဒေအရ ထုတ်ပေး သည့် လိုင်စင်ကို ဆိုသည်။

(ဋ) **ခွင့်ပြုမိန့်** ဆိုသည်မှာ နိုင်ငံတော်ပိုင် လက်နက်များ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများတွင် အသုံးပြု မည့် လက်နက်များ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင် ခွင့်အတွက်ဖြစ်စေ၊ သံရုံး၊ သံတမန်လုံခြုံရေး၊ ပြည်တွင်း ပြည်ပ နိုင်ငံတော်အကြီးအကဲများ၏ လုံခြုံရေးတို့အတွက် အသုံးပြုမည့် လက်နက်များနှင့်စပ်လျဉ်း၍ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ တိုင်းရင်းသား လူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းအရ သို့မဟုတ် အစဉ် အလာအရ လက်နက်ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ လက်နက်ကို ပြည်ပမှ ဝယ်ယူခွင့်၊ တင်သွင်းခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့် အတွက်ဖြစ်စေ၊ ပြည်ပသို့ ရောင်းချခွင့်၊ တင်ပို့ခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ ထုတ်ပေးသော ခွင့်ပြုမိန့် ကို ဆိုသည်။

(ဌ) **အများပြည်သူနှင့် ဆိုင်သောနေရာ** ဆိုသည်မှာ မည်သူ မဆို ဝင် ထွက်သွားလာနိုင်သော နေရာကို ဆိုသည်။

(ဍ) **ကြီးကြပ်မှုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်း ထားသည့် နယ်ဘက်လက်နက် ကိုင်ဆောင်မှုဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဎ) **ဒေသဆိုင်ရာ စိစစ်ခွင့်ပြုရေးအဖွဲ့** ဆိုသည်မှာ ကြီးကြပ်မှု ကော်မတီက ဖွဲ့စည်းပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတွင်ဖြစ်စေ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်စိစစ်ခွင့်ပြုရေးအဖွဲ့ကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပြည်ထဲ ရေး ဝန်ကြီးဌာနကို ဆိုသည်။

(တ) **နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး** ဆိုသည်မှာ နေပြည်တော်၊ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင် များကို ကြီးကြပ်အုပ်ချုပ်ရသော အရာရှိကိုဆိုသည်။

(ထ) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေးကို ထိခိုက်စေနိုင်သော လက်နက် ကိုင်ဆောင်ခြင်းနှင့် လက်နက်ကိုင်ဆောင်ကျူးလွန်သည့် ပြစ်မှုများကို တားဆီးကာကွယ်ရန်၊

(ခ) လက်နက်သယ်ယူခွင့်၊ လက်နက်ကိုင်ဆောင်ခွင့်၊ တရားဝင် လက်ဝယ်ထားရှိခွင့်တို့နှင့် စပ်လျဉ်း၍ ဥပဒေ နှင့်အညီ ထိန်းချုပ်ကြပ်မတ်နိုင်ရန်၊

(ဂ) တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းကို တားဆီး ကာကွယ်ရန်၊

(ဃ) လက်နက်များ တရားမဝင်နည်းလမ်းများဖြင့် ထုတ်လုပ် ခြင်း၊ ရောင်းဝယ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ လွှဲပြောင်းခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ ခြင်းတို့ကို တားဆီးကာကွယ်ရန်၊

(င) နိုင်ငံတော်ပိုင် လက်နက်နှင့်ဥပဒေအရ ကိုင်ဆောင်ခွင့် ရှိသူပိုင် သေနတ်နှင့် ခဲယမ်းများကို ခိုးယူခြင်း၊ ရောင်းချ ခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်းနှင့် ကိုင်ဆောင်ခွင့် မရှိသူအား ပေးအပ်ခြင်းတို့ကို တားဆီးကာကွယ်ရန်။

### အခန်း (၃)
### နယ်ဘက်လက်နက်ကိုင်ဆောင်မှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) နယ်ဘက်လက်နက်ကိုင်ဆောင်မှုဆိုင်ရာ ကြီးကြပ်မှု ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ် အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ် သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

(၁၃) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တိုင်းရင်းသားအခွင့်အရေးများ
ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊
တိုင်းရင်းသားလူမျိုးများရေးရာ
ဝန်ကြီးဌာန

(၁၄) စစ်ဦးစီးဗိုလ်မှူးကြီး အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(၁၅) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၁၆) ရဲဦးစီးအရာရှိချုပ် တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

**( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ကြီးကြပ်မှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း နိုင်သည်။**

၅။ ကြီးကြပ်မှုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နယ်ဘက် လက်နက်ကိုင်ဆောင်မှုဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

( ခ ) သံရုံးနှင့် သံတမန်များ၊ ပြည်ပနိုင်ငံများမှ လာရောက်သော နိုင်ငံတော်အဆင့် အကြီးအကဲ၏ လုံခြုံရေးအတွက် သေနတ်နှင့်ခဲယမ်းသယ်ယူခွင့်၊ ကိုင်ဆောင်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

( ဂ ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် စိစစ်ခွင့်ပြုခြင်းနှင့် စပ်လျဉ်းသည့် မူဝါဒများချမှတ်ခြင်း၊

(ဃ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် သဘောတူညီချက်ပေးခြင်း၊

( င ) လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ပြုသည့် သေနတ်နှင့်ခဲယမ်း အမျိုးအစားများ သတ်မှတ်ပေးခြင်း၊

( စ ) နိုင်ငံတော်ပိုင်လက်နက်နှင့် မသက်ဆိုင်သော သေနတ်နှင့် ခဲယမ်းများကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ဆောင်ခြင်းနှင့် စပ်လျဉ်း၍ မူဝါဒများ ချမှတ်ခြင်း၊

(ဆ) လိုအပ်သော လုပ်ငန်းကော်မတီနှင့်အဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း။

## အခန်း (၄)
## လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ထုတ်ပေးခြင်း

၆။ ကြီးကြပ်မှုကော်မတီသည် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ အောက်ပါအဖွဲ့များကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်-

(က) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် စိစစ်ခွင့်ပြုရေးဗဟိုအဖွဲ့၊

( ခ ) ဒေသဆိုင်ရာ စိစစ်ခွင့်ပြုရေးအဖွဲ့၊

( ဂ ) အခြားလိုအပ်သည့် လုပ်ငန်းအဖွဲ့များ။

၇။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် စိစစ်ခွင့်ပြုရေးဗဟိုအဖွဲ့သည် ကြီးကြပ်မှုကော်မတီ၏ သဘောတူညီချက်နှင့်အညီ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်-

(က) နိုင်ငံတော်အတွင်း လက်နက်သယ်ယူခွင့် သို့မဟုတ် လက်နက်ကိုင်ဆောင်ခွင့်ရရှိရန် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ အဆင့်ဆင့် စိစစ်ထောက်ခံတင်ပြချက်များကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( ခ ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( ဂ ) လက်နက်ကို ပြည်ပမှဝယ်ယူခွင့်၊ တင်သွင်းခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ ပြည်ပသို့ ရောင်းချခွင့်၊ တင်ပို့ခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ သက်ဆိုင်ရာဌာနများ၏ လျှောက်ထားချက်များကို ကာကွယ်ရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး စိစစ်၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

၈။ ဒေသဆိုင်ရာ စိစစ်ခွင့်ပြုရေးအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဒေသများ၌ နေထိုင်သော တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ ထုံးတမ်းအရ လည်းကောင်း၊ အစဉ်အလာအရလည်းကောင်း ကိုင်ဆောင်သည့်လက်နက်များကို သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်း ကိုင်ဆောင်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ အဆင့်ဆင့်စိစစ်ထောက်ခံတင်ပြချက်များကို စည်းကမ်းသတ်မှတ်၍ ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၉။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားသူသည် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ လျှောက်ထားရမည်။

၁၀။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ သဘောထားမှတ်ချက်နှင့်အတူ ကြီးကြပ်မှုကော်မတီသို့ အဆင့်ဆင့်တင်ပြရမည်။

၁၁။ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်စိစစ်ခွင့်ပြုရေး ဗဟိုအဖွဲ့ကဖြစ်စေ၊ ပုဒ်မ ၈ အရ ဒေသဆိုင်ရာစိစစ်ခွင့်ပြုရေးအဖွဲ့ကဖြစ်စေ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် လက်ဝယ်ထားရှိခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်ပြုကြောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့သို့ အကြောင်းကြားလာပါက သက်ဆိုင်ရာ နေပြည်တော် ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးသည်-

(က) သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အတူ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို လက်မှတ်ရေးထိုး ထုတ်ပေးရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ထုတ်ပေးပြီးလျှင် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူ ကိုင်ဆောင်ခွင့် ရရှိသည့် နယ်ဘက် သေနတ်၊ ခဲယမ်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို သက်ဆိုင်ရာ ရဲစခန်း၊ မြို့နယ်၊ ခရိုင်၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် မှတ်ပုံတင်စာရင်း ရေးသွင်းစေရမည်။

( ဂ ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ကိုင်ဆောင်ရေးအတွက် စစ်ဆေးကြပ်မတ်ရန် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးတို့အား ညွှန်ကြားရမည်။

(ဃ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ပြီးစီးမှုကို ကြီးကြပ်မှုကော်မတီသို့ အဆင့်ဆင့်ပြန်လည်တင်ပြရမည်။

## အခန်း (၅)
## ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း

၁၂။ (က) အများပြည်သူနှင့် ဆိုင်သောနေရာတွင် ဥပဒေနှင့် ဆန့်ကျင်၍ လက်နက်ကိုင်ဆောင် သွားလာသည်ကို တွေ့ရှိလျှင် သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် လက်ဝယ်ထားရှိခြင်း သို့မဟုတ် သယ်ယူခြင်းကို တွေ့ရှိလျှင်သော်လည်းကောင်း ထိုသူကိုဖမ်းဆီးခြင်း၊ လက်နက်၊ လက်နက်နှင့် သက်ဆိုင်သည့်ပစ္စည်းများ သိမ်းဆည်းခြင်းတို့ကို မည်သူမဆို ဆောင်ရွက်နိုင်သည်။

( ခ ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်သူသည်ရဲတပ်ဖွဲ့ဝင် မဟုတ်ပါက ဖမ်းဆီးရမိသူနှင့် လက်နက်၊ လက်နက်နှင့် သက်ဆိုင်သည့် ပစ္စည်းများကို ရဲတပ်ဖွဲ့ဝင် တစ်ဦးဦးထံသို့ဖြစ်စေ၊ အနီးဆုံး ရဲစခန်း သို့မဟုတ် တပ်စခန်းသို့ဖြစ်စေ အမြန်ဆုံးအပ်နှံရမည်။

၁၃။ အများပြည်သူနှင့်ဆိုင်သော နေရာမှအပ အခြားမည်သည့် နေရာတွင်မဆို လက်နက်ကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်မရှိဘဲ သယ်ယူကြောင်း၊ လက်ဝယ်ထားကြောင်း သို့မဟုတ် ကိုင်ဆောင်ကြောင်း သတင်းရရှိပါက-

(က) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးသည် ထိုနေရာကို ဝရမ်းမပါဘဲ ဝင်ရောက်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

( ခ ) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ၎င်းအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသည့် ရဲအရာရှိ တစ်ဦးဦးသည် ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ထိုနေရာကို ဝင်ရောက်ရှာဖွေရန် ရှာဖွေဖမ်းဆီးခွင့်အမိန့် ထုတ်ပေးနိုင်သည်။ ရှာဖွေဖမ်းဆီးခွင့် အမိန့်ဖြင့် ဆောင်ရွက်သည့် ရဲအရာရှိသည် ပြစ်မှုကျူးလွန်သူကို ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်း သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၁၄။ ရဲအရာရှိသည် ပုဒ်မ ၁၃ အရ ဆောင်ရွက်ရာတွင် ဤဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၆)
## တားမြစ်ချက်များ

၁၅။ မည်သူမျှ-

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့တွင် ပါဝင်သည့် လက်နက်တစ်ခုခုကို တစ်ဦးဦးအား ဘေးအန္တရာယ်ဖြစ်စေရန် သို့မဟုတ် ခြောက်လှန့်ရန်ရည်ရွယ်၍ အများပြည်သူနှင့် ဆိုင်သောနေရာတွင် သယ်ယူခြင်း၊ ကိုင်ဆောင်သွားလာခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် ပြသခြင်း မပြုရ။

( ခ ) ပုဒ်မ ၂၊ ပုဒ်မခွဲ (င)နှင့် (စ) တို့တွင်ပါဝင်သည့် သေနတ် သို့မဟုတ် ခဲယမ်းတစ်ခုခုကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ မဟုတ်ဘဲ သယ်ယူခြင်း၊ လက်ဝယ်ထားခြင်း၊ ကိုင်ဆောင်သွားလာခြင်း သို့မဟုတ် အသုံးပြုခြင်းမပြုရ။

( ဂ ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့တွင်ပါဝင်သည့် လက်နက်တစ်ခုခုကို ရောင်းချခြင်း၊ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ မိမိ၏ စီမံကြီးကြပ်မှုအောက်တွင် ထားရှိခြင်း၊ ပြုလုပ်ခြင်း သို့မဟုတ် ဝှက်သိမ်းခြင်းမပြုရ။

၁၆။ မည်သူမျှ ဤဥပဒေနှင့်ဆန့်ကျင်၍ -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင် ပါဝင်သည့် လက်နက်တစ်ခုခုကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်မရှိဘဲ သယ်ယူခြင်း၊ လက်ဝယ်ထားခြင်း၊ ကိုင်ဆောင်ခြင်း သို့မဟုတ် မိမိ၏ စီမံကြီးကြပ်မှုအောက်တွင် ထားရှိခြင်း မပြုရ။

( ခ ) ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင်ပါဝင်သည့် လက်နက်တစ်ခုခုကို ထုတ်လုပ်ခြင်း၊ အသွင်ပြောင်းခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ ရောင်းရန်ကမ်းလှမ်းခြင်း သို့မဟုတ် ရောင်းချရန် ခင်းကျင်းပြသခြင်း မပြုရ။

( ဂ ) ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ (စ)၊ (ဆ)နှင့် (ဇ) တို့တွင် ပါဝင်သည့် လက်နက်တစ်ခုခုကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်မရှိဘဲ ပြည်ပမှဝယ်ယူခြင်း၊ တင်သွင်းခြင်း၊ သယ်ယူခြင်း သို့မဟုတ် ကိုင်ဆောင်ခြင်းနှင့် ပြည်ပသို့ ရောင်းချခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ကိုင်ဆောင်ခြင်း မပြုရ။

၁၇။ မည်သူမျှ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင် ပါဝင်သည့် လက်နက်တစ်ခုခုကို ပုဒ်မ ၁၆ ပါ ပြုမှုမှုတစ်ခုခုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးဦးကရှာဖွေနေစဉ် ရှာဖွေမတွေ့ရှိစေရန် ဝှက်သိမ်းထားခြင်း မပြုရ။

၁၈။ မည်သူမျှ နိုင်ငံတော်ပုန်ကန်မှုကို ကျူးလွန်ရန်အကြံဖြင့် ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင် ပါဝင်သည့် လက်နက်တစ်ခုခုကို သယ်ယူခြင်း၊ လက်ဝယ်ထားခြင်း၊ ကိုင်ဆောင်ခြင်း သို့မဟုတ် မိမိ၏စီမံကြီးကြပ်မှုအောက်တွင်ထားရှိခြင်း မပြုရ။

၁၉။ မည်သူမျှ-

(က) နိုင်ငံတော်ပိုင် လက်နက် သို့မဟုတ် ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်ကိုဖြစ်စေ၊ ခဲယမ်းကို ဖြစ်စေ ခိုးယူခြင်း သို့မဟုတ် ခိုးမှုကျူးလွန်ရန် အားထုတ်ခြင်း မပြုရ။

( ခ ) နိုင်ငံတော်ပိုင် လက်နက် သို့မဟုတ် ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်ကိုဖြစ်စေ၊ ခဲယမ်းကို ဖြစ်စေ ရောင်းချခြင်း သို့မဟုတ် ရောင်းချရန် အားထုတ်ခြင်း မပြုရ။

( ဂ ) နိုင်ငံတော်ပိုင် လက်နက် သို့မဟုတ် ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်ကိုဖြစ်စေ၊ ခဲယမ်းကို ဖြစ်စေ ဤဥပဒေအရ ကိုင်ဆောင်ခွင့်မရှိသော အခြားသူတစ်ဦးအား တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် ပေးအပ်ရန်အားထုတ်ခြင်း မပြုရ။

(ဃ) နိုင်ငံတော်ပိုင် လက်နက် သို့မဟုတ် ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်ကိုဖြစ်စေ၊ ခဲယမ်းကို ဖြစ်စေ လုယူခြင်း သို့မဟုတ် လုယူရန်အားထုတ်ခြင်း မပြုရ။

( င ) နိုင်ငံတော် နစ်နာဆုံးရှုံးစေရန် ကြံရွယ်ချက်ဖြင့် နိုင်ငံတော်ပိုင်လက်နက်ကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း မပြုရ။

၂၀။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် လက်နက်ကိုင်ဆောင်သူ မည်သူမျှ-

(က) လိုင်စင်ဖြစ်စေ၊ ခွင့်ပြုမိန့်ဖြစ်စေ သတ်မှတ်သက်တမ်း ကုန်ဆုံးပြီးနောက် သေနတ်နှင့် ခဲယမ်းများကိုကိုင်ဆောင်ခြင်း သို့မဟုတ် လက်ဝယ်ထားခြင်း မပြုရ။

စာမျက်နှာ ၂၀ သို့

**စာမျက်နှာ ၁၉ မှအဆက်**

(ခ) တာဝန်ရှိသူက စစ်ဆေးရန်တောင်းဆိုသည့်အခါ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်နှင့်အတူ သေနတ်နှင့်ခဲယမ်းတို့ကို ပြသရန်ပျက်ကွက်ခြင်း မရှိစေရ။

(ဂ) နေရပ်မှ ပြောင်းရွှေ့နေထိုင်ပါက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် ဒေသဆိုင်ရာ စိစစ်ခွင့်ပြုရေးအဖွဲ့သို့ သတ်မှတ်ထားသည့်ပုံစံဖြင့် တင်ပြရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၁။ မည်သူမျှ–

(က) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် ကိုင်ဆောင်သည့် လက်နက်ကို စည်းကမ်း ဖောက်ဖျက်ခြင်းကြောင့် ပြန်လည်အပ်နှံရန် ညွှန်ကြားသည့် အခါတွင်ဖြစ်စေ၊ အမိန့်ကြော်ငြာစာတစ်ခုခုအရ အပ်နှံရန် ညွှန်ကြားသည့်အခါတွင်ဖြစ်စေ မိမိလက်ဝယ်ရှိသေနတ်နှင့် ခဲယမ်းများကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်နှင့်အတူ အနီးဆုံးရဲစခန်းသို့ ချက်ချင်းလာရောက်အပ်နှံရမည်။

(ခ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် သက်တမ်းတိုးခြင်းကို ခွင့်မပြုသည့်အခါဖြစ်စေ၊ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ရုပ်သိမ်းသည့်အခါ သို့မဟုတ် ပယ်ဖျက်သည့်အခါဖြစ်စေ မိမိလက်ဝယ်ရှိ သေနတ်နှင့် ခဲယမ်းများကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်နှင့်အတူ အနီးဆုံးရဲစခန်းသို့ ချက်ချင်းလာရောက်အပ်နှံရမည်။

၂၂။ မည်သူမျှ အောက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတင်းမပေးရန် လုံလောက်သော အကြောင်းမရှိလျှင် အနီးဆုံးရဲစခန်း သို့မဟုတ် အုပ်ချုပ်ရေးမှူးတစ်ဦးဦးထံသို့ အမြန်ဆုံးသတင်းပေးရန် ပျက်ကွက်ခြင်း မရှိစေရ–

(က) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သိရှိခြင်း၊

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ) နှင့် (ဇ) တို့တွင် ဖော်ပြထားသည့် လက်နက်တစ်ခုခုကို တွေ့ရှိခြင်း။

## အခန်း(၇)
## ပြစ်ဒဏ်များ

၂၃။ မည်သူမဆို–

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံးခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးငါးနှစ်မှ အများဆုံးဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး သုံးလမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၁။ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၃၂။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ပါက ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် သုံးသိန်းမှ အများဆုံးကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၈)
## သက်ဆိုင်မှုမရှိခြင်း

၃၃။ ဤဥပဒေအရ အရေးယူရာတွင် အောက်ပါတို့နှင့် သက်ဆိုင်ခြင်း မရှိစေရ–

(က) အိမ်သုံး၊ လယ်ယာသုံး၊ စက်မှုလုပ်ငန်းသုံး သို့မဟုတ် အခြားလုပ်ငန်းသုံးအဖြစ် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ) တို့အရ အကျုံးဝင်သောလက်နက်များကို ဤဥပဒေနှင့် မဆန့်ကျင်ဘဲ ကိုင်ဆောင်သွားလာခြင်း သို့မဟုတ် လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း။

(ခ) ပုဒ်မ ၃၉ အရ ကိုင်ဆောင်ခွင့်ပြုသည့် လက်နက်ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ သယ်ယူခြင်း၊ လက်ဝယ်ထားခြင်း၊ ကိုင်ဆောင်ခြင်းနှင့် အသုံးပြုခြင်း။

(ဂ) နိုင်ငံတော်ပိုင် လက်နက်နှင့် နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်ထားသည့် လက်နက်ကို ဥပဒေနှင့်အညီ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ မိမိ၏စီမံကြီးကြပ်မှု အောက်တွင်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်းနှင့် အသုံးပြုခြင်း။

(ဃ) နိုင်ငံတော်ပိုင် လက်နက်များ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ အသွင်ပြောင်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ ထောက်ပံ့ခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်းနှင့် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း။

(င) တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများက နိုင်ငံတော်ပိုင် လက်နက်နှင့် ဤဥပဒေအရ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် ကိုင်ဆောင်ခွင့်ပြုသော လက်နက်ကို ဥပဒေနှင့်အညီ ကိုင်ဆောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ မိမိ၏ စီမံကြီးကြပ်မှုအောက်တွင် ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်းနှင့် အသုံးပြုခြင်း။

(စ) ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် လက်နက်ကိုင်ဆောင်သည့် အဖွဲ့အစည်းများက သော့လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကသော့လည်းကောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက သော့လည်းကောင်း ဤဥပဒေအရ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် ကိုင်ဆောင်ခွင့်ပြုသည့် လက်နက်ကို ဥပဒေနှင့်အညီ ကိုင်ဆောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ မိမိ၏ စီမံကြီးကြပ်မှုအောက်တွင် ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်းနှင့် အသုံးပြုခြင်း။

## အခန်း(၉)
## အထွေထွေ

၃၄။ ပုဒ်မ ၂၃ အရ အရေးယူ ဆောင်ရွက်ရာတွင် တွေ့ရှိသည့် လက်နက်များနှင့် စပ်လျဉ်း၍ အိမ်သုံး သို့မဟုတ် လယ်ယာလုပ်ငန်းသုံး သို့မဟုတ် စက်မှုလက်မှုလုပ်ငန်းသုံး သို့မဟုတ် အခြားလုပ်ငန်းသုံး တစ်ခုခုအတွက်အသုံးပြုရန် ရည်ရွယ်ကြောင်း သို့မဟုတ် ပုဒ်မ ၃၉ အရ ကိုင်ဆောင်ခွင့်ပြုသော လက်နက်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ကိုင်ဆောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် အသုံးပြုခြင်းဖြစ်ကြောင်း သက်သေထင်ရှားပြရန် တာဝန်သည် စွပ်စွဲခံရသူအပေါ်တွင် ကျရောက်စေရမည်။

၃၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၂၆ အရ စွဲဆိုသောပြစ်မှုတွင် နိုင်ငံတော် ပုန်ကန်မှုကျူးလွန်ရန် အကြံမရှိကြောင်း သက်သေထင်ရှားမပြနိုင်သူကို နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်ရန်အကြံရှိသည်ဟု မှတ်ယူရမည်။

၃၆။ ဇီဝလက်နက်၊ ဓာတုလက်နက်နှင့် နျူကလီးယားလက်နက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့် အရေးယူရမည်။

၃၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၈။ ပုဒ်မ ၂၃ အရ တရားစွဲဆိုရာ၌ ခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၃၉။ ပုဒ်မ ၈ အရ ကိုင်ဆောင်ခွင့်ပြုထားသည့် လက်နက်ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်မညီဘဲ ကိုင်ဆောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်း၊ သို့မဟုတ် အသုံးပြုခြင်း ဖြစ်ကြောင်းပေါ်ပေါက်ပါက ဤဥပဒေအရ အရေးယူခြင်းခံရမည်။

၄၀။ တရားရုံးသည် –

(က) ပြစ်မှုနှင့်သက်ဆိုင်သည့် လက်နက်များကို နိုင်ငံ့ဘဏ္ဍာ အဖြစ်သိမ်းဆည်းပြီး သက်ဆိုင်ရာသို့ အပ်နှံစေရမည်။

(ခ) ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၄၁။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းပစ္စည်းကို မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၄၂။ (က) ဤဥပဒေအာဏာမတည်မီက ထုတ်ပေးခဲ့သော လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်နှင့် မှတ်ပုံတင်ခြင်းတို့ကို ဤဥပဒေအရထုတ်ပေးထားသော လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ထုတ်ပေးခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ (က) အရ သေနတ်နှင့် ခဲယမ်းများ ကိုင်ဆောင်သူသည် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် မှတ်ပုံတင်ခြင်းသက်တမ်းကုန်ဆုံးလျှင် ဆက်လက်ကိုင်ဆောင်လိုပါက ဤဥပဒေနှင့်အညီ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်း တို့ကို ဆောင်ရွက်ရမည်။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ကြီးကြပ်မှုကော်မတီနှင့် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် စိစစ်ခွင့်ပြုရေး ဗဟိုအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၄။ ဤဥပဒေဖြင့်–

(က) အောက်ပါအက်ဥပဒေများကို ရုပ်သိမ်းလိုက်သည်–

(၁) The Arms Act(India Act XI,1878)၊

(၂) ၁၉၄၉ ခုနှစ်၊ လက်နက်(အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ)အက်ဥပဒေ၊

(၃) ၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) တချက်လွှတ်ဥပဒေ။

(၄) The Arms (Temporary Amendment) Act (Act LI, 1951) ။

(ခ) The Shan States Arms Order, 1924 အမိန့်ကို ပယ်ဖျက်လိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်–

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန လုပ်ငန်းဆောင်ရွက်မှုရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ



**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(Disaster Management Centre-DMC) လုပ်ငန်းဆောင်ရွက်မှုရှင်းလင်းတင်ပြခြင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် မေ ၁၁**

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(Disaster Management Centre-DMC) လုပ်ငန်းဆောင်ရွက်မှုရှင်းလင်းတင်ပြခြင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက ဆိုင်ကလုန်းမုန်တိုင်း မိုချာ(MOCHA)နှင့်စပ်လျဉ်း၍ မိုးလေဝသ ခန့်မှန်းချက်များအရ မုန်တိုင်းလမ်းကြောင်း၊ မုန်တိုင်းဝင်ရောက်နိုင်သည့် ဒေသအား အနီးစပ်ဆုံးသိရှိရပြီးဖြစ်သဖြင့် အရေးပေါ်အချိန်နှင့် အရေးကြီးအချိန်လုပ်ငန်းများကို တွဲဖက်ဆောင်ရွက်ရမည့် အခြေအနေဖြစ်ကြောင်း၊ DMC အနေဖြင့် ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်မှ မုန်တိုင်းလမ်းကြောင်းကျရောက်နိုင်သည့်မြို့နယ်များတွင် လိုအပ်သည်များအသင့်ပြင်ဆင်ထားရှိမှု၊ရွှေ့ပြောင်းပြီးစီးမှုအချက်အလက်တို့ကို အချိန်နှင့်တစ်ပြေးညီ ပြည့်ပြည့်စုံစုံပြုစုထားရှိရန်လိုကြောင်း၊ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အရေးပေါ်တုံ့ပြန်ရေးကြိုတင်ပြင်ဆင်ထားရှိမှု၊ အရန်ဆန်တန်ချိန်တစ်သောင်းဝယ်ယူ ဖြန့်ခွဲမည့်အခြေအနေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်းချိတ်ဆက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ဆိုင်ကလုန်းမုန်တိုင်း မိုချာ(MOCHA)၏ လက်ရှိအခြေအနေ၊ မုန်တိုင်းဦးတည်ရာလမ်းကြောင်း၊ မုန်တိုင်းပြင်းအားနှင့် မုန်တိုင်းဖြတ်သန်းဝင်ရောက်မည့်အခြေအနေ၊ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့ရှိ မုန်တိုင်းဖြတ်သန်းဝင်ရောက်နိုင်သည့် မြို့နယ်များတွင် လုံခြုံရေးပိုင်းဆိုင်ရာ အသင့်ပြင်ဆင်ထားရှိမှု၊ အရေးပေါ်ဆက်သွယ်ရေးအတွက် ပြင်ဆင်ထားရှိမှု၊ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးအတွက် လူအင်အား၊ ယာဉ်အင်အား၊ စက်ပစ္စည်းကိရိယာအင်အားများ စုဖွဲ့ထားရှိမှု၊ Cyclone Shelter နှင့် ဘေးလွတ်ရာနေရာများသို့ပြောင်းရွှေ့ပြီးစီးမှုနှင့် ဆက်လက်ပြောင်းရွှေ့ရန်စီစဉ်ထားရှိမှု၊ ဆက်သွယ်မှုကောင်းမွန်စေရေး ဆက်သွယ်ရေးစက်နှင့် Satellite Phone များ တပ်ဆင်ထားရှိမှု၊ နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ထားရှိမှု၊ ရခိုင်ပြည်နယ်သို့ ရွှေ့လျားရေသန့်စင်စက်ပေးပို့ပြီးစီးမှု၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ စေလွှတ်ပြီးစီးမှုနှင့် ဆက်လက်စေလွှတ်ရန်စီစဉ်ထားရှိမှု၊ လူနာတင်ယာဉ်နှင့်ဆေးရုံများအသင့်ပြင်ဆင်ထားရှိမှု၊ ဆေးဝါးများနှင့် ရေသန့်ဆေးပြားများ ပို့ဆောင်ထားရှိမှု၊ ဘေလီတံတားနှင့်လူအင်အားစုဖွဲ့ထားရှိမှု၊ ကယ်ဆယ်ရေးပစ္စည်းများ၊မိုးကာတဲများ၊တာပေါ်လင်စများအသင့်ပြင်ဆင်ထားရှိမှုစသည်ဖြင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် DMCအဖွဲ့ဝင်ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားလှယ်က မုန်တိုင်းဒီရေမြင့်တက်လာပါက ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီးတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၁၁**

ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သောအနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း(အကြိုတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၃ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၁၁၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဦးရေ ၅၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှတာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိတပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား၊သင်တန်းသူစုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်နှင့် မြေပြင်အတတ်သင်လေတပ်စခန်းဌာနချုပ်တို့၌ သင်တန်းစခန်း ၁၇ ခုတို့မှ စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အခြေခံလေကြောင်းလူငယ်သင်တန်း(အကြိုတန်းအဆင့်)နှင့်အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဦးရေ ၆၈၀ တို့သည် ယနေ့နံနက်ပိုင်းတွင်



**အလယ်ပိုင်း: တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ၂၀၂၃ ခုနှစ် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းနည်းပြများက လေ့ကျင့်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးစဉ်။**

လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်ရှိ Myanmar Air Force Aeromedical Centre ကိုလေ့လာခြင်း၊ မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်တွင် RC လေယာဉ်၊ရဟတ်ယာဉ်၊ Drone လက်တွေ့မောင်းနှင်ခြင်း၊ RC Simulator မောင်းနှင်ခြင်းနှင့် အခြေခံစစ်ရေးပြလေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

နေ့လယ်ပိုင်းတွင် လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၌ အကြိုတန်းအဆင့်သင်တန်းစခန်းနှစ်ခုမှ ပထမ၊ဒုတိယနှင့်တတိယရရှိသူ သင်တန်းသား ခြောက်ဦး၊ အငယ်တန်းအဆင့်သင်တန်းစခန်း ၁၅ ခုမှ ပထမ၊ဒုတိယဆုရရှိသူ သင်တန်းသားဦးရေ ၃၀ စုစုပေါင်း ၃၆ ဦးတို့ကို Grob-120 TP၊ Y-12 IV လေယာဉ်များနှင့် H-120 ရဟတ်ယာဉ်လိုက်ပါပျံသန်းခြင်းကိုလေယာဉ်မောင်းသင်ကျောင်းမှ နည်းပြများနှင့်အတူ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများ၊အခြေခံလေကြောင်းလူငယ်သင်တန်း (အကြိုတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်)သင်တန်းများလေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းတို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

**နေပြည်တော် မေ ၁၁**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်းအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်နိုင်သည့်အခြေအနေ ရှိနေသဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များအား ဇာတ်တိုက်လေ့ကျင့်ခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်နှင့် ယနေ့တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌လည်းကောင်း၊ မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာရှိ သာယာကုန်းကျောင်းတိုက်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံတပ်၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံတပ်ရင်းများ၌လည်းကောင်း အသီးသီးစုဖွဲ့၍ နယ်မြေခံတပ်မတော်သားများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်မှုများ၊ ပြင်ဆင်စုဖွဲ့မှုများကို ဆောင်ရွက်ကြသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဒေသခံပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အခြားအထောက်အကူပြုပစ္စည်းများ သိုလှောင်ထားရှိခြင်း၊ မုန်တိုင်းဒဏ်ခံကာကွယ်ရေးအဆောက်အအုံ (Cyclone Shelter) များ ပြင်ဆင်ထားရှိခြင်း၊ ရိက္ခာ အမည်ငါးမျိုးနှင့် သောက်သုံးရေ လုံလောက်စွာရရှိရန် ဆောင်ရွက်ထားရှိခြင်းတို့ကို သက်ဆိုင်ရာနယ်မြေအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၀ ရက် နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် တက်ရောက် အမှာစကားပြောကြားပြီး အစည်းအဝေး တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံတပ်၌ ကူညီကယ်ဆယ်ရေးအဖွဲ့များ အသင့်ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ဒေသခံပြည်သူများကို ထောက်ပံ့နိုင်ရေး ကြည့်ရှုစစ်ဆေးစဉ်။

## တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများကို လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက်

၁။ ယနေ့အချိန်ကာလတွင် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများကြောင့် ပြည်သူလူထုအတွင်း၌ လူပုဂ္ဂိုလ်လုံခြုံရေးကို စိုးရိမ်ကြသည့်အတွက် လက်နက်ခဲယမ်းများကို နည်းလမ်းမျိုးစုံဖြင့်ရှာဖွေကာ တရားမဝင်ကိုင်ဆောင်လျက်ရှိကြောင်း ကြားသိနေရပါသည်။ မူလရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်လုံခြုံရေးအတွက်ဖြစ်သော်လည်း လက်နက်ခဲယမ်းများလက်ဝယ်ရှိနေချိန်တွင် လူ၏စိတ်သည် အချိန်မရွေးပြောင်းလဲသွားနိုင်ပြီး တရားမဝင်ကိုင်ဆောင်ထားခြင်းဖြစ်သဖြင့် တစ်ချိန်ချိန်တွင် တလွဲအသုံးပြုမှုများ ဖြစ်ပေါ်လာနိုင်သည့်အပြင် ဥပဒေနှင့်လည်းညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တရားမဝင်လက်နက်ခဲယမ်းကိုင်ဆောင်မှုများ လျော့နည်းပပျောက်စေရေးနှင့် လက်နက်ခဲယမ်းများကို တလွဲအသုံးပြုမှုများ မဖြစ်ပေါ်စေရေးအတွက် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စနစ်တကျ လိုင်စင်ထုတ်ပေးရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင်လျှောက်ထားသည့်အခါ လျှောက်ထားသည့်သေနတ်အား မည်သို့မည်ပုံရရှိသည်ကို စစ်ဆေးမေးမြန်းသွားမည်မဟုတ်ဘဲ လျှောက်ထားလိုသည့် လက်နက်ခဲယမ်းနှင့်တကွ အပ်နှံလျှောက်ထားရမည်ဖြစ်ပါသည်။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားမှုအပေါ် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ သီးခြားထုတ်ပြန်ပေးမည့် သတ်မှတ်ကာလအတွင်း လက်နက်ခဲယမ်းအပ်နှံ၍ လိုင်စင်လျှောက်ထားခြင်းမရှိပါက ဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

ပညာရေးဝန်ကြီးဌာန
"၂၀၂၃-၂၀၂၄ ပညာသင်နှစ်"
ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး
သိရှိလိုက်နာရမည့်အချက်များ

- **မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။**
- **ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။**
- **အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။**
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁-၅-၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၉၅၁၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၈၅၇၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၃၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၂၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၉၀ ကျပ် | ၁၉၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၇၀ ကျပ် | ၂၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၃၀ ကျပ် | ၁၉၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၂၀ ကျပ် | ၂၀၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၉၄ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၈၁ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၂ . ၃၀၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၅၉ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၀ . ၅၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၂ . ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၅၈၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာယဉ်မျိုးသူကို မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၁ - ၅ - ၂၀၂၃

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၅၈ | ၅၇ | ၇၁ | ၁၈၆ |
| ၂ | ကမ္ဘောဒီးယား | ၅၆ | ၄၄ | ၅၅ | ၁၅၅ |
| ၃ | ထိုင်း | ၅၄ | ၃၉ | ၅၈ | ၁၅၁ |
| ၄ | အင်ဒိုနီးရှား | ၄၄ | ၃၄ | ၅၉ | ၁၃၇ |
| ၅ | စင်ကာပူ | ၃၅ | ၂၇ | ၃၃ | ၉၅ |
| ၆ | ဖိလစ်ပိုင် | ၂၇ | ၅၁ | ၆၆ | ၁၄၄ |
| ၇ | မလေးရှား | ၂၅ | ၃၂ | ၅၀ | ၁၀၇ |
| ၈ | မြန်မာ | ၁၄ | ၁၃ | ၃၈ | ၆၅ |
| ၉ | လာအို | ၆ | ၁၄ | ၃၉ | ၅၉ |
| ၁၀ | ဘရူနိုင်း | ၁ | ၁ | ၄ | ၆ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

## မေ ၁၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၈ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၆၈၁၀ ဦး |
| သေဆုံးသူ | ၁၉၄၉၃ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၅၆၃၀ ဦး |

**နေပြည်တော် မေ ၁၁**

မေ ၁၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၀၉၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၈ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန်အချက်များ**

- အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ၊
- ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

- နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(ဧပြီလ၊ ၂၀၂၃)

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၁၁-၅-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ငစိန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၀၀၀ | ၃၈၀၀ | ၂၀၀၀ | ၁၄၇၀၀ | ၁၄၀၀၀ | ၁၈၀၀-၂၀၀၀ | ၅၀၀၀-၆၀၀၀ | ၁၃၅၀ | ၉၃၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၉၅၀၀ | ၁၅၀၀၀-၁၈၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၄၀၀၀ | ၂၅၀၀ | ၂၂၀၀ | ၉၀၀၀-၁၃၀၀၀ | ၁၀၀၀၀-၁၅၀၀၀ | ၂၀၀၀-၂၅၀၀ | ၅၀၀၀-၆၀၀၀ | ၂၅၀၀-၂၈၀၀ | ၁၂၀၀၀ | ၁၀၀၀၀-၁၃၀၀၀ | ၈၀၀၀-၉၅၀၀ | ၂၅၀၀၀-၃၂၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၀၀ |
| ၃ | မန္တလေး | ၅၀၀၀ | ၃၂၀၀ | - | ၁၃၅၀၀ | ၁၄၀၀၀-၁၆၀၀၀ | ၁၈၀၀-၂၄၀၀ | ၆၀၀၀-၇၂၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၈၅၀၀ | ၁၁၀၀၀-၁၃၀၀၀ | ၂၇၀ | ၃၂၀ |
| ၄ | တောင်ကြီး | ၄၄၅၀ | ၂၃၅၀ | ၂၂၀၀ | ၁၁၀၀၀-၁၃၅၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၄၀၀၀ | ၄၅၀၀-၅၀၀၀ | ၁၇၀၀ | ၁၆၀၀၀ | ၁၃၀၀၀-၁၆၀၀၀ | ၈၀၀၀ | ၂၃၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | မော်လမြိုင် | ၄၃၀၀ | ၂၅၀၀ | ၂၃၀၀ | ၁၅၅၀၀-၁၆၀၀၀ | ၁၃၀၀၀ | ၂၁၅၀-၂၃၀၀ | ၇၀၀၀-၇၂၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၈၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၃၀၀ | ၃၅၀-၄၀၀ |
| ၆ | အမ်း | ၄၅၀၀ | ၃၀၀၀ | ၂၅၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၀၀၀ | ၅၀၀၀-၅၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | - | ၂၅၀၀၀-၂၇၀၀၀ | ၃၀၀ | ၃၅၀ |
| ၇ | တောင်ငူ | ၄၆၀၀ | ၂၇၀၀ | ၂၀၀၀ | ၁၃၅၀၀-၁၅၀၀၀ | ၂၃၅၀၀ | ၂၄၀၀ | ၄၀၀၀-၄၆၀၀ | ၂၂၀၀ | ၉၀၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၈၀၀၀ | ၁၀၀၀၀-၁၂၀၀၀ | ၂၅၀ | ၃၀၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။



ဆရာတော်ထံ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း တင်လှူပူဇော်မည့် စိန်ဖူးတော်အား ဆက်ကပ်လှူဒါန်းစဉ်။

# ခိုလမ်မြို့နယ် နားပွဲကျေးရွာရှိ ဒီပါအေးမြရွှေမုဋ္ဌောစေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အလှူတော်မင်္ဂလာကျင်းပ

**နေပြည်တော် မေ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့နယ် နားပွဲကျေးရွာရှိ ဒီပါအေးမြရွှေမုဋ္ဌောစေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး၌ပြုလုပ်ရာ ချမ်းမြေ့ဝုဏ်ဝေပရဟိတသာသနာပြုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ချမ်းမြေ့ဝုဏ်ဝေပရဟိတသာသနာပြုကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့်စေတနာရှင်အလှူရှင်များက ဒီပါအေးမြရွှေမုဋ္ဌောစေတီတော်ကြီးတွင် သွင်းလှူပူဇော်မည့် စေတီလေးပါး၊ ဌာပနာတော်၊ စိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများ၊ အလှူငွေများကို ဆက်ကပ်လှူဒါန်းကြပြီး ခိုလမ်မြို့ သီရိမင်္ဂလာကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာသီရိထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်စေတနာရှင်အလှူရှင်များက ဒီပါအေးမြရွှေမုဋ္ဌောစေတီတော်ကြီးတွင် သွင်းလှူပူဇော်မည့် စေတီလေးပါး၊ ဌာပနာတော်၊ စိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကိုပင့်ဆောင်၍ ရွှေမုဋ္ဌောစေတီတော်ကြီးကို လှည့်လည်ပူဇော်ပြီး ရွှေမုဋ္ဌောစေတီတော်ကြီး တည်ထားကိုးကွယ်မည့် ဌာပနာတိုက်အတွင်းသို့ ဌာပနာတော်မြတ်များကို သွင်းလှူပူဇော်ပြီး ဒီပါအေးမြရွှေမုဋ္ဌောစေတီတော်ကြီးကို ပထမဘုံအဆင့်မှ စတင်ကာ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်မြတ်တို့ကို တင်လှူပူဇော်ကြသည်။

ငင်းနောက် ဗုဒ္ဓါဘိသေကအနေကဇာတင်အလှူတော်မင်္ဂလာကို ဆက်လက်ကျင်းပပြုလုပ်ရာ ချမ်းမြေ့ဝုဏ်ဝေပရဟိတသာသနာပြုကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များက ဒီပါအေးမြ ရွှေမုဋ္ဌောစေတီတော်ကြီးတွင် တည်ထားကိုးကွယ်မည့် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပရိတ်တော်များကို ရွတ်ဖတ်တော်မူကြပြီး တိုင်းမှူးနှင့် စေတနာရှင် အလှူရှင်များက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ရွှေရတနာပုံ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်စုစုပေါင်း အပါး ၆၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အောင်မေတ္တာကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မေ ၁၀ ရက်တွင် အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူဦးရေ ၃၀၀ တို့ကို သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးနှင့်ဆိုင်သောရောဂါ၊အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊မျက်စိရောဂါ၊ဝမ်းပျက်ဝမ်းလျှောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



သံဃာတော်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် ကြည့်ရှုအားပေးစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**နေပြည်တော် မေ ၁၁**

ချင်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



ချင်းပြည်နယ်အတွင်းဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

☆ **မိုခါ(MOCHA)မှ**

ရေမိုင် ၄၅၀ ခန့်၊ ပိုပလဲယား၏ အနောက်ဘက် ရေမိုင် ၂၈၅ မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ တောင်-အနောက်တောင်ဘက်ရေမိုင် ၆၂၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA)၏ လက်ရှိအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်-မြန်မာကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့်အခြေအနေရှိသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA)သည် မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA)အဖြစ်သို့လည်းကောင်း၊ မေ ၁၂ ရက်တွင် မြောက်-အရှေ့မြောက်ဘက်သို့ တဖြည်းဖြည်းကွေ့ကာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA)အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA)သည် မေ ၁၄ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်းနှင့် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းကမ်းခြေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြား စစ်တွေမြို့အနီးမှဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA)၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူမြေပြိုခြင်းများဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြရန်နှင့်ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ချက်များကိုစောင့်ကြည့်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နိုင်ရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# မြိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မြို့ပေါ်ရပ်ကွက်များအတွင်းသို့ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့သေဆုံး



(ဝဲမှယာ) ဒေါ်အိမာမြင့်၊ မောင်ကျော်စံလင်း(သေဆုံး)၊ မောင်ဇော်ဝေယံဦး(ဒဏ်ရာရ)

**နေပြည်တော် မေ ၁၁**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မြို့ပေါ်ရပ်ကွက်များအတွင်းသို့ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်း တစ်ဦးနှင့် ကလေးငယ် တစ်ဦးတို့ သေဆုံးကာ နှစ်လသားအရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး နေအိမ်တစ်လုံးနှင့် စာသင်ကျောင်းတို့ ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် ည ၉ နာရီတွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်များက ကံကြီးကျေးရွာဘက်မှနေ၍ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ မြိုင်မြို့ပေါ်ရှိ အမှတ်(၃)ရပ်ကွက်နေ ဦးညိုသင်း ၅၆ နှစ် (ဘ)ဦးမောင်ကြည်၏ နေအိမ်နှင့် အမှတ်(၁)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများပေါ်သို့ လက်လုပ်ရှော့တိုက်ဒုံးသီးများ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဦးညိုသင်း၏ နေအိမ်အတွင်းရှိနေသည့် ၎င်း၏ညီမဖြစ်သူ မကျီးကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်အိမာမြင့် ၃၀ နှစ်နှင့် သားဖြစ်သူ မောင်ကျော်စံလင်း ခုနစ်နှစ်တို့တွင် ထိခိုက်ဒဏ်ရာများရရှိ၍ အချင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကာ သားငယ်ဖြစ်သူ မောင်ဇော်ဝေယံဦး နှစ်လ (ဘ) ဦးရဲကိုတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်ပြတင်းပေါက်မှန် ၅၂ ချပ်နှင့် မျက်နှာကြက် ၄၅ ချပ်တို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဒဏ်ရာရရှိသူ ကလေးငယ်တစ်ဦးကို ဆေးကုသနိုင်ရေး မြိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်းနှင့် အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ ရပ်ကွက်အတွင်းသို့ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



မြိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မြို့ပေါ်ရပ်ကွက်များအတွင်းသို့ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နေအိမ်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၁**

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရှမ်းစုမြောက်ရပ်ကွက်နေ နိုင်နိုင်(ခ)အာဇစ်သည် ၎င်းအသုံးပြုသည့် "Naing Naing" Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဇဟာကျေးရွာနေ ထွန်းကြွေသည် ၎င်းအသုံးပြုသည့် "Pan Pan" Facebookအကောင့်၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရွှေကြာအင်း(၂)ရပ်ကွက်နေ မြတ်ပွင့်သူ(ခ)သူသူသည် ၎င်းအသုံးပြုသည့် "Thu Thu" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ထင်ပေါ်ဝင်းရပ်ကွက်နေ အောင်ပြည့်မိုး(ခ)လင်းပြည့်သည် ၎င်းအသုံးပြုသည့် "Linn Pyae" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ခုပ်လျန်ထန်သည် ၎င်းအသုံးပြုသည့် "Khup Lian Thang" Face-book အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ကျောက်ကြီးမြို့နယ်၌ အကြမ်းဖက်မှုကိုလိုလားသည့် သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျောက်ကြီး-နတ်သံကွင်း ကားလမ်းရှိ သံပေါင်သစ်သားခင်း တံတားတစ်စင်းကို မီးရှို့ဖျက်ဆီး



ကျောက်ကြီးမြို့နယ်၌ အကြမ်းဖက်မှုကိုလိုလားသည့် သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျောက်ကြီး-နတ်သံကွင်း ကားလမ်းရှိ သံပေါင်သစ်သားခင်း တံတားတစ်စင်းကို မီးရှို့ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မေ ၁၁**

ဒေသအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူမြန်ဆန်စေရေးအတွက် အခြေခံအဆောက်အအုံဖြစ်သည့် လမ်း၊ တံတားများ ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိရာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသူ အကြမ်းဖက်မှုကို လိုလားသည့် လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လမ်း၊ တံတားများကို လက်လုပ်မိုင်း၊ လက်လုပ်ဗုံးများဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့် အဖျက်အမှောင့် လုပ်ရပ်များကို ဆင်ခြင်တုံတရား နည်းပါးစွာဖြင့် ကျူးလွန်ပြုလုပ်လျက်ရှိသည်။

ထိုသို့ အဖျက်အမှောင့် လုပ်ရပ်များ ပြုလုပ်လျက်ရှိရာ မေ ၁၀ ရက် နံနက် ၇ နာရီတွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နောင်ကုန်းကျေးရွာအနီး ကျောက်ကြီး-နတ်သံကွင်း ကားလမ်း မိုင်တိုင်အမှတ် ၁၁ မိုင် ၁ ဖာလုံရှိ သံပေါင်သစ်သားခင်း၊ တံတားအမှတ်(၁/၁၂)၊ စစ်ပင်တံတားအား အကြမ်းဖက်မှုကို လိုလားသည့် သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ပျက်စီးသွားသည့်တံတားကို ပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်လျက် ရှိကြောင်းနှင့် အများပြည်သူ ဖြတ်သန်းသွားလာအသုံးပြုလျက်ရှိသည့် တံတားကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ပဋိညာဉ်အက်ဥပဒေအရ ကိုယ်စားလှယ်လွှဲအပ်သူ၏တာဝန်ရှိမှု

**စိန်လှိုင်ပိုလ်**

လူမှုစီးပွားနယ်ပယ်တွင် လုပ်ငန်းများလုပ်ဆောင်ကြရာ၌ ကိုယ်တိုင်လုပ်ဆောင်ကြသည်များရှိသကဲ့သို့ မိမိကိုယ်စား ကိုယ်စားလှယ်လွှဲအပ်၍ လုပ်ကိုင်စေခြင်းများလည်းရှိသည်။ ကိုယ်စားလှယ်ဖြင့်လုပ်ကိုင်ရာတွင် ဖြစ်ပွားပေါ်ပေါက်လာသော အမှားအယွင်း အမှုအခင်းများနှင့်ပတ်သက်၍ လွှဲအပ်သူ၏တာဝန်ရှိမှုနှင့်ပတ်သက်ပြီး ပဋိညာဉ်အက်ဥပဒေပြဋ္ဌာန်းချက်အကြောင်းကို လမ်းညွှန်ထုံးဖွဲ့ထားသည့် စီရင်ထုံးတစ်ခုကို ရည်ညွှန်းကိုးကား၍ ရေးသားတင်ပြပါဦးမည်။

ရောဝတီတိုင်းတရားရုံး တရားမကြီးမှုအမှတ်-(၁၀/၉၇) တွင် မူလရုံးတရားလို ကျုံပျော်မြို့နယ် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမန်နေဂျာက ကျုံပျော်မြို့ လေးကျွန်းစန္ဒာဆန်စက်ပိုင်ရှင် ဦးပြေအေး (မူလရုံးတရားပြိုင်-၁) နှင့် ၎င်း၏ကိုယ်စားလှယ် ဦးဝင်းနိုင် (မူလရုံးတရားပြိုင်-၂) တို့ကို စပါးများကြိတ်ခွဲရန်အပ်နှံခဲ့ရာ စပါး၊ ဆန်နှင့်ဆန်ထွက်ပစ္စည်း၊ ဂုန်နီအိတ်များ စုစုပေါင်းတန်ဖိုးငွေ ၁၁၂၂၁၆၈၂ ကျပ် ၆၁ ပြား လျော့နည်းနေသဖြင့် လျော်ကြေးရလိုမှုစွဲဆိုခဲ့ရာ **ရောဝတီတိုင်းတရားရုံးက ဦးပြေအေးနှင့် စပ်လျဉ်း၍ အမှုကိုပလပ်ပြီး ဦးဝင်းနိုင်ထံမှ လျော်ကြေးငွေကျပ် ၁၁၁၆၇၀/၆၁ ပြား ရထိုက်ခွင့်ရှိကြောင်း** စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးခဲ့သည်။ ရောဝတီတိုင်းတရားရုံးက-

(၁) တရားလို၏စွဲဆိုမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဖြစ်သည်ဆိုခြင်းမှာ မှန်ပါသလား။

(၂) (၂) တရားပြိုင်သည် ဆန်စက်ပိုင်ရှင်ဖြစ်သူ (၁) တရားပြိုင်၏ ကိုယ်စား တရားလို၏ဌာနနှင့် ဆက်သွယ်ရာတွင် စာချုပ်စာတမ်းများ ကြိုတင်လက်မှတ်ရေးထိုးခြင်း၊ ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ဆန်စက်ကိစ္စအဝဝကို ဆောင်ရွက်ရန် တရားဝင်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သူဆိုသည်မှာ မှန်ပါသလား။

(၃) တရားလိုသည် တရားပြိုင်များ၏ ဆန်စက်ကို ၁၉၉၃ ခုနှစ် ဧပြီ ၇ ရက်စွဲပါစာချုပ်ဖြင့် စပါး ၆၈၆၂၄ တင်းကို အပ်နှံ၍ ကြိတ်ခွဲစေခြင်းတွင် တရားပြိုင်နှစ်ဦးစလုံးနှင့် သက်ဆိုင်သောစာချုပ်ကို ချုပ်ဆို၍ လုပ်ကိုင်ခဲ့ခြင်းဖြစ်ပါသလား၊ သို့မဟုတ် တရားပြိုင်တစ်ဦးဦးနှင့်စာချုပ်ချုပ်ဆို၍ လုပ်ကိုင်ခဲ့ခြင်းဖြစ်ပါသလား။

(၄) တရားလို အပ်နှံကြိတ်ခွဲသော စပါး ၆၈၆၂၄ တင်းတွင် ၃၅၈၈၇ ဒသမ ၅ တင်း၊ တန်ဖိုး (တဝတသတ်မှတ်နှုန်း)ဖြင့် ငွေကျပ် ၁၀၇၆၆၂၅၀ လျော့နည်းမှုနှင့်ပတ်သက်၍ တရားပြိုင်နှစ်ဦးစလုံးတွင် တာဝန်ရှိပါသလား၊ သို့မဟုတ် တရားပြိုင်တစ်ဦးဦးတွင် တာဝန်ရှိပါသလား။

(၅) တရားလိုသည် တရားပြိုင်တို့၏ဆန်စက်၌ စပါး ၆၈၆၂၄ တင်း အပ်နှံကြိတ်ခွဲခြင်းနှင့်ပတ်သက်၍ ဆန်နှင့် ဆန်ထွက်ပစ္စည်းလျော့နည်းမှု ငွေ ၃၄၁၄၅၃ ကျပ် ၈၁ ပြား ဖြစ်ပေါ်ခဲ့ခြင်းနှင့်ပတ်သက်၍ တရားပြိုင်နှစ်ဦးစလုံးတွင် တာဝန်ရှိပါသလား၊ သို့မဟုတ် တရားပြိုင်တစ်ဦးဦးတွင် တာဝန်ရှိပါသလား။

(၆) တရားလိုသည် တရားပြိုင်တို့၏ ဆန်စက်တွင် စပါးကြိတ်ခွဲခြင်းနှင့်ပတ်သက်၍ ဂုန်နီအိတ် ၃၈၁ လုံးလျော့နည်း၍ တန်ဖိုးငွေ ၁၇၅၄၅ ကျပ် ၀၅ ပြားဖြစ်ပေါ်ခဲ့ခြင်းနှင့်ပတ်သက်၍ တရားပြိုင်နှစ်ဦးစလုံးတွင် တာဝန်ရှိပါသလား၊ သို့မဟုတ် တရားပြိုင်တစ်ဦးဦးတွင် တာဝန်ရှိပါသလား။

(၇) စပါးများအပ်နှံကြိတ်ခွဲ၍ စက်ကြိတ်ခကြိုတင်ပေးခြင်းနှင့်ပတ်သက်၍ ရရန်၊ ပေးရန်၊ ခုနှိမ်ရှင်းလင်းပြီးနောက် တရားပြိုင်တို့က တရားလိုဌာနသို့ ငွေ ၄၁၇၇ ကျပ် ၇၅ ပြား ပေးဆပ်ရန်ဆိုသည်မှာ မှန်ပါသလား၊ သို့မဟုတ် တရားပြိုင်တစ်ဦးဦးကသာ ပေးဆပ်ရန်တာဝန်ရှိပါသလား။

(၈) ဆန်စက်ချိပ်ပိတ်ထားစဉ် ဆန်ကွဲနှင့် ဖွဲနုတန်ဖိုးငွေ ၅၄၆၆၀ ကျပ် လျော့နည်းမှုအတွက် တရားပြိုင်နှစ်ဦးစလုံးထံမှ သို့မဟုတ် တစ်ဦးဦးထံမှ ရရန်ရှိသည်ဆိုသည်မှာ မှန်ပါသလား။

(၉) တရားလိုသည် မည်သည့်သက်သာခွင့် ရလိုက်ပါသလဲ။

ငြင်းချက်(၁) ကို ပဏာမကောက်ချက်အဖြစ် သတ်မှတ်ကြားနာပြီး ဤအမှုသည် ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအပိုဒ်-၁၄၉ နှင့်သာသက်ဆိုင်သဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း ဖြေကြားခဲ့သည်။ ကျန်ငြင်းချက်များနှင့် စပ်လျဉ်း၍ နှစ်ဖက်သက်သေခံချက်များရယူပြီးနောက် ငြင်းချက် (၂)(၃) နှင့် စပ်လျဉ်း၍ (၂) တရားပြိုင်သည် ဆန်စက်ပိုင်ရှင်ဖြစ်သူ (၁) တရားပြိုင်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သူဖြစ်သည်ဆိုခြင်းမှာ မှန်ကြောင်းဖြေဆိုခဲ့သည်။ တရားလိုသည် တရားပြိုင်များ၏ဆန်စက်ကို စာချုပ်ဖြင့် စပါးများကို အပ်နှံကြိတ်ခွဲစေခြင်းတွင် တရားပြိုင်နှစ်ဦးစလုံးနှင့် သက်ဆိုင်သောစာချုပ်ကို ချုပ်ဆို၍ လုပ်ကိုင်စေခဲ့ခြင်းသာဖြစ်ကြောင်း ဖြေဆိုခဲ့သည်။

ငြင်းချက် (၄) (၅) (၆) (၇) နှင့် စပ်လျဉ်း၍ ဦးပြေအေးတွင် တာဝန်မရှိဘဲ ဦးဝင်းနိုင်သာတာဝန်ရှိကြောင်း၊ တဝတမှ ထိုအချိန်ကရှိနေသည့် ပြင်ပနှုန်းဖြင့်ညှိ၍ သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ ဦးဝင်းနိုင်သည်သာ တရားလိုသို့ပေးရန် တာဝန်ရှိကြောင်း ဖြေဆိုပြီး ငြင်းချက် (၈)(၉) နှင့်စပ်လျဉ်း၍ ဆန်စက်ချိပ်ပိတ်ထားစဉ် ဆန်ကွဲနှင့် ဖွဲနုလျော့နည်းမှုအတွက် တရားပြိုင်များထံမှ ရရန်ရှိသည်ဆိုတာ မမှန်ကြောင်း၊ တရားလိုဌာနသည် (၂)တရားပြိုင်ထံမှ စွဲဆိုထားသည့် ငွေ ၁၁၂၂၁၆၈၂ ကျပ် ၆၁ ပြားအနက် ချိပ်ပိတ်ထားစဉ် လျော့နည်းသွားသည့် ငွေ ၅၄၆၆၀ ကျပ်ကိုနုတ်၍ ငွေ ၁၁၁၆၇၀၂၂ ကျပ် ၆၁ ပြား ရထိုက်ခွင့်ရှိကြောင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ခဲ့သည်။ ၎င်းစီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် မူလရုံးတရားလို မြို့နယ်မန်နေဂျာက တရားမပထမအယူခံမှုအမှတ် (၂၇၅/၂၀၀၀) ဖြင့်လည်းကောင်း၊ မူလရုံးတရားပြိုင်- ၂ ဦးဝင်းနိုင်က တရားမပထမအယူခံမှုအမှတ် (၂၉၄/၂၀၀၀) ဖြင့်လည်းကောင်း တရားရုံးချုပ်သို့ အယူခံတင်သွင်းခဲ့သည်။



### တရားရုံးချုပ်၏ ဝိဇ္ဇသုံးသပ်ဆုံးဖြတ်ချက်

အမှတ်(၁) တရားပြိုင် ဦးပြေအေးသည် ကျုံပျော်မြို့နယ် ဆန်စက်အမှတ်(၇၂) လေးကျွန်းစန္ဒာဆန်စက်ပိုင်ရှင်ဖြစ်ပြီး ဦးပြေအေးက အမှတ်(၂) တရားပြိုင် ဦးဝင်းနိုင်သည် ယောက်ဖဖြစ်၍ ဆန်စက်ကို တစ်နှစ်ငှားရမ်းခ ငွေကျပ် ၆၀၀၀၀ ဖြင့် ငှားရမ်းလည်ပတ်စေခြင်းဖြစ်ကြောင်း ထုချေသော်လည်း ထိုသို့ငှားရမ်းခြင်းနှင့်စပ်လျဉ်း၍ စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိကြောင်း တရားရုံးချုပ်က ဦးစွာစိစစ်ဖော်ထုတ်ခဲ့သည်။

တရားလိုဘက်မှ သက်သေခံ(ဏ)အရ တင်ပြသည့် ကိုယ်စားလှယ်လွှဲစာတွင် ဦးပြေအေးက ဦးဝင်းနိုင်အား ကျုံပျော်မြို့နယ် သပြေငူအုပ်စု ကွင်းမကျေးရွာရှိ လေးကျွန်းစန္ဒာဆန်စက် (ဆန်စက်အမှတ် ၇၂) နှင့်ပတ်သက်၍ လက်မှတ်ရေးထိုးခြင်း၊ ငွေသွင်း၊ ငွေထုတ်ခြင်းနှင့် ဆန်စက်နှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို မိမိကိုယ်စားလုပ်ဆောင်ရန်အတွက် အထူးကိုယ်စားလှယ်လွှဲအပ်ကြောင်း အစိုးရဘက်နှင့် သက်ဆိုင်ရာအစိုးရဌာနအသီးသီးတို့တွင် မိမိကိုယ်စား ဆောင်ရွက်ရန် အခွင့်အာဏာလွှဲအပ်ကြောင်း ဖော်ပြထားသည်ကို စိစစ်ဖော်ထုတ်ခဲ့သည်။

သက်သေခံ(ဏ) ကိုယ်စားလှယ်လွှဲစာအရဆိုလျှင် ဦးဝင်းနိုင်သည် ဦးပြေအေး၏ကိုယ်စားလှယ်ဖြစ်ကြောင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် ကျုံပျော်မြို့နယ် ကြိတ်ခွဲစက်ပိုင်ရှင် ဦးပြေအေး၏ ကိုယ်စားလှယ် ဦးဝင်းနိုင်တို့သည် ကုန်သွယ်လယ်ယာပိုင်စပါးများကို ကြိတ်ခွဲရန်အတွက် စာချုပ်ချုပ်ဆိုခဲ့ကြကြောင်း၊ အဆိုပါစာချုပ်၌ စပါးကြိတ်ခွဲစက်ပိုင်ရှင်ဆိုရာတွင် ကြိတ်ခွဲစက်ပိုင်ရှင်က တာဝန်လွှဲအပ်ခြင်းခံရသည့် ကိုယ်စားလှယ်ပါဝင်ကြောင်း မှတ်ချက်ပြုဖော်ပြထားကြောင်း သို့ဖြစ်ရာ သက်သေခံအမှတ်(က)စာချုပ်သည် ကုန်သွယ်လယ်ယာနှင့် ဆန်စက်ပိုင်ရှင် ဦးပြေအေးက တာဝန်လွှဲအပ်ခြင်းခံရသည့် ဦးဝင်းနိုင်တို့ချုပ်ဆိုသည့်စာချုပ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ကုန်သွယ်လယ်ယာပိုင်စပါးများကို ဦးဝင်းနိုင်အား အပ်နှံကြိတ်ခွဲရာ စပါး၊ ဆန်၊ ဆန်ထွက်ပစ္စည်း၊ ထုပ်ပိုးပစ္စည်း စုစုပေါင်းတန်ဖိုးငွေ ၁၁၂၂၁၆၈ ကျပ် ၆၁ ပြား လျော့နည်းနေကြောင်း ပေါ်ပေါက်သဖြင့် အဆိုပါကိစ္စအတွက် ဦးဝင်းနိုင်သည် ရောဝတီတိုင်းတရားရုံး ပြစ်မှုကြီးအမှတ် (၁၄/၉၄) ပုသိမ်ခရိုင်တွင် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃ အရ ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသည်ကိုလည်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

တိုင်းတရားရုံးက ကိုယ်စားလှယ်ဖြစ်သူ ဦးဝင်းနိုင်၏ ပြုမူချက်နှင့်စပ်လျဉ်း၍ ဦးပြေအေးတွင် တာဝန်မရှိကြောင်း ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂၁၁ နှင့် ၂၂၄ တို့ကို ကိုးကားသုံးသပ်သည်။ **ပဋိညာဉ်အက်ဥပဒေပုဒ်မ၀၂၁၁ နှင့် ၂၂၄ ပါ ပြဋ္ဌာန်းချက်တို့သည် ကိုယ်စားလှယ်လွှဲသူနှင့် ကိုယ်စားလှယ်တို့ကြား ဖြစ်ပွားသည့်အမှုများနှင့်သက်ဆိုင်သည်၊ ကိုယ်စားလှယ်၏ဆောင်ရွက်မှုကြောင့် အခြားသူတစ်ဦး ဆုံးရှုံးမှုအတွက် ကိုယ်စားလှယ်လွှဲသူတွင် ပြဋ္ဌာန်းထားခြင်းမဟုတ်ကြောင်း၊** ၎င်းပြဋ္ဌာန်းချက်များကို ကိုးကား၍ ကိုယ်စားလှယ်လွှဲသူ ဦးပြေအေးတွင် တာဝန်မရှိဟု တိုင်းတရားရုံး၏ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်းမရှိကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂၂၆ အရ ကိုယ်စားလှယ်မှတစ်ဆင့် ချုပ်ဆိုသော ပဋိညာဉ်များကိုလည်းကောင်း၊ ကိုယ်စားလှယ်ကပြုသော ပြုလုပ်မှုများကိုလည်းကောင်း ကိုယ်စားလှယ်လွှဲသူကိုယ်တိုင်ချုပ်ဆိုသို့မဟုတ် ပြုဘိသကဲ့သို့ ထိုပဋိညာဉ်များအတိုင်း ထို့ပြင် ထိုပြုလုပ်မှုများမှ ပေါ်ပေါက်လာသောတာဝန်များအတိုင်း ဆောင်ရွက်စေနိုင်သည့်အပြင် ဥပဒေအရလည်း ထပ်တူအကျိုးရှိမည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

(၁) တရားပြိုင် ဦးပြေအေးသည် ဆန်စက်ပိုင်ရှင်ဖြစ်၍ (၂) တရားပြိုင် ဦးဝင်းနိုင်သည် ကိုယ်စားလှယ်ဖြစ်သည့်အားလျော်စွာ ကုန်သွယ်လယ်ယာက ဦးဝင်းနိုင်အား အပ်နှံသည့်စပါးများကို ကြိတ်ခွဲရာ၌ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများအတွက် (၁) တရားပြိုင် ဦးပြေအေးမှာ တာဝန်ရှိမည်ဖြစ်ကြောင်း၊ ဦးဝင်းနိုင်က အလွဲသုံးစားပြုခြင်းဖြစ်စေကာမူ ကိုယ်စားလှယ်လွှဲသည့် ဆန်ကြိတ်ခွဲရေးလုပ်ငန်းကို ဆောင်ရွက်ရာမှ ဖြစ်ပေါ်သည့် ဆုံးရှုံးမှုဖြစ်၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂၃၈ ပါ ပြဋ္ဌာန်းချက်အရ ဦးပြေအေးအပေါ် ၎င်းကျူးလွန်ဘိသကဲ့သို့ ထပ်တူထပ်မျှအကျိုးသက်ရောက်မည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

သို့ရာတွင် ဆန်စက်မှ ဆန်ကွဲနှင့် ဖွဲနုများလျော့နည်းခြင်းမှာ စက်ကိုချိပ်ပိတ်ထားစဉ်ကာလအတွင်းဖြစ်သည်။ စက်ကို ၁၉၉၃ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ချိပ်ပိတ်ခဲ့သည်။ ၁၉၉၄ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် စက်ကိုဖွင့်၍ ပြန်လည်စစ်ဆေးရာ ၎င်းကာလအတွင်း ဆန်နှင့် ဖွဲနုများ လျော့နည်းမှုအတွက် တရားပြိုင်များတွင် တာဝန်ရှိသည်ဟု သတ်မှတ်ရန် မသင့်ကြောင်း ချိပ်ပိတ်သည့်ကာလဖြစ်၍ လျော့နည်းမှုများအတွက် တန်ဖိုးငွေ ၅၄၆၆၀ ကျပ်ကို တရားပြိုင်များထံမှ မရထိုက်ကြောင်း၊ စုစုပေါင်းလျော့နည်းသည့်တန်ဖိုးမှ ၎င်းငွေကိုနုတ်လျှင် တရားပြိုင်များ ပေးလျော်ရန်တာဝန်ရှိသောငွေမှာ ၁၁၁၆၇၀၂၂ ကျပ် ၆၁ ပြားသာဖြစ်ကြောင်း ပေါ်ပေါက်သည်ဟု တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

အယူခံနှစ်မှုစလုံးကို တစ်စိတ်တစ်ဒေသ လက်ခံပြီး ရောဝတီတိုင်းတရားရုံးက ဦးပြေအေးနှင့် စပ်လျဉ်းသည့် အမိန့်ကိုပလပ်ပြီး ဦးဝင်းနိုင်ထံမှ လျော်ကြေးငွေ ၁၁၁၆၇၀၂၂ ကျပ် ၆၁ ပြား ရထိုက်ခွင့်ရှိကြောင်း ချမှတ်သည့်စီရင်ချက်နှင့် ဒီကရီအစား **တရားလိုသည် ဦးပြေအေးနှင့် ဦးဝင်းနိုင်တို့နှစ်ဦးထံမှ လျော်ကြေးငွေ ၁၁၁၆၇၀၂၂ ကျပ် ၆၁ ပြားရထိုက်ခွင့်ရှိကြောင်း** စရိတ်နှင့်တကွ အနိုင်ဒီကရီကို ပြင်ဆင်ချမှတ်ပေးလိုက်ပါသည်။ အထက်ပါအမှုသည် ကိုယ်စားလှယ်ကတာဝန်ထမ်းဆောင်၍ ကျူးလွန်သော မတရားမှုအသီးသီးအတွက် ကိုယ်စားလှယ်လွှဲအပ်သူတွင်ပါ တာဝန်ရှိကြောင်း ပဋိညာဉ်အက်ဥပဒေ၏ ပြဋ္ဌာန်းချက်ကို ဖော်ညွှန်းလိုက်ခြင်းဖြစ်သည်။ မြို့နယ်မန်နေဂျာ ကုန်သွယ်လယ်ယာ ကျုံပျော်မြို့ ဦးဝင်းနိုင်နှင့် ဦးပြေအေးပါ-၂ မြို့နယ်မန်နေဂျာ ကုန်သွယ်လယ်ယာ ကျုံပျော်မြို့ပါ (၂) ၂၀၀၀ ပြည့်နှစ် တရားမပထမအယူခံမှုအမှတ်-၂၇၅ နှင့် ၂၉၄ တို့ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု(လှည်းကူး)ဓာတ်ခွဲခန်းများက ယခုနှစ် ဧပြီလအတွင်း ဓာတ်ခွဲစမ်းသပ်မှု ၂၇၉ ခုကို ဆောင်ရွက်ပေးခဲ့



**နေပြည်တော် မေ ၁၁**

ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု(လှည်းကူး) ဓာတ်ခွဲခန်းများက ယခုနှစ် ဧပြီလအတွင်း ဓာတ်ခွဲစမ်းသပ်မှု ၂၇၉ ခုကို ဆောင်ရွက်ပေးခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန သတင်းများအရ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု(လှည်းကူး) ဓာတ်ခွဲခန်းတွင် ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲခန်း၊ ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်း၊ သီးနှံ(ဓာတု)ဓာတ်ခွဲခန်း၊ သီးနှံ(ရူပ)ဓာတ်ခွဲခန်း၊ မှိုဆိပ်ဓာတ်ခွဲခန်း၊ ပိုးမွှားဓာတ်ခွဲခန်း၊ အဏုဇီဝပိုးမွှားဓာတ်ခွဲခန်း၊ မြန်မာ့သဘာဝ ရော်ဘာအရည်အသွေးစမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်းဟူ၍ ဓာတ်ခွဲခန်းရှစ်ခုရှိကြောင်း သိရသည်။

အဆိုပါ ဓာတ်ခွဲခန်းများက ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းဖြင့်တင်ပို့မည့် မြန်မာ့လယ်ယာထွက်ကုန်များကို အဓိက ဓာတ်ခွဲ စမ်းသပ်စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးရာတွင် ယခုနှစ် ဧပြီလအတွင်း ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်းက ဓာတ်ခွဲစမ်းသပ်မှု အခု ၇၀၊ မှိုဆိပ်ဓာတ်ခွဲခန်းက ဓာတ်ခွဲစမ်းသပ်မှုခြောက်ခု၊ ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲခန်းက ဓာတ်ခွဲစမ်းသပ်မှု ၁၈၆ ခုနှင့် သီးနှံ(ဓာတု)ဓာတ်ခွဲခန်းက ဓာတ်ခွဲစမ်းသပ်မှု ၁၅ ခု၊ သီးနှံ (ရူပ)ဓာတ်ခွဲခန်းက ဓာတ်ခွဲစမ်းသပ်မှုနှစ်ခု စုစုပေါင်း ဓာတ်ခွဲစမ်းသပ်မှု ၂၇၉ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု(လှည်းကူး) ဓာတ်ခွဲခန်းများက ပြည်ပပို့ကုန်များကိုဓာတ်ခွဲစမ်းသပ်စစ်ဆေးဆောင်ရွက်ပေးရာတွင် နိုင်ငံတကာဈေးကွက်များက ယုံကြည်လက်ခံနိုင်ရေးအတွက် ဓာတ်ခွဲခန်းများ၏ အရည်အသွေးကို အစဉ်တစိုက်မြှင့်တင်လျက်ရှိကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

SKL

# ရေနံချောင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်

**ရေနံချောင်း မေ ၁၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေစေပြီး အသေးစားကိုယ်ပိုင်လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်ပွဲကို မေ ၁၀ ရက် နံနက်ပိုင်းက ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် တက်ရောက်သင်ယူကြသော သင်တန်းသားများအနေဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေများတိုးပွားလာစေရန်၊ လျှပ်စစ်သံဂဟေဆက်ခြင်း အတတ်ပညာများတွင် လက်တွေ့ကျကျ အသုံးပြုတတ်စေရန်နှင့် ပိုမိုတွင်ကျယ်စွာလုပ်ကိုင်နိုင်ကြစေရန်အတွက် ယခုကဲ့သို့ လျှပ်စစ်သံဂဟေဆက် သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ လျှပ်စစ်သံဂဟေဆက်သင်တန်းတွင် ရှုံးဆိပ်မြောက်ကျေးရွာ၊ ရွာမကျေးရွာ၊ သန်းပင်ကုန်းကျေးရွာတို့မှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် မေ ၁၀ ရက်မှစ၍ ဇွန် ၂ ရက်ထိ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ပြောပြ၍ သိရသည်။

**နေ့ယဉ်**

# ခေတ်မရွေးတဲ့ကဗျာ (၁၈)

**မန်းတင့်မော်**

ယခုရက်ပိုင်းအတွင်း လူအများစိတ်ဝင်စားလျက်ရှိသောသတင်းမှာ မုန်တိုင်းသတင်းဖြစ်သည်။ သက်ဆိုင်ရာသတင်းဌာနများကလည်း မုန်တိုင်းသတင်းကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်သတိပေးလျက်ရှိသည်။ လူနှင့်သဘာဝဘေးအန္တရာယ်တို့က ရင်ဆိုင်ကြုံတွေ့ရစမြဲပင်။ ကြိုတင်ကာကွယ်ခြင်းကိုလည်း ဆောင်ရွက်ရလေ့ရှိသည်။

မုန်တိုင်းဟူသည် ပင်လယ်ပြင်တွင်အစပြု၍ ကုန်းတွင်းသို့ဝင်ရောက်တိုက်ခတ်လေ့ရှိသည်။ မုန်တိုင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လှိုင်းကြီးခြင်းတို့ဖြစ်ပေါ်လေ့ရှိတတ်ပြန်သည်။ ပင်လယ်ပြင်တွင်လှိုင်းကြီးနိုင်ကြောင်း၊ လှိုင်းအမြင့်မည်မျှရှိနိုင်ကြောင်းကိုလည်း ကြေညာလေ့ရှိရာ မုန်တိုင်းနှင့်လှိုင်းက အတူယှဉ်တွဲပါစမြဲပင်။ မြန်မာအဘိဓာန်တွင် လှိုင်း၊ န-၁၊ လေရှိန်ကြောင့်ရေပြင်တွင် ကြွတက်လှုပ်ရှားရိုက်ခတ်သောရေစိုင်။ ၂၊ (သိပ္ပံ)အလင်း၊ အသံစသည်တစ်နေရာမှတစ်နေရာသို့ ဂယက်ရိုက်တုန်ခါသွားရာလမ်းကြောင်း။ လှိုင်းကြီး၊ ကြိ၊ လှိုင်းပြင်းထန်စွာထကြွလှုပ်ရှားသည်။ လှိုင်းကြက်ခွပ်၊ လှိုင်းကျက်ခွပ်၊ န၊ ရင်ဆိုင်ဖြစ်ပေါ်သောလှိုင်းများ။ လှိုင်းခေါင်းဖြူ၊ လှိုင်းဝေါင်းဗျူ၊ န၊ ထိပ်တွင်ဖြူဖွေးသော ရေဖွားများပေါ်အောင်မြင့်တက်သည့်လှိုင်း။ လှိုင်းထ၊ ကြိ၊ လှိုင်းလှုပ်ရှားမှုပြင်းထန်သည်။ လှိုင်းအိ၊ န၊ ညင်သာစွာလှုပ်ရှားသောလှိုင်းဟူ၍ ရေလှိုင်းဆိုင်ရာများကို အသီးသီးဖွင့်ဆိုထားသည်။ မြန်မာစကားပုံတွင် "လှိုင်းကြီးလေ့အောက်၊ တောင်ကြီးဖဝါးအောက်"ဟူ၍လည်းရှိသည်။ ၎င်းစကားပုံကို "အခက်အခဲဟူသမျှတို့ကား ပညာရှင်တို့၏ခြေ့မှောက်သို့ရောက်လျှင် ပျောက်ပြယ်ကုန်ကြရစမြဲပင်တည်း" ဟူ၍ ဖွင့်ဆိုထားသည်။

လှိုင်းမှန်လျှင် ရေကအခြေခံသည်။ ရေပြင်ကိုလေဆင်လိုက်သော် လှိုင်းဖြစ်တော့သည်။ လေ၏အပြင်းအပျော့၊ အဖိအဖော့တို့ပေါ် မူတည်၍ လှိုင်းကအကြီးအငယ်၊ အနိမ့်အမြင့်ကွာခြားသွားသည်။ လူ့ဘဝတွင် ကြုံရလေ့ရှိပြီး လူတိုင်းရင်ဆိုင်ကြရသော လောကဓံတရားကို လောကဓံမုန်တိုင်း သို့မဟုတ် လောကဓံလှိုင်းဟူ၍လည်း တင်စားပြောဆိုလေ့ရှိကြပါသေးသည်။ ထို့အတူ လူ့ဘဝခရီးရှည်တွင် မည်သို့သောလှိုင်းနှင့်ကြုံတွေ့ရမည်ကို မသိနိုင်ကြပေ။ လူမှုရေးလှိုင်းလည်းဖြစ်နိုင်သည်။ စီးပွားရေးလှိုင်းဆိုသော်မှား။ ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံရေးစသော လှိုင်းအသွယ်သွယ်ကလည်း အမှန်တကယ်ရှိနေပါသေးသည်။ ဆိုင်ရာဆိုင်ရာလှိုင်းတို့၏ အရွယ်အစားနှင့် အနေအထားတို့ကလည်း တစ်ဦးနှင့်တစ်ဦးတူညီမှု မရှိနိုင်ကြပါ။ ဘုံတူညီသောလှိုင်းအမျိုးအစားကလည်း ရှိနေနိုင်ပါသေးသည်။ ကဗျာဆရာတက္ကသိုလ်မင်းမော် ရေးဖွဲ့ခဲ့သော "လှိုင်း"အမည်ရှိကဗျာကို-

"သူငယ်ချင်း. . .
လှိုင်းတို့မည်သည်
ကြီးသည်ငယ်သည်
မြင့်သည်နိမ့်သည်၊ စသည်စသည်
အတည်တကျ၊ ပြောမရလည်း. . ."ဟူ၍ စတင်ရေးဖွဲ့ပါသည်။

အပြောကျယ်သည့်ပင်လယ်သမုဒ္ဒရာ ဘယ်ကစသနည်း။ ဘယ်မှာအဆုံးသတ်သနည်း။ ကမ်းမမြင်လမ်းမမြင်ဟူသည် ပင်လယ်ထဲတွင် ခရီးသွားဖူးသူတိုင်း သိရသည့်အနေအထားမျိုးဖြစ်သည်။ သာမန်လူများ မသိနိုင်သောပင်လယ်၏အကြောင်းကို ပညာရှင်များက ရှာဖွေခဲ့၊ ရှာဖွေဆဲ၊ ရှာဖွေနေကြရပါလိမ့်ဦးမည်။ မာယာများသော ပင်လယ်ဟူ၍လည်း ပြောဆိုလေ့ရှိကြသည်။ မြန်မာတို့က မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ ပေါင်းဆုံလာ၍ ပင်လယ်သမုဒ္ဒရာဖြစ်တည်လာသည် ဟူသောစကားကိုလည်း အမှတ်ရလျက်ရှိသည်။ ပင်လယ်ပျော် စင်ရော်ငှက်ကလေးက တရားဓမ္မပြောဆိုပြဆိုသည်ဟု တင်စားလျက်ရေးဖွဲ့ခဲ့သော "ယောနသံ စင်ရော်"စာအုပ်မှာ ကမ္ဘာကျော်စာအုပ်တစ်အုပ်အဖြစ် မှတ်သားမိသည်။ "ပင်လယ်ပြာနှင့် တံငါအို"အမည်ရှိ ဘာသာပြန်စာအုပ်ကို မြန်မာစာဖတ်ပရိသတ်တို့ ရင်းနှီးပြီးဖြစ်သည်။ နိုဘယ်ဆုရ အမေရိကန်စာရေးဆရာကြီး အားနက်(စ)ဟဲမင်းဝေး၏ လက်ရာဖြစ်ပြီး ခေတ်အဆက်ဆက် ဆင့်ကမ်းခဲ့ကြသော ဝတ္ထုရှည်ကြီးဖြစ်သည်။ ပင်လယ်၏သဘောသဘာဝကို အတန်အသင့် ရင်းနှီးကျွမ်းဝင်စေသော အရေးအသားများ ပါဝင်လျက်ရှိသည်။ မရေရာသော ပင်လယ်၏သဘောကို ကဗျာဆရာက ဆက်လက်၍-

"ပင်လယ်သမုဒ္ဒရာ
ဘယ်နေရာက၊ လာသည် မလာသည်
စသည်စသည်
အတည်တကျ၊ ပြောမရလည်း. . ."ဟူ၍ တိုတို ရေးဖွဲ့သည်။ အဖွဲ့တိုသော်လည်း အတွေးပိုနိုင်သော ကဗျာတစ်စဖြစ်သည်။

ပင်လယ်နှင့်လှိုင်းက ခွဲခြား၍မရစကောင်း။ လှိုင်းကြောင့်ပင်လယ်၊ ပင်လယ်ကြောင့်လှိုင်း "ဂျာအေးသူ့အမေရိုက်"သလို ချာလပတ်လည်သွားနိုင်သည်။ ပင်လယ်ကြီးဘယ်လောက်ကျယ်ကျယ် အနားသတ်ကမ်းစပ်ရှိစမြဲဟူသောစကားကိုလည်း ကြားဖူးသည်။ အဆိုတော်မေဆွိ၏ အလွန်ကျော်ကြားအောင်မြင်ခဲ့သော တေးတစ်ပုဒ်၏အမည်မှာ "ကမ်းစပ်နဲ့ရေလှိုင်း" ဟူ၍ဖြစ်သည်။ "လှိုင်း"အမည်ရှိ အဖြူအမည်းရုပ်ရှင်ကားနှင့် နှစ်ခါပြန်ရိုက်ကူးတင်ဆက်ခဲ့သော "မေတ္တာရေလှိုင်း"ရုပ်ရှင်ဇာတ်ကားများကိုလည်း သတိရမိပါသေးသည်။ လှိုင်းများကမ်းစပ်သို့ အပြေးလာချိန်တွင် လှိုင်းထိပ်တွင် လှိုင်းခေါင်းဖြူများက ဖုံးအုပ်ပါစမြဲ။ ရေမြှုပ်ဟုလည်းဆိုနိုင်ပါ၏။ ကွယ်လွန်သူ စွယ်စုံရအနုပညာရှင် ဝင်းဦးကတော့ ငွေလှိုင်းဇာပေါ်မှာဟု လှလှပပတင်စားလျက် ဝတ္ထုနှင့်ရုပ်ရှင်ကို ရေးဖွဲ့ရိုက်ကူးတင်ပြခဲ့ရာ နှစ်မျိုးစလုံး အောင်မြင်ခဲ့ကြောင်း မှတ်မိနေပါသည်။

ပင်လယ်ရှိလျှင် လှိုင်းရှိရန်သေချာသကဲ့သို့ လှိုင်းတွင်လည်း ရေမြှုပ်ထိပ်အုပ်ပါစမြဲပင်။ မြစ်ဝကျွန်းပေါ်သား ဂန္ထဝင်ကဗျာစာဆိုကြီး ဆရာဇော်ဂျီ၏ "ဗေဒါလမ်း"ကဗျာများတွင် ချောင်းလှိုင်း၊ မြစ်လှိုင်း၊ ပင်လယ်လှိုင်းနှင့် ဒီရေလှိုင်းစသော လှိုင်းအဖုံဖုံကို တွေ့ကြုံရသော ပန်းဗေဒါ၏အလှ၊ ဘဝ၊ အားမာန်နှင့်ဇွဲသတ္တိတို့ကို တွေ့ကြရမည်ဖြစ်သည်။ ထို့အတူ လှိုင်း၏သဘာဝကို ကဗျာဆရာက-

"လှိုင်းဟူသမျှ
ဘယ်ကလာလာ
လာသမျှလှိုင်းမှာ၊ ရေမြှုပ်ပါ၏။
လှိုင်းနှင့်ရေမြှုပ်
ကမ်းကိုပုတ်လျှင်
ရေမြှုပ်လည်းကြေ၊ လှိုင်းလည်းသေ၏။"ဟု စပ်ဆိုလိုက်ပြန်ပါသည်။

ကမ်းစပ်ရောက်လှိုင်းတို့၏ သဘာဝကကြေပျက်ပျောက်ကွယ်သည်သာ။ ပင်လယ်ထဲက လှိုင်းလုံးကြီးက ကမ်းစပ်အရောက်တွင် ရေစက်ရေမှုန်များအဖြစ်သာ အဆုံးသတ်စမြဲဖြစ်သည်။ ပင်လယ်ထဲတွင် လှိုင်းများ၏အစွမ်းကတော့ အံ့မခန်းပင်။ ထို့အတူ ဒီရေအကျတွင် ကမ်းစပ်ရှိအရာအားလုံးကို ပင်လယ်တွင်းသို့ဆွဲယူသွားသည်သာ။ ရန်သူမျိုးငါးပါးစာရင်းဝင် ရေ၏အကျိုးမဲ့ဖျက်ဆီးပုံများကလည်း များလှထွေထွေဟုဆိုရမည်။ ဝေးဝေးဟုမဆိုနိုင်သော နာဂစ်မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုကပင် မမေ့နိုင်သေးသောအဖြစ်တစ်ခုဟု မှတ်မှတ်ထင်ထင်ရှိနေဆဲ။

လူသားတို့၏အစွမ်းသတ္တိများကလည်း ပင်လယ်ကဲ့သို့ ဆုံးစမမြင် ကျယ်ဝန်းလှပေသည်။ အပြောကျယ်သောပင်လယ်ကို ဖြတ်ကူးနိုင်ကြသည့် လှေသင်္ဘောများကို တီထွင်ခဲ့ကြသည်။ ပင်လယ်ရေအောက်မှေကာနောက်ဖို့ ရေငုပ်သင်္ဘောကိုစမ်းသပ်ခဲ့သည်။ အသုံးချခဲ့သည်။ ရှိုင်းသောပင်လယ်ကို ယဉ်စေခဲ့သည်။ ပင်လယ်ထဲက အပင်ရိက္ခာနှင့် ငါး၊ ပုစွန်ရိက္ခာတို့ကို လူတို့စားရန် ထုတ်လုပ်ခဲ့၊ ထုတ်လုပ်ဆဲ၊ ထုတ်လုပ်နေကြဦးမည်မှာလည်း သေချာသည်။ သို့သော် ပင်လယ်ကို အမှိုက်ပုံးသဖွယ် သဘောထားလျက် စွန့်ပစ်ပစ္စည်းမှန်သမျှကို အတိုင်းအဆမဲ့စွာ စွန့်ပစ်နေမှုများကလည်း လျော့သည်မရှိ။ တိုးသည်ထက် တိုးကာလာလျက်ရှိရာ သတိပြုဆင်ခြင်ဖွယ်ဖြစ်သည်။

ပင်လယ်တွင် လှိုင်းစီးရသည်မှာ နှစ်သက်ဖွယ်၊ စိတ်လှုပ်ရှားဖွယ်ကောင်းသည်။ ရေမကူးတတ်သူအတွက် ကြောက်လန့်ဖွယ်လည်းဖြစ်သည်။ ခန္ဓာကိုယ်ကြံ့ခိုင်ရန်လိုသလို စိတ်ဓာတ်ခိုင်မာရန်လည်း လိုအပ်သည်။ ထို့အတူ လောကဓံလှိုင်းစီးကြရသူတိုင်း ခံနိုင်ရည်ရှိရန်လိုသည်။ သည်းခံတတ်ရန်လိုသည်။ စိတ်ဓာတ်ထားတတ်ရန်လိုသည်။ ဆက်ဆံရေးကောင်းရန်လိုသည်။ အမြင့်ရောက်သော် ဘဝင်မမြင့်ဘဲ နိမ့်ကျလျှင်လည်း စိတ်ကျမသွားရန် ထိန်းတတ်ရန် လိုပါလိမ့်မည်။ လောကဓံလှိုင်းအပုတ်တွင် ရေမြှုပ်ကဲ့သို့ အလွယ်တကူပျောက်ကွယ်မသွားရန် အရေးကြီးလှကြောင်းကို ကဗျာ၏နိဂုံးပိုင်းတွင်-

"သူငယ်ချင်း
ပင်လယ်လှိုင်းကို
စီးမည်ဆိုလျှင်
ကိုယ်ခံပညာ၊ တတ်ထားပါမှ
ဒါမှမဟုတ်
လှိုင်းအပုတ်မှာ
ရေမြှုပ်လိုဖြစ်သွားမယ် သူငယ်ချင်း။ ။"ဟူ၍ သတိပေးရင်းအဆုံးသတ်လိုက်ပါသည်။ တက္ကသိုလ်မင်းမော်၏ "လှိုင်း"ကဗျာမှာ လှိုင်းကိုပုံပြု လူ့ဘဝကို မီးမောင်းထိုးပြနိုင်သော ခေတ်မရွေးကာလ ဒေသမရွေးသော ကဗျာတစ်ပုဒ်ဟုဆိုနိုင်ပါကြောင်း။

**ကိုးကား**

– **တက္ကသိုလ်မင်းမော် သူငယ်ချင်းကဗျာပေါင်းချုပ်**

## မင်းကင်းမြို့နယ် ညောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းကင်း မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို မေ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လွင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဇော်လွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၂၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ညောင်ကုန်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၈ ဦးကို ပဉ္စမအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် ၆၂၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးသူ**



# စနေနေ့ညမှာကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက အိမ်ကွင်းရလဒ်ပိုင်းကောင်းမွန်နေတဲ့ မန်ယူ၊ ဝုဖ်ဘတ်၊ ဆိုစီဒက်အသင်းတို့ကို ရွေးချယ်ရမှာပါ

M L




ပြီးခဲ့တဲ့တစ်ပတ်စနေနေ့ည အမှတ်ပေးပွဲစဉ်တွေမှာတော့ ပရီးမီးယားလိဂ်က အသင်းကြီးတွေနဲ့ စီးရီးအေကအသင်းကြီးတွေ ရလဒ်ကောင်းခဲ့တာကိုတွေ့ရမှာပါ။ ဘွန်ဒက်လီဂါမှာတော့ လေဗာကူဆင်နဲ့ ဖရန့်ဖတ်အသင်းတို့ ရှုံးပွဲတွေ့ခဲ့ပေမဲ့ ဖလားထိပ်ဦးဆောင်နေတဲ့ ဘိုင်ယန်မြူးနစ်ကတော့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ကြားရက်မှာတော့ ဥရောပပြိုင်ပွဲတွေ ဆီမီးဖိုင်နယ်အဆင့်ကစားခဲ့တာကြောင့် အသင်းကြီးတချို့နဲ့ အသင်းငယ်တွေ အနားရခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် ကလပ်အသင်းအများစုဟာ ကြံ့ခိုင်မှုပြည့်ဝနေမှာသေချာပါတယ်။ လာမဲ့စနေနေ့ညမှာတော့ အိမ်ကွင်းကစားပုံတည်ငြိမ်ပြီး ရမှတ်လိုအပ်ချက်ရှိနေတဲ့အသင်းတွေကိုပဲ အဓိကထား ရွေးချယ်သွားမှာဖြစ်ပါတယ်။

### မန်ယူအသင်းအနိုင်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ မန်ယူအသင်းနဲ့ ဝုဗ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်ယူအသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ကြိုးစားနေပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းနှစ်ပွဲဆက် ရှုံးပွဲကြုံခဲ့တာကြောင့် အခုပွဲစဉ်ကို အနိုင်ရမှပဲ ဥရောပဝင်ခွင့်ရဖို့သေချာမှာပါ။ သူတို့အသင်းဟာ ပွဲစဉ် ၃၄ ပွဲကစားအပြီးမှာ ရမှတ် ၆၃ မှတ်ပဲရရှိခဲ့ပြီး အဆင့်(၄)မှာရောက်ရှိနေပေမဲ့ အဆင့်(၅)က လီဗာပူး၊ အဆင့်(၆)စပါးတို့နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာဖြစ်ပါတယ်။ ဒါ့ပြင် အဆင့်(၃)က နယူးကာဆယ်နဲ့လဲ ရမှတ်နှစ်မှတ်ပဲကွာဟတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ စက်တင်ဘာလနောက်ပိုင်းကစလို့ အိမ်ကွင်းပွဲစဉ်တွေမှာ ရှုံးပွဲမရှိခဲ့သလို ပွဲတိုင်းရရှိခဲ့တာကိုသတိပြုရမှာပါ။ သူတို့အသင်းဟာ အခုရာသီ အိမ်ကွင်းပွဲစဉ် ၁၆ ပွဲမှာ ၁၂ ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့ပြီး အိမ်ကွင်းကစားအားကောင်းတဲ့အသင်းအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ လက်ရှိမှာ မာတီနက်ဇ်၊ ဗာရာနီတို့အပါအဝင် ကစားသမားခြောက်ယောက်ထိဒဏ်ရာရနေပေမဲ့ ကစားသမားစုဖွဲ့မှုကောင်းပြီး အိမ်ကွင်းကစားပုံထက်မြက်တဲ့ သူတို့အသင်းအတွက် အခက်အခဲမရှိနိုင်ပါဘူး။

ဝုဗ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပရီးမီးယားလိဂ်ငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်း အနိုင်ရခဲ့တာကလဲ အိမ်ကွင်းပွဲစဉ်တွေဖြစ်သလို ကျန်အဝေးကွင်းနှစ်ပွဲကိုတော့ ရှုံးပွဲကြုံခဲ့တာကိုတွေ့ရမှာပါ။ အဲဒီအဝေးကွင်းပွဲစဉ်တွေမှာတော့ ခံစစ်ပိုင်းကပေးဂိုးရှစ်ဂိုးထိရှိခဲ့ပြီး တိုက်စစ်က တစ်ဂိုးပဲသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးဇယားမှာလဲ ၃၅ ပွဲကစားအပြီး ရမှတ် ၄၀ ရရှိခဲ့တာကြောင့် အဆင့်(၁၃)နဲ့ တန်းဆင်းဇုန်က လွတ်မြောက်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းတိုက်စစ်ကို ကော်စတာ၊ ကန်ဟာတို့ဦးဆောင်နေပေမဲ့ အဓိက သွင်းဂိုးတွေကိုတော့ ကွင်းလယ်ကစားသမားနက်ဗက်က သွင်းယူခဲ့ပြီး ခြောက်ဂိုးထိသွင်းယူနိုင်ခဲ့တာပါတယ်။ နည်းပြလိုပက်တီဂူအနေနဲ့ အခုပွဲစဉ်ကို ခံစစ်အသားပေးကစားလာမယ်ဆိုရင် မန်ယူအသင်းရဲ့ ရက်ရှက်ဖို့ဒ်၊ အန်တိုနီ၊ မာရှယ်တို့ရဲ့တိုက်စစ်အတွဲကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်ဘဲ ရှုံးပွဲကြုံဖို့များပါတယ်။ ဒါ့ပြင် မန်ယူအသင်းအတွက် အခုပွဲစဉ်ဟာအရေးကြီးပွဲစဉ်ဖြစ်သလို ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အဆုံးအဖြတ်ပေးနိုင်တာကြောင့် အိမ်ရှင်အားသာချက်နဲ့ ကစားပုံကောင်းနေတဲ့ မန်ယူအသင်းပဲ အနိုင်ရမှာပါ။

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၀ | - | ၀ | မန်ယူ |
| စပါး | ၂ | - | ၂ | မန်ယူ |
| မန်ယူ | ၁ | - | ၀ | အေဗီလာ |
| ဘရိုက်တန် | ၁ | - | ၀ | မန်ယူ |
| ဝက်စ်ဟမ်း | ၁ | - | ၀ | မန်ယူ |

**ဝုဗ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဗ် | ၂ | - | ၀ | ဘရန့်ဖို့ဒ် |
| လက်စတာ | ၂ | - | ၁ | ဝုဗ် |
| ဝုဗ် | ၂ | - | ၀ | ပဲလေ့စ် |
| ဘရိုက်တန် | ၆ | - | ၀ | ဝုဗ် |
| ဝုဗ် | ၁ | - | ၀ | အေဗီလာ |

### ဝုဖ်ဘတ်အသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဝုဖ်ဘတ်အသင်းနဲ့ ဟော်ဖန်ဟိမ်းအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝုဖ်ဘတ်အသင်းဟာ ပြီးခဲ့တဲ့ ဒေါ့မွန်အသင်းနဲ့ပွဲစဉ်မှာ ခြောက်ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် အခုပွဲစဉ်ကို ရလဒ်ကောင်းအောင်ပြင်ဆင်လာမှာသေချာပါတယ်။ သူတို့အသင်းဟာ တိုက်စစ်ကောင်းတဲ့ ဒေါ့မွန်အသင်းကို တိုက်စစ်ဖွင့်ကစားခဲ့တာကြောင့် သွင်းဂိုးတွေဆက်တိုက်ခွင့်ပြုခဲ့ရပြီး ပြိုင်ဘက်ရဲ့ ထိန်းချုပ်တာခံခဲ့ရတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ဒေါ့မွန်ပွဲကအမှားကို ပြန်လည်ပြင်ဆင်ပြီး အိမ်ကွင်းပွဲစဉ်မှာ မဖြစ်မနေ အနိုင်သုံးမှတ်ရဖို့ အစွမ်းကုန်ပြင်ဆင်လာမှာသေချာပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ အိမ်ကွင်း ၁၅ ပွဲမှာ သုံးပွဲပဲရှုံးခဲ့ပြီး နောက်ဆုံး အိမ်ကွင်းငါးပွဲဆက် ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါ့ပြင် အသင်းခံစစ်ပိုင်းကလဲ ဂိုးမပေးရတဲ့ပွဲစဉ် ၁၂ ပွဲထိရယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိမှာတော့ တိုက်စစ်မှူး ဂျိုးနက်ဝင်း၊ ဝင်မာနဲ့ ကွင်းလယ်က ဂါဟက်ဒ်တို့က ခြေစွမ်းပြနေပြီး ဂျိုးနက်ဝင်းနဲ့ ဂါဟတ်ဒ်က ခြောက်ဂိုးထိသွင်းယူထားတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ကစားသမားသုံးယောက်ဒဏ်ရာရနေပေမဲ့ အဓိက ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်လို့ ကစားအားကျဆင်းသွားမှာမဟုတ်ပါဘူး။

ဟော်ဖန်ဟိမ်းအသင်းဟာ အခုရာသီမှာ ရလဒ်ပိုင်းကျဆင်းခဲ့တာကြောင့် အမှတ်ပေးပွဲ ၃၁ ပွဲအပြီးမှာ ကိုးပွဲနိုင်၊ ငါးပွဲသရေ၊ ၁၇ ပွဲရှုံးနဲ့ ရမှတ် ၃၂ မှတ်ပဲရရှိခဲ့လို့ အဆင့်(၁၄)ကို ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ တန်းဆင်းဇုန်အဆင့်(၁၇)က စတုဂတ်နဲ့ အဆင့်(၁၈)က ဘိုချမ်အသင်းတို့နဲ့တော့ ရမှတ်လေးမှတ်ကွာဟနေတာကြောင့် တန်းဆင်းဇုန်ဖိအားရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ပိုင်းနှစ်တွေမှာ ငွေကြေးသုံးစွဲမှုမရှိဘဲ ခြေစွမ်းပြကစားသမားမခေါ်နိုင်ခဲ့တာကြောင့် ရလဒ်ကျဆင်းခဲ့ရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြမာတာရာဇိုလက်ထက်မှာ အသင်းခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိခဲ့ဘဲ နောက်ပိုင်းမှာ နည်းစနစ်ပိုင်းအပြောင်းလဲပြုလုပ်ခဲ့တာကြောင့် ရမှတ်စုဆောင်းနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ တိုက်စစ်ထက်မြက်တဲ့ဘိုင်ယန်မြူးနစ်၊ လိုက်ပ်ဇစ်တို့နဲ့တွေ့ချိန်မှာနိုင်ပွဲမရခဲ့ဘဲ ပြီးခဲ့တဲ့ဖရန့်ဖတ်အသင်းနဲ့ပွဲစဉ်မှပဲ နိုင်ပွဲပြန်ရခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်ပိုင်းကျဆင်းသွားတာကြောင့် အဝေးကွင်း ၁၅ ပွဲမှာ ကိုးပွဲထိရှုံးခဲ့ပြီး ၂၅ ဂိုး ပေးခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းတိုက်စစ်ကိုတော့ ကာမာရစ်က သွင်းဂိုး ၁၀ ဂိုးနဲ့ဦးဆောင်နေပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် ဝုဖ်ဘတ်ရဲ့ တိုက်စစ်အတွဲကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မယ်မထင်ပါဘူး။ ဒါ့ပြင် ဝုဖ်ဘတ်ကလဲ အခုပွဲစဉ်ကိုနိုင်ပွဲရှာပြီး ဥရောပဝင်ခွင့်မျှော်လင့်ချက်ပြန်လည်အသက်သွင်းလာနိုင်တာကြောင့် အိမ်ကွင်းကစားပုံကောင်းနေတဲ့ ဝုဖ်ဘတ်အသင်းကိုပဲ အားပေးရမှာပါ။

**ဝုဖ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | ၂ | - | ၀ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၀ | - | ၀ | လေဗာကူဆင် |
| ဘိုချမ် | ၁ | - | ၅ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၃ | - | ၀ | မိန့်ဇ် |
| ဒေါ့မွန် | ၆ | - | ၀ | ဝုဖ်ဘတ် |

**ဟော်ဖန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၂ | - | ၀ | ရှော်လ်ကေး |
| ဘိုင်ယန်မြူးနစ် | ၁ | - | ၁ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၁ | - | ၃ | ကိုလုံး |
| လိုက်ပ်ဇစ် | ၁ | - | ၀ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၃ | - | ၁ | ဖရန့်ဖတ် |

### ဆိုစီဒက်အသင်းရလဒ်ကောင်းမှာပါ

စနေနေ့မှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆိုစီဒက်အသင်းနဲ့ ဂျီရိုနာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ကြိုးပမ်းနေတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းရရှိခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ ရီးရဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ပွဲချိန် ၄၇ မိနစ်နဲ့ ၈၅ မိနစ်တို့မှာ ဦးဆောင်ဂိုးရခဲ့ပြီး နိုင်ပွဲရခဲ့တာကို သတိပြုရမှာပါ။ လက်ရှိမှာ ကူဘိုက သွင်းဂိုး ရှစ်ဂိုး ၊ ဆိုးလော့ ၁၀ ဂိုးသွင်းထားပြီး ဆိုးလော့ကတော့ အိမ်ကွင်းပွဲစဉ်တွေမှာ ပုံမှန်ဂိုးသွင်းနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၃၃ ပွဲအပြီးမှာ ရမှတ် ၆၁ မှတ် နဲ့ အဆင့်(၄)မှာရောက်နေပေမဲ့ အဆင့်(၅)က ဗီလာရီးရဲလ်နဲ့ ရမှတ်ခုနစ်မှတ်ထိ ကွာဟနေတာကြောင့် အခုပွဲစဉ်ကိုအနိုင်ရမှာပဲ ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာလဲ ဆိုစီဒက်အသင်းက ရှုံးပွဲမရှိခဲ့တာကိုတွေ့ရမှာပါ။

ဂျီရိုနာအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်လာတာကြောင့် ပြီးခဲ့တဲ့ငါးပွဲဆက်မှာ လေးပွဲနိုင်၊ တစ်ပွဲပဲရှုံးခဲ့တာဖြစ်ပါတယ်။ အဲဒီငါးပွဲမှာလဲ အိမ်ကွင်းသုံးပွဲစလုံးနိုင်ပွဲရခဲ့ပြီး အဝေးကွင်းနှစ်ပွဲမှာ တစ်ပွဲပဲရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပွဲစဉ်မှာ ဆီဗီလာကို နှစ်ဂိုးပြတ်အနိုင်ရခဲ့တဲ့ခြေစွမ်းပိုင်းကလဲ ကောင်းမွန်နေတာဖြစ်ပါတယ်။ ဒါပေမဲ့သူတို့အသင်းဟာ အဝေးကွင်းပွဲစဉ်တွေမှာ ပုံစံကောင်းပျောက်ဆုံးလေ့ရှိပြီး အခုရာသီအမှတ်ပေးပြိုင်ပွဲ အဝေးကွင်း ၁၆ ပွဲမှာ ရှစ်ပွဲရှုံးခဲ့တာကိုတွေ့ရမှာပါ။ အထူးသဖြင့် ခံစစ်အသားပေးကစားတဲ့အသင်းတွေနဲ့ဆို ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရတာကိုတွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းဟာ ရမှတ် ၄၇ မှတ်နဲ့ အဆင့်(၇)မှာရောက်ရှိနေတာကြောင့် ဥရောပကစားခွင့်မျှော်လင့်ချက်ရှိနေပေမဲ့ ဆိုစီဒက်လို အိမ်ကွင်းခံစစ်တည်ငြိမ်ပြီး ကစားသမားစုဖွဲ့မှုသာလွန်တဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့ မဖြစ်နိုင်ပါဘူး။ ဒါ့ကြောင့် ထိပ်တိုက်တွေ့ဆုံမှုနဲ့ အသင်းလိုက်ကစားအားကောင်းနေတဲ့ ဆိုစီဒက်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၂ | - | ၀ | ဆိုစီဒက် |
| ဆိုစီဒက် | ၂ | - | ၁ | ဗယ်လ်ကာနို |
| ဘက်တစ် | ၀ | - | ၀ | ဆိုစီဒက် |
| အိုဆာဆူနာ | ၀ | - | ၂ | ဆိုစီဒက် |
| ဆိုစီဒက် | ၂ | - | ၀ | ရီးရဲလ်မက်ဒရစ် |

**ဂျီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၂ | - | ၀ | အယ်ချီ |
| ဗယ်လာဒိုးလစ် | ၁ | - | ၀ | ဂျီရိုနာ |
| ဂျီရိုနာ | ၄ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| ဆီဗီလာ | ၀ | - | ၂ | ဂျီရိုနာ |
| ဂျီရိုနာ | ၂ | - | ၁ | မာယော့ကာ |

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၃)
## (၂၀၂၃ ခုနှစ် မေလ ၉ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၁၀-၅-၂၀၂၃ ရက်မှ ၂၄-၅-၂၀၂၃ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအားထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊
၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈

ရန်ကုန် ဖုန်း - ၀၉-၄၂၅၃၅၃၃၉၇၊ ၀၉-၄၀၃၇၀၃၅၉၉

မန္တလေး ဖုန်း - ၀၉-၆၈၃၂၅၉၇၇၄၊ ၀၉-၄၀၁၆၀၅၀၇၁

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလအတွင်း မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၄၀၀ ဖိုး ဆောင်ရွက်နိုင်ခဲ့




**နေပြည်တော် မေ ၁၁**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၄၀၀ ဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူထံမှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၄၀၀ ဖိုး ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးတွင် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်နှင့် ထီးခီးကုန်သွယ်ရေးစခန်းတို့က ကုန်သွယ်မှုအများဆုံး ပြုလုပ်ထားကြောင်း သိရသည်။

"၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလအတွင်းမှာ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းအသီးသီးနဲ့ ထိုင်းနိုင်ငံတို့ကြား ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဖိုး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်အနေနဲ့ အမေရိကန်ဒေါ်လာ သန်း ၁၂၀၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းအနေနဲ့ အမေရိကန်ဒေါ်လာသန်း ၁၀၀၊ အခြားနယ်စပ်ကုန်သွယ်ရေးစခန်းတွေအနေနဲ့ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ဖိုး ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ဒေါ်ချိုသက်မူက ပြောပြသည်။

မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးမှ မြန်မာ့လယ်ယာထွက်ကုန်များဖြစ်သည့် ပြောင်း၊ ရော်ဘာ၊ ငရုတ်၊ ပဲ၊ အာလူး၊ ကြက်သွန်နှင့် ရေထွက်ကုန်ဖြစ်သည့် ငါး၊ ပုစွန်၊ ကဏန်းများကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေပြီး ထိုင်းနိုင်ငံမှ CMP အထည်အလိပ်၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်း၊ စိုက်ပျိုးရေးသုံးနှင့် စက်ရုံသုံးကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးကုန်ပစ္စည်း၊ စက်နှင့် စက်အပိုပစ္စည်း၊ စားသောက်ကုန် အစရှိသည်တို့ကို အများဆုံး တင်သွင်းနေကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ကာ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ASH

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓေယျဗွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

We Protect The Family

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ ဇာပေါ်င်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် ဇာဆောင်းမှုအသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၁၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၁၉×၂၀ကြား၊ ၈၉×၉၀ ကြား၊ အကွက်(၁၀၀) နေ မောင်စည်သူစိုး (ဘ) ဦးတင်ဦး (၉/အမဇ(နိုင်) ၀၃၇၄၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-998715) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။၀၉-၇၉၇၄၆၈၅၀၃

## ပျောက်ဆုံးကြောင်း

ကျွန်မ မသီတာခိုင် (ဘ) ဦးသန်းဆင့် (၉/ခအဇ(နိုင်)၀၅၁၅၂၄) ကျီကုန်းရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းနေသူ၏နိုင်ငံကူးလက်မှတ် အမှတ် (ME-503418) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၈၂၁၂၅၃၃

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)နေ မစန်းစန်းအေး (ဘ) ဦးရန်ရှောက်စန်း (၉/ပဥလ(နိုင်)၀၀၃၉၉၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-662 207) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၀၀၂၆၀၉၅

## ပျောက်ဆုံးကြောင်း

ရမည်းသင်းမြို့နယ်၊ ရေဦးရွာနေ သက်ဆွေဦး (ဘ) ဦးဝင်းတင့် (၉/ရမသ(နိုင်)၁၆၀၇၅၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-758245) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၈၉၈၇၈၂


ခြင်ဆေးခွေသုံးလျှင် သတိယှဉ်
အောက်တွင်ခံခွက် မမေ့နှင့်


## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၄လမ်း၊ ၁၁၁×၁၁၂ ကြား၊ ယ၃/၁၆၀ နေ ကိုဝင်းမောင်မောင် (ဘ) ဦးဘငွေ (၉/မကန(နိုင်)၀၉၄၇၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-796748) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၄၀၂၈၁၈၀

## ပျောက်ဆုံးကြောင်း

ကျောက်ကုန်းမြို့နေ ဝင်းဝင်းချစ် (ဘ) ဦးအောင်ကြည် (၁၄/ကကန(နိုင်)၁၄၅၈၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-868737)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၀၁၃၉၇၆၁


မီး
သတိပြု


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်နေ ဦးညိုအေး (၅/ကဘလ(နိုင်)၀၉၆၅၆၄)နှင့် ဒေါ်ကြည်မြင့် (ခ) ဒေါ်ဒါဘီယာ (၅/ကဘလ(နိုင်) ၀၉၆၇၉၆)တို့၏ သားဖြစ်သူ **မောင်စော်မင်းလင်း(ခ)ကာစင် (၉/ပကခ(နိုင်) ၀၂၈၉၀၂)** သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စများ ဆောင်ရွက်နေသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်ငင်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအား မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မည်သို့မှပတ်သက်စပ်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးညိုအေး-ဒေါ်ကြည်မြင့်**

---

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြားငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ မည်သည့်အစိုးရ၊ မည်သည့်ခေတ်ပင်ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူ **Guardian** အနေဖြင့် တည်ရှိနေမည်ဖြစ်...


**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

---

## ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း နောက် ၁၂ နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်

**နေပြည်တော် မေ ၁၁**

ယနေ့ညနေ ၅ နာရီအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း(**Cyclonic Storm**) မိုခါ(**MOCHA**)သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၄၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၅၅ မိုင်ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၅၇၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ နီကိုးဘားကျွန်း၏ အနောက်-အနောက်မြောက်ဘက်




**စာမျက်နှာ ၂၄ ကော်လံ ၄ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊NUG၊PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက လက်နက်ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ - ၁၈

**PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ခြင်း**

စာမျက်နှာ - ၁၉

**သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး**

စာမျက်နှာ - ၂၂

